# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


### အလွန်ကဲဆုံးချမ်းသာ

အနာရောဂါကင်းခြင်းသည် အလွန်ကဲဆုံး လာဘ်တည်း။ ရောင့်ရဲမှုသည် အလွန်ကဲဆုံး ဥစ္စာတည်း။ ချစ်ကျွမ်းဝင်သူသည် အလွန်ကဲဆုံး ဆွေမျိုးတည်း။ နိဗ္ဗာန်သည် အလွန်ကဲဆုံး ချမ်းသာတည်း။

သုခဝဂ်(ဓမ္မပဒ-၂၀၄)


၁၃၈၅ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၂ ရက် | ၂၀၂၄ ခုနှစ်၊ မတ် ၂၆ ရက်၊ အင်္ဂါနေ့ | အတွဲ (၆၃)၊ အမှတ်(၁၇၈)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနေစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေး အမှတ်စဉ်(၃/၂၀၂၄)တွင် အမှာစကားပြောကြားစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေး အမှတ်စဉ်(၃/၂၀၂၄)သို့ တက်ရောက်အမှာစကားပြောကြား

## ပြည်တွင်းထုတ်ကုန်များ တိုးမြှင့်ပို့ဆောင်နိုင်ရေးနှင့် လိုအပ်သည့်ကုန်ပစ္စည်းများတင်သွင်းနိုင်ရေး နယ်စပ်ကုန်သွယ်ရေးကို တိုးမြှင့်ခဲ့

နေပြည်တော် မတ် ၂၅

ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေး အမှတ်စဉ်(၃/၂၀၂၄)ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားသည်။

*စာမျက်နှာ ၃ ကော်လံ ၁* ❐

**ယနေ့** *မာ တိ ကာ*



ကြိုတင်ကာကွယ်နိုင်ခဲ့ခြင်းနှင့် ဆောလျင်စွာ ပြန်လည်ထူထောင်ပေးနိုင်ခြင်းတို့ဖြင့် မိုခါကိုဖြတ်ကျော်ခဲ့သည့် ရသေ့တောင်မြို့နယ်

ဆောင်းပါး | စာ ၆



မန်းရွှေစက်တော်ဘုရားပွဲသို့ လှည်းယဉ်များဖြင့် ဘုရားဖူးသွားကြသည့် မင်းလှကျင်းကျေးရွာသားများ၏ ချစ်စရာဓလေ့

သတင်းဆောင်းပါး | စာ ၁၇

## အမျိုးသားရေးရည်မှန်းချက်များ ပြည့်မြောက်အောင်မြင်ရေး အားသွန်ကြိုးပမ်း

မိမိတို့နိုင်ငံတွင် စိုက်ပျိုးမွေးမြူရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးနှင့် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်း (MSME) များ ဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်းဆောင်ရွက်မှုများ အောင်မြင်မှသာ နိုင်ငံတော်၏ အမျိုးသားရေးရည်မှန်းချက် (၂) ရပ်ဖြစ်သည့် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေး ရည်မှန်းချက်များ ပြည့်မြောက်အောင်မြင်နိုင်မည်ဖြစ်သည်။ နိုင်ငံ့ စီးပွားရေးတွင် အခြေခံအကျဆုံးဖြစ်သော စိုက်ပျိုးရေးကဏ္ဍ တိုးတက်မြင့်မားရေးအတွက် သီးနှံအလိုက် တစ်ဧကပန်းတိုင် အထွက်နှုန်းပြည့်မီရေး၊ သီးထပ်စွမ်းအားမြှင့်တင်ရေး တွန်းအား ပေးဆောင်ရွက်ခဲ့သလို မွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးရေးအတွက်လည်း နိုင်ငံတော်က အားပေးဆောင်ရွက်ခဲ့သည်။

"ယခုကဲ့သို့ ဘက်ပေါင်းစုံမှ ကြိုးပမ်းဆောင်ရွက်ပေးနေသော်လည်း အကြမ်းဖက်လုပ်ရပ်များကြောင့် လမ်းပန်းဆက်သွယ်ရေး ပြတ်တောက်မှုများ၊ ကုန်ထုတ်လုပ်မှုနှင့် ကုန်စည်စီးဆင်းမှုများကို အဟန့်အတားဖြစ်စေမှုများနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ခြင်းမရှိသည့်အတွက် ရည်မှန်းထားသလောက် အောင်မြင်မှုမရှိသေးသည်ကိုလည်း တွေ့ရမည်ဖြစ်ကြောင်း" နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က အမျိုးသားစီမံကိန်းကော်မရှင် (၁/၂၀၂၄) အစည်းအဝေး အမှာစကားပြောကြားရာတွင် ထည့်သွင်းပြောကြားခဲ့သည်။ နိုင်ငံကို တာဝန်ယူထားရသည့် အစိုးရတစ်ရပ်အနေဖြင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သော လမ်းပန်းဆက်သွယ်ရေး၊ သယ်ယူပို့ဆောင်ရေး၊ လျှပ်စစ်ဓာတ်အားရရှိရေး၊ ရေရရှိရေး၊ ကျေးရွာချင်းဆက်လမ်းများ၊ ကျေးလက်ကုန်ထုတ်လုပ်ငန်းများနှင့် ရာသီမရွေးသွားလာနိုင်သည့် လမ်းများရရှိရေးအတွက် တစ်နိုင်ငံလုံးတွင် ကြိုးပမ်းဆောင်ရွက် ပေးလျက်ရှိပြီး စိုက်ပျိုးမွေးမြူကုန်ထုတ်လုပ်ငန်းများ တိုးတက်ရေးနှင့် MSME လုပ်ငန်းများ အားပေးမြှင့်တင်ရေး တို့ကိုလည်း ဆောင်ရွက်ပေးခဲ့သည်။

သို့ရာတွင် ပါပဓာတ်အားကြီးနေသည့် မိမိတို့နိုင်ငံတွင် အပြုထက် အဖျက်က ရှေ့မှပြေးနေပြီး ရထားလမ်း၊ ကားလမ်းများ၊ မြစ်ကူးချောင်းကူးတံတားများ၊ ဆက်သွယ်ရေးတာဝါတိုင်များ၊ ဓာတ်အားလိုင်းများ စသည့်အခြေခံအဆောက်အအုံများစွာတို့ အကြိမ်ကြိမ်ဖောက်ခွဲဖျက်ဆီးခံရသည်။ လက်နက်ကိုင်အကြမ်းဖက်တို့ လှုပ်ရှားရာဒေသတို့တွင် ကုန်စည်စီးဆင်းမှုတို့ မချောမွေ့။ လက်နက်ကိုင်အဖွဲ့များစွာ၊ ဂိတ်များစွာရှိသော လမ်းများတွင် အစစ်အဆေး၊ အကောက်အခံကလည်း များစွာရှိနေရာ ကုန်စည် သယ်ယူပို့ဆောင်မှုအတွက် ကြီးမြင့်လာသည့် စရိတ်၏ဒဏ်ကို စားသုံးသူပြည်သူတို့ကသာ ခံကြရသည်။ နယ်မြေတည်ငြိမ်အေးချမ်းမှုကင်းမဲ့ခြင်း၊ လမ်းပန်းဆက်သွယ်ရေးနှင့် ကုန်စည်စီးဆင်းမှုတို့ လုံခြုံချောမွေ့မှုမရှိခြင်းတို့က ကုန်ထုတ်လုပ်မှုကဏ္ဍကိုရော ကုန်စည်ကူးသန်းရောင်းဝယ်မှုကဏ္ဍကိုပါ များစွာ ထိခိုက်စေသည်။

ပြီးခဲ့သည့်ကာလအတွင်း စိုက်ပျိုးထုတ်လုပ်မှုများ ထိခိုက်ခဲ့ပြီး မွေးမြူရေးနှင့်ပတ်သက်၍လည်း တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် လျော့နည်းကျဆင်းခဲ့ရာ ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေး အမှတ်စဉ် (၃/၂၀၂၄) တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က "စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ တိုးတက်မှသာ စက်မှုလုပ်ငန်းများနှင့် MSME လုပ်ငန်းများ တိုးတက်လာမည်ဖြစ်ကြောင်း၊ MSME လုပ်ငန်းများကို ဆောင်ရွက်ရာတွင် ပြည်တွင်းလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရုံသာမကဘဲ ပြည်ပနိုင်ငံများသို့ပါ တင်ပို့နိုင်သည့် အရည်အသွေးပြည့်မီသော အဆင့်မီထုတ်ကုန်များအဖြစ် ထုတ်လုပ်နိုင်သည်အထိ ဆောင်ရွက်ကြရန်လိုကြောင်း" တိုက်တွန်းမှာကြားခဲ့ရာ နိုင်ငံစီးပွားဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်သူ့လူမှုစီးပွားဘဝမြင့်မားရေးတို့အတွက် တာဝန်ရှိသူအားလုံး၊ သက်ဆိုင်သူအားလုံးက ကျရာကဏ္ဍများအလိုက် အားသွန်ကြိုးပမ်းစွမ်းဆောင်ကြရပါမည့်အကြောင်း။ ။

## (၇၉) နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်များ

(က) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသော ဒို့တာဝန်အရေး(၃)ပါးကို တပ်မတော်၏အမျိုးသားရေးမူဝါဒအဖြစ် အမြဲဦးထိပ်ပန်ဆင်ပြီး နိုင်ငံတော်အတွက် အသက်ပေးကာကွယ်စောင့်ရှောက်ရေး။

(ခ) နိုင်ငံတော်၏ အမျိုးသားရေးရည်မှန်းချက်(၂)ရပ်ဖြစ်သည့် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးလုပ်ငန်းစဉ်များတွင် နိုင်ငံတော်အစိုးရ၊ တိုင်းရင်းသားပြည်သူလူထုတို့နှင့်အတူ တပ်မတော်သားများအနေဖြင့် ကျရာအခန်းကဏ္ဍများမှ တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

(ဂ) အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သည့် ခေတ်မီမျိုးချစ်တပ်မတော် တည်ဆောက်ရာတွင် လေ့လာ၊ လေ့ကျင့်၊ လိုက်နာ ဆိုသည့် တပ်မတော်၏ လုပ်ငန်းစဉ်များနှင့်အညီ စွမ်းရည်(၃)ရပ် တိုးတက်မြင့်မားအောင် အစဉ်တစိုက် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

(ဃ) နိုင်ငံတော်၏ ပကတိလိုအပ်ချက်ဖြစ်သည့် တည်ငြိမ်အေးချမ်းရေး၊ စည်းလုံးညီညွတ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကြီး ပေါ်ထွန်းလာစေရေးအတွက် လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပနိုင်ရေး တပ်မတော်က လိုအပ်သည်များ ကူညီဆောင်ရွက်ပေးရေး။

## ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်း ပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့ရန်တို့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌရုံး (နေပြည်တော်)
- (၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉-၂၅၅၀၀၂၅၀၁

(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)
- (၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉-၂၅၅၀၀၂၅၀၂

(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
- (၁) ၀၇၁-၂၀၃၂၀၉၁၊ ၀၇၁-၂၀၃၂၀၉၂
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉-၂၅၅၀၀၂၅၀၇

(ဃ) ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
- (၁) ၀၅၉-၂၀၂၄၀၃၇၊ ၀၅၉-၂၀၂၄၀၃၈
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉-၂၅၅၀၀၂၅၀၈

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
- (၁) ၀၅၂-၂၂၀၁၉၃၉၊ ၀၅၂-၂၂၀၁၉၄၉
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉-၂၅၅၀၀၂၅၀၉

(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
- (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃-၂၀၂၈၈၇၉
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉-၂၅၅၀၀၂၅၁၀

(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
- (၁) ၀၂-၄၀၂၁၂၄၅၊ ၀၂-၄၀၂၁၂၄၆
- (၂) မိုဘိုင်းဖုန်းမှ စာတိုပို့ဝန်ဆောင်မှု (SMS) ၀၉-၂၅၅၀၀၂၅၁၁

(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
- (၁) ၀၅၇ -၂၀၂၇၉၃၅၊ ၀၅၇-၂၀၂၇၉၃၆
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉-၂၅၅၀၀၂၅၁၂

(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
- (၁) ၀၉-၂၅၅၀၀၂၅၁၇၊ ၀၉-၂၅၅၀၀၂၅၁၈
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉-၂၅၅၀၀၂၅၁၃

(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
- (၁) ၀၁-၈၃၀၀၀၁၆၊ ၀၁-၈၃၀၀၀၁၇
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉-၂၅၅၀၀၂၅၁၄

(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
- (၁) ၀၈၁-၂၁၂၄၅၄၀၊ ၀၈၁-၂၁၂၄၉၉၅
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉-၂၅၅၀၀၂၅၁၅

(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)
- (၁) ၀၄၂-၂၀၂၅၉၉၃၊ ၀၄၂-၂၀၂၅၉၉၄
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉-၂၅၅၀၀၂၅၁၆

၂။ စုံစမ်းမေးမြန်းခြင်း၊ သတင်းပို့ခြင်းမဟုတ်ဘဲ အနှောင့်အယှက်ပေး ဆက်သွယ်လာသည့် တယ်လီဖုန်းနံပါတ်များကို မှတ်တမ်းတင်ကာ ယင်းဖုန်းဆင်းကတ်များကို ပိတ်သိမ်းသွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့

## ကြို့ပင်ကောက်မြို့နယ် ဘုကြီးကျေးရွာတွင် ပြည်သူ့စစ်မှုထမ်းဥပဒေအကြောင်း အသိပညာပေး

**ကြို့ပင်ကောက် မတ် ၂၅**

ပဲခူးတိုင်းဒေသကြီး ကြို့ပင်ကောက်မြို့နယ် ဘုကြီးကျေးရွာအုပ်စု ဘုကြီးကျေးရွာ ဘုန်းတော်ကြီးကျောင်းတွင် ပြည်သူ့စစ်မှုထမ်း ဥပဒေနှင့်ပတ်သက်၍ အသိပညာပေး ဟောပြောပွဲကို မတ် ၂၅ ရက်က ကျင်းပသည်။

ဟောပြောပွဲတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဇင်မင်းဌေးက စစ်မှုထမ်းရမည့် အသက်အရွယ်၊ ပြည်သူ့စစ်မှုထမ်းရန် အချိန်ကာလတို့ကို ရှင်းလင်း၍ ပြည်သူ့စစ်မှုထမ်း ဥပဒေနှင့်ပတ်သက်၍ သတင်းတု၊ သတင်းမှားကောလာဟလများအား မယုံကြည်ကြရန် ပြောကြားပြီး မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင် (၁)နှင့် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဝင်းသိန်းမှ လက်ရှိဖြစ်ပေါ်နေသော ဒေသအခြေအနေများကို ရှင်းလင်းပြောကြားသည်။ **ဇေယျာထွန်း (ကြို့ပင်ကောက်)**

| ဘင်္ဂလား ပင်လယ်အော် အခြေအနေ | နေပြည်တော် မတ် ၂၅<br>ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အနည်းငယ်မှ တိမ်အသင့်အတင့်ဖြစ်ထွန်းနေသည်။ **မိုး/ဇလ** |
|---|---|

## မိုင်းယောင်းမြို့နယ် ဟွေဖကျေးရွာ၌ ပြည်သူ့စစ်မှုထမ်းဥပဒေဆိုင်ရာ အသိပညာပေးဆွေးနွေး

**မိုင်းယောင်း မတ် ၂၅**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းယောင်းမြို့နယ်၌ ပြည်သူ့စစ်မှုထမ်းဥပဒေဆိုင်ရာ အသိပညာပေးဆွေးနွေးခြင်းကို ယမန်နေ့က ဟွေဖအုပ်စု ဟွေဖကျေးရွာ၌ ကွင်းဆင်းဆောင်ရွက်သည်။

မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးသက်ဆွေက ပြည်သူ့စစ်မှုထမ်းဥပဒေအကြောင်း သိကောင်းစရာများကို ရှင်းလင်းဆွေးနွေးပြီး ဟွေဖကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် ကျေးရွာတာဝန်ခံများက သိရှိလိုသည်များကို မေးမြန်းရာ မြို့နယ်ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူးက ပြန်လည်ရှင်းလင်းဆွေးနွေးသည်။

**ထွန်းမြင့်လှိုင်(ပြန်/ဆက်)**

## ❖ စိုက်ပျိုးမွေးမြူရေးထုတ်ကုန်များရှိမှသာ စက်ရုံ၊ အလုပ်ရုံများလည်ပတ်နိုင်ပြီး ဘဏ်လုပ်ငန်းများနှင့် ဝန်ဆောင်မှုလုပ်ငန်းများပါ လည်ပတ်နိုင်မည်၊ ထို့ကြောင့် မိမိတို့နိုင်ငံတွင် အခြေခံရှိပြီးဖြစ်သည့် စိုက်ပျိုးမွေးမြူရေးကဏ္ဍကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကိုဆောင်ရွက်နိုင်ရေး တွန်းအားပေးဆောင်ရွက်နေခြင်းဖြစ်၊ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုစွမ်းအားများ မြင့်တက်လာမှသာ နိုင်ငံ၏ GDP လည်း တိုးတက်လာမည်

❒ *ရွှေ့ဖုံးမှ*

အစည်းအဝေးသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ပြည်ထောင်စုဝန်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်ဝန်ကြီးချုပ်များက Video Conferencing ဖြင့် တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် အမျိုးသားစီမံကိန်းကော်မရှင် အစည်းအဝေးအမှတ်စဉ် (၁/၂၀၂၄)နှင့် ဘဏ္ဍာရေးဆိုင်ရာကော်မရှင် အစည်းအဝေးအမှတ်စဉ်(၁/၂၀၂၄) တို့ကို ယခင်အပတ်ကပြုလုပ်ခဲ့ပြီးဖြစ်ကြောင်း၊ ပြီးခဲ့သည့်ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ခဲ့သည့်လုပ်ငန်းများကို ပြန်လည်သုံးသပ်ရန်နှင့် လာမည့်ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ရန်လိုအပ်သည်များကို ဆွေးနွေးပြောကြားရန်ဖြစ်ကြောင်း။

**နယ်စပ်ကုန်သွယ်ရေးကို တိုးမြှင့်ဆောင်ရွက်**

ပြီးခဲ့သည့်ဘဏ္ဍာနှစ်အတွင်း စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများနှင့် ကုန်ထုတ်လုပ်ငန်းများ တိုးတက်စေရေးအတွက် မိမိအနေဖြင့် တွန်းအားပေးဆောင်ရွက်ခဲ့ကြောင်း၊ ဒေသအလိုက် စိုက်ပျိုးရေးထုတ်ကုန်များ တိုးတက်အောင်ထုတ်လုပ်၍ ပြည်တွင်းလိုအပ်ချက်ကို ဖြည့်ဆည်းပြီး ပိုလျှံသည်များကို ပြည်ပပို့ကုန်များအဖြစ် တင်ပို့နိုင်ရေးဆောင်ရွက်ရန် လိုအပ်ကြောင်း၊ ပြည်တွင်းထုတ်ကုန်များ တိုးမြှင့်ပို့ဆောင်နိုင်ရေးနှင့် လိုအပ်သည့် ကုန်ပစ္စည်းများတင်သွင်းနိုင်ရေး နယ်စပ်ကုန်သွယ်ရေးကို တိုးမြှင့်ဆောင်ရွက်ခဲ့ကြောင်း။

ကုန်ထုတ်လုပ်မှုမြှင့်တင်ရေးကဏ္ဍ၌ စိုက်ပျိုးရေးနှင့် မွေးမြူရေးသည် အဓိက အခန်းကဏ္ဍတွင်ပါဝင်ပြီး အဆိုပါလုပ်ငန်းများကို အခြေခံ၍ စက်မှုကဏ္ဍနှင့် ဝန်ဆောင်မှုကဏ္ဍများ တိုးတက်ခြင်းဖြစ်ကြောင်း၊ စိုက်ပျိုးမွေးမြူရေးထုတ်ကုန်များရှိမှသာ စက်ရုံ၊ အလုပ်ရုံများလည်ပတ်နိုင်ပြီး ဘဏ်လုပ်ငန်းများနှင့် ဝန်ဆောင်မှုလုပ်ငန်းများပါ လည်ပတ်နိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့နိုင်ငံတွင် အခြေခံရှိပြီးဖြစ်သည့် စိုက်ပျိုးမွေးမြူရေးကဏ္ဍကို အခြေခံသည့် ကုန်ထုတ်လုပ်မှုကို ဆောင်ရွက်နိုင်ရေး တွန်းအားပေးဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်မှုစွမ်းအားများ မြင့်တက်လာမှသာ နိုင်ငံ၏ GDP လည်း တိုးတက်လာမည်ဖြစ်ကြောင်း။

**လိုအပ်သည်များကို ကူညီဆောင်ရွက်ပေး**

စိုက်ပျိုးရေးနှင့်ပတ်သက်၍ ပန်းတိုင်ရည်မှန်းချက်ပြည့်မီရေး စနစ်တကျစိုက်ပျိုးပြီး အထွက်နှုန်းတိုးတက်အောင်ဆောင်ရွက်ရန်လိုကြောင်း၊ အလားတူ သီးထပ်စွမ်းအားများ တိုးတက်စေရေးအတွက်လည်း ဆောင်ရွက်ရန်လိုကြောင်း၊ ပြီးခဲ့သည့်ကာလအတွင်း ဒေသအချို့၌ လက်နက်ကိုင်အကြမ်းဖက်မှုများ ဖြစ်ပေါ်ခဲ့သဖြင့် စိုက်ပျိုးထုတ်လုပ်မှုများ ထိခိုက်ခဲ့ရပြီး ဒေသကုန်ထုတ်လုပ်မှုများကို ထိခိုက်စေခဲ့ကြောင်း၊ ထို့ကြောင့် သက်ဆိုင်ရာတာဝန်ရှိသူများအနေဖြင့် ဒေသအလိုက် ကုန်ထုတ်လုပ်မှုနှင့်ပတ်သက်၍ လိုအပ်သည်များကို ကူညီဆောင်ရွက်ပေးသွားရန် လိုကြောင်း။

**အောင်မြင်အောင် ဆောင်ရွက်**

မွေးမြူရေးနှင့်ပတ်သက်၍လည်း တစ်နိုင်ငံလုံးအတိုင်းအတာအနေဖြင့် လျော့နည်းကျဆင်းလာသည်ကို တွေ့ရသဖြင့် ပြန်လည်တိုးတက်အောင် ဆောင်ရွက်ရန်လိုကြောင်း၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ တိုးတက်မှသာ စက်မှုလုပ်ငန်းများနှင့် MSME လုပ်ငန်းများ တိုးတက်လာမည်ဖြစ်ကြောင်း၊ MSME လုပ်ငန်းများကို ဆောင်ရွက်ရာတွင် ပြည်တွင်းလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရုံသာမကဘဲ ပြည်ပနိုင်ငံများသို့ပါ တင်ပို့နိုင်သည့် အရည်အသွေးပြည့်မီသော အဆင့်မီထုတ်ကုန်များအဖြစ် ထုတ်လုပ်နိုင်သည်အထိ ဆောင်ရွက်ကြရန်လိုကြောင်း၊ ဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များအနေဖြင့် မိမိတို့အားပေးအပ်ထားသည့် တာဝန်များကို ကျေပွန်အောင်ထမ်းဆောင်ကြရန်လိုကြောင်း၊ ပြီးခဲ့သည့်ဘဏ္ဍာနှစ်အတွင်း တွေ့ကြုံခဲ့ရသည့် အားနည်းချက်များကို သင်ခန်းစာဖော်ထုတ်၍ လာမည့်ဘဏ္ဍာနှစ်အတွင်း လုပ်ငန်းများပိုမိုတိုးတက်အောင်မြင်အောင် ဆောင်ရွက်သွားရန်လိုကြောင်း။

**ကြိုတင်ပြင်ဆင်ဆောင်ရွက်**

ယခုအခါ ပူပြင်းခြောက်သွေ့သည့် နွေရာသီသို့ ရောက်ရှိလာပြီဖြစ်သည့်အပြင် အယ်လ်နီညိုဖြစ်စဉ်ကြောင့် ပိုမိုပူပြင်းလာပြီး ရေအခက်အခဲများ ဖြစ်ပေါ်လာနိုင်ကြောင်း၊ ရေရှားပါးသည့်ဒေသများတွင် ရေပြတ်လပ်မှုမရှိစေရေးနှင့် စိုက်ပျိုးရေများ လုံလောက်စွာရရှိစေရေး ကြိုတင်တွန်းအားပေးဆောင်ရွက်ခဲ့ကြောင်း၊ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များအနေဖြင့်လည်း ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရန် လိုကြောင်း။

**ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်**

ဘဏ္ဍာငွေနှင့်ပတ်သက်၍ မကြာမီရက်ပိုင်းအတွင်း သတ်မှတ်ကာလပြည့်မည်ဖြစ်ပြီး ပိုလျှံရန်ပုံငွေများကို ပညာရေး၊ ကျန်းမာရေးနှင့် ဖွံ့ဖြိုးရေးကဏ္ဍတို့တွင် အသုံးပြုနိုင်ရေးခွင့်ပြုပေးထားသဖြင့် အကျိုးရှိရှိအသုံးချနိုင်ရန်လိုကြောင်း၊ တက္ကသိုလ်ဝင်စာမေးပွဲများ ပြီးမြောက်ပြီဖြစ်ပြီး ကျောင်းအားလပ်ရက်ကာလသို့ ရောက်ရှိပြီဖြစ်သဖြင့် လူငယ်၊ လူရွယ်များ ပိတ်ရက်ကာလကို အကျိုးရှိရှိအသုံးချနိုင်စေရေး တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် အစီအစဉ်များချမှတ်ဆောင်ရွက်သွားရန်လိုကြောင်း၊ လူငယ်နှင့်ပတ်သက်သည့် သင်တန်းများ၊ အမျိုးသားရေးစရိုက်လက္ခဏာကို တိုးမြှင့်လာစေပြီး အသိပညာဗဟုသုတများ တိုးပွားလာစေနိုင်မည့်သင်တန်းများ၊ လှုပ်ရှားမှုများကို ဆောင်ရွက်ပေးသွားရန်လိုကြောင်း၊ ထို့အတူ လာမည့်ကျောင်းဖွင့်ရာသီတွင် ကျောင်းများအားလုံး ပညာသင်ကြားရန် အဆင်သင့်ဖြစ်စေရေး၊ ကျောင်းဥပဓိရုပ်များ ကောင်းမွန်စေရေးအတွက်လည်း လိုအပ်သည်များကို ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိရန် လိုကြောင်းနှင့် လိုအပ်သည်များကို နိုင်ငံတော်မှ ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း၊ လာမည့်ပညာသင်နှစ်ကာလအတွင်း ကျောင်းသားကျောင်းသူများအားလုံး စိတ်အေးချမ်းသာစွာဖြင့် ပညာသင်ကြားနိုင်ရေး မိမိတို့အနေဖြင့် ဖော်ဆောင်ပေးရမည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် ပြည်ထောင်စုဝန်ကြီးများက သက်ဆိုင်ရာကဏ္ဍအလိုက် ရှင်းလင်းတင်ပြကြသည်။

ထို့နောက် အထွေထွေဆွေးနွေးခြင်းအဖြစ် ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ချာလီသန်းက ဝါစေ့ဆီကြိတ်စက်နှင့် ဝါကြိတ်စက်များ ပြည်တွင်း၌ ထုတ်လုပ်နိုင်ရေး ဆောင်ရွက်နေမှုနှင့် ဝါသီးနှံမှ တစ်ဆင့် စားသုံးဆီနှင့် အရည်အသွေးမီချည်မျှင်များ ထုတ်လုပ်နိုင်ရေး ဆောင်ရွက်နေမှုအခြေအနေများကိုလည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဦးလှမိုးက တပ်ကုန်းမြို့၊ ပျဉ်းမနားမြို့နှင့် မကွေးတိုင်းဒေသကြီးတို့တွင် ဝါစိုက်တောင်သူများအား သွင်းအားစုများ ထောက်ပံ့ပေးရန် လိုအပ်မှုအခြေအနေများကို လည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်က အထွက်ကောင်း ဝါမျိုးကောင်းမျိုးသန့်များအား စနစ်တကျပြောင်းလဲစိုက်ပျိုးသွားမည့် အခြေအနေများကိုလည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဦးမြင့်နောင်က ပြည်ပအလုပ်အကိုင် အကျိုးဆောင်အေဂျင်စီများအနေဖြင့် နိုင်ငံတော်သို့ အခွန်ပေးသွင်းနေမှုနှင့် ၎င်းအေဂျင်စီများမှတစ်ဆင့် ပြည်ပသို့ အလုပ်သမားများ စေလွှတ်ပေးနိုင်မှုအခြေအနေနှင့် ပြည်ပရှိမြန်မာလုပ်သားများထံမှ အခွန်ကောက်ခံရရှိမှုအခြေအနေတို့ကိုလည်းကောင်း အသီးသီးဆွေးနွေးတင်ပြကြသည်။

**အဆင့်မီချည်ထည်များ ထုတ်လုပ်ပေးနိုင်ရန်လို**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က တင်ပြချက်များနှင့်စပ်လျဉ်း၍ ဖြည့်စွက်ပြောကြားရာတွင် ဝါကို မိုးနည်းသည့်နေရာများတွင် အများဆုံးစိုက်ပျိုးကြကြောင်း၊ ထို့ကြောင့် ဆိုလာဖြင့် လျှပ်စစ်ထုတ်လုပ်သည့်စနစ်ကို အသုံးပြု၍ ဝါသီးနှံကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများ တိုးတက်အောင် ဆောင်ရွက်နိုင်ကြောင်း၊ ဝါစိုက်ပျိုးရာတွင် အရည်အသွေးမီဝါမျိုးများ ပြောင်းလဲစိုက်ပျိုးနိုင်ရန် လိုအပ်ကြောင်း၊ ပြည်ပသို့ ဝါကုန်ကြမ်းအစား ဝါဂွမ်းပို့ဆောင်နိုင်ပါက စီးပွားရေးအရတွက်ခြေကိုက်ကြောင်း၊ ထို့ကြောင့် ဝါဂွမ်းကို တိုးတက်ထုတ်လုပ်ပြီး အဆင့်မီချည်ထည်များ ထုတ်လုပ်ပေးနိုင်ရန် လိုအပ်ကြောင်း ပြောကြားသည်။

**စိတ်အေးချမ်းသာစွာ ဆောင်ရွက်**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က နိဂုံးချုပ် အမှာစကားပြောကြားရာတွင် မြန်မာစာရေးထုံးနှင့်ပတ်သက်၍ စနစ်ကျမှန်ကန်မှုရှိစေရေး ဆောင်ရွက်ရန်လိုကြောင်း၊ မိမိတို့စာပေအား ထိန်းသိမ်းခြင်းကို စနစ်တကျဆောင်ရွက်နေရန်လိုကြောင်း၊ သတင်းလုံခြုံမှုအတွက် Cyber Security နှင့်ပတ်သက်ပြီး အမြဲသတိပြုရန်လိုကြောင်း၊ မကြာမီကာလအတွင်း မြန်မာ့ရိုးရာအတာသင်္ကြန်ကာလသို့ ရောက်ရှိလာတော့မည်ဖြစ်ကြောင်း၊ ရိုးရာအစဉ်အလာနှင့်အညီ သင်္ကြန်ပွဲတော်ကို စိတ်အေးချမ်းသာစွာ ဆောင်ရွက်ရန်လိုကြောင်း ပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

> **❝ စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများ တိုးတက်မှသာ စက်မှုလုပ်ငန်းများနှင့် MSME လုပ်ငန်းများ တိုးတက်လာမည်၊ MSME လုပ်ငန်းများကို ဆောင်ရွက်ရာတွင် ပြည်တွင်းလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရုံသာမကဘဲ ပြည်ပနိုင်ငံများသို့ပါ တင်ပို့နိုင်သည့် အရည်အသွေးပြည့်မီသော အဆင့်မီထုတ်ကုန်များအဖြစ် ထုတ်လုပ်နိုင်သည်အထိ ဆောင်ရွက်ကြရန်လို ❞**

- **❋ စိုက်ပျိုးရေးနှင့်ပတ်သက်၍ ပန်းတိုင်ရည်မှန်းချက်ပြည့်မီရေး စနစ်တကျစိုက်ပျိုးပြီး အထွက်နှုန်းတိုးတက်အောင် ဆောင်ရွက်ရန်လို၊ အလားတူ သီးထပ်စွမ်းအားများ တိုးတက်စေရေးအတွက်လည်း ဆောင်ရွက်ရန်လို**
- **❋ ပြီးခဲ့သည့်ကာလအတွင်း ဒေသအချို့၌ လက်နက်ကိုင် အကြမ်းဖက်မှုများ ဖြစ်ပေါ်ခဲ့သဖြင့် စိုက်ပျိုးထုတ်လုပ်မှုများ ထိခိုက်ခဲ့ရပြီး ဒေသကုန်ထုတ်လုပ်မှုများကို ထိခိုက်စေခဲ့**
- **❋ ထို့ကြောင့် သက်ဆိုင်ရာတာဝန်ရှိသူများအနေဖြင့် ဒေသအလိုက် ကုန်ထုတ်လုပ်မှုနှင့်ပတ်သက်၍ လိုအပ်သည်များကို ကူညီဆောင်ရွက်ပေးသွားရန်လို**

---

**နေ့အပူချိန်များ အနည်းငယ်တိုးလာနိုင်**

နေပြည်တော် မတ် ၂၅

နေပြည်တော်နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။ ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အနည်းငယ် ဖြစ်ထွန်းမည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေ့အပူချိန်များ အနည်းငယ်တိုးလာနိုင်သည်။

မိုး/ဇလ

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ ၂၀၂၄ ခုနှစ် ပြည်နယ်နှင့်တိုင်းဒေသကြီး ခရစ်ကက်ပြိုင်ပွဲ ဖွင့်ပွဲ တက်ရောက်ကြည့်ရှုအားပေး





**နေပြည်တော် မတ် ၂၅**

ပြည်နယ်နှင့် တိုင်းဒေသကြီးမှ မျိုးဆက်သစ် အားကစားသမားများ ပေါ်ထွက်လာစေရန် ရည်ရွယ်၍ "၂၀၂၄ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး ခရစ်ကက်ပြိုင်ပွဲ" ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစားကွင်း လေ့ကျင့်ရေးကွင်း(၁)၌ ကျင်းပသည်။

**တာဝန်ရှိသူများတက်ရောက်**

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်များဖြစ်ကြသည့် ဒေါ်ဒွဲဘူ၊ ပိုးရယ်အောင်သိန်း၊ ဒေါက်တာမှုထန်၊ ဒေါက်တာဘရွှေ၊ ဦးရွှေကြိမ်းနှင့် ဦးရန်ကျော်၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ခရစ်ကက်အဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ ပြိုင်ပွဲဝင်အသင်းများမှ အုပ်ချုပ်သူ / နည်းပြများနှင့် အားကစားသမားများ တက်ရောက်ကြသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံနှင့် တာဝန်ရှိသူများ ပြိုင်ပွဲဝင်အားကစားအသင်းများမှ အားကစားသမားများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်စဉ်။

**ပါဝင်ယှဉ်ပြိုင်ကြစေလို**

အခမ်းအနားတွင် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ ဥက္ကဋ္ဌ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံက ခရစ်ကက် အားကစားနည်းကို လူငယ်လူရွယ်များ ပိုမိုစိတ်ဝင်စားလာစေရန်နှင့် ခရစ်ကက်အားကစားနည်း ဖွံ့ဖြိုးတိုးတက်ရန် ရည်ရွယ်၍ ပြိုင်ပွဲကို ကျင်းပရခြင်းဖြစ်ကြောင်း၊ မြန်မာ့ခရစ်ကက် အားကစား အဆင့်အတန်း တိုးတက် မြင့်မားလာစေရေးအတွက် မြန်မာနိုင်ငံ ခရစ်ကက်အဖွဲ့ချုပ်နှင့်အတူ ပြည်နယ်နှင့် တိုင်းဒေသကြီး အားလုံးကလည်း အထူးအာရုံစိုက်ပြီး ကြိုးစားဆောင်ရွက် သွားကြစေလိုကြောင်း၊ ယခု ပြိုင်ပွဲကို ပါဝင်ယှဉ်ပြိုင်ကြမည့် အားကစားသမားမောင်/မယ်များသည် မိမိတို့၏ အစွမ်းအစ အရည်အသွေးများကို အစွမ်းကုန် ဖော်ထုတ်ပြသပြီး အားကစားသမား စိတ်ဓာတ်အပြည့်အဝဖြင့် ပါဝင်ယှဉ်ပြိုင်ကြစေလိုကြောင်း၊ ပြိုင်ပွဲဝင် ဒိုင်လူကြီးများ အနေဖြင့်လည်း ဘက်လိုက်မှု ကင်းရှင်းပြီး ပြိုင်ပွဲစည်းမျဉ်း/စည်းကမ်းများအတိုင်း တရားမျှတ မှန်ကန်စွာ ဆုံးဖြတ်ပေးရန်လိုကြောင်း ပြောကြားပြီး "၂၀၂၄ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး ခရစ်ကက်ပြိုင်ပွဲ" ကို ဖွင့်လှစ်ပေးသည်။

**သစ္စာအဓိဋ္ဌာန်ရွတ်ဆို**

ထို့နောက် ပြည်နယ်နှင့် တိုင်းဒေသကြီးများမှ ပြိုင်ပွဲဝင် အားကစားသမားများက အားကစားသစ္စာအဓိဋ္ဌာန် ရွတ်ဆိုကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံနှင့် တာဝန်ရှိသူတို့သည် ပြိုင်ပွဲဝင်အားကစားအသင်းများမှ အားကစားသမားများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြပြီး အမျိုးသမီးအသက်(၂၅)နှစ်အောက် ခရစ်ကက်ပြိုင်ပွဲ မွန်ပြည်နယ်အသင်းနှင့် ကရင်ပြည်နယ်အသင်းတို့၏ ယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးကြသည်။**(အပေါ်ပုံ)**

**အခမဲ့ကြည့်ရှုနိုင်**

အဆိုပါ "၂၀၂၄ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး ခရစ်ကက်ပြိုင်ပွဲ" ကို မတ် ၂၅ ရက် မှ ဧပြီ ၃ ရက်အထိ ဝဏ္ဏသိဒ္ဓိအားကစားကွင်း၊ လေ့ကျင့်ရေးကွင်းများ၌ ကျင်းပသွားမည်ဖြစ်ရာ ခရစ်ကက် အားကစားနည်းကို စိတ်ပါဝင်စားသည့် မည်သူမဆို အခမဲ့လာရောက်ကြည့်ရှုအားပေးနိုင်ကြောင်း သိရသည်။**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ကံဇော် ကုလသမဂ္ဂလူသားချင်းစာနာမှုဆိုင်ရာ ညှိနှိုင်းရေးရုံး (UNOCHA) ၏ မြန်မာနိုင်ငံဆိုင်ရာ အကြီးအကဲ Mr. Sajjad Mohammad Sajid နှင့်အဖွဲ့အား လက်ခံတွေ့ဆုံ



**နေပြည်တော် မတ် ၂၅**

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်သည် ကုလသမဂ္ဂလူသားချင်းစာနာမှုဆိုင်ရာ ညှိနှိုင်းရေးရုံး (UNOCHA) ၏ မြန်မာနိုင်ငံဆိုင်ရာ အကြီးအကဲ (Head of Office) Mr. Sajjad Mohammad Sajid နှင့်အဖွဲ့အား ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွား ဆက်သွယ်ရေးဝန်ကြီးဌာန ရုံးအမှတ် (၁) ၌ လက်ခံတွေ့ဆုံသည်။**(ယာပုံ)**

တွေ့ဆုံစဉ် UNOCHA က မြန်မာနိုင်ငံတွင် ဆောင်ရွက်လျက်ရှိသည့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပေးရေးလုပ်ငန်းအစီအစဉ်များနှင့် စပ်လျဉ်း၍ အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် UNOCHA ရုံးမှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြသည်။

**သတင်းစဉ်**

# ပခုက္ကူမြို့၌ ကမ္ဘာ့တီဘီရောဂါတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အသိပညာပေးဆောင်ရွက်

**ပခုက္ကူ မတ် ၂၅**

မတ် ၂၄ ရက်တွင်ကျရောက်သော ကမ္ဘာ့တီဘီရောဂါတိုက်ဖျက်ရေး နေ့အထိမ်းအမှတ် အသိပညာပေး



လုပ်ငန်းများကို မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့၌ မတ် ၂၅ ရက်က ဆောင်ရွက်သည်။

အသိပညာပေး လုပ်ငန်းကို ပခုက္ကူမြို့ အထွေထွေရောဂါကုပြည်သူ့ဆေးရုံကြီးရှိ တီဘီရောဂါတိုက်ဖျက်ရေးဌာနမှ ဒေါ်ဝင်းနွယ်နှင့် ကျန်းမာရေးဝန်ထမ်းများ၊ တွဲလက်များ ပရဟိတအဖွဲ့မှ အဖွဲ့ခေါင်းဆောင် ဒေါ်အေးအေးမူနှင့် အဖွဲ့များ ပူးပေါင်းပြီး ဆေးရုံကြီးရှိ လူနာနှင့် လူနာစောင့်များအား ၂၀၂၄ ခုနှစ် ကမ္ဘာ့တီဘီရောဂါတိုက်ဖျက်ရေးနေ့အထိမ်းအမှတ် အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေခြင်း၊ တီဘီရောဂါကာကွယ်ဆေး မှီဝဲသုံးစွဲနေကြသည့် လူနာများအား တစ်ဦးလျှင် ငွေကျပ် တစ်သောင်းခွဲနှုန်းဖြင့် ထောက်ပံ့ခြင်း၊ ၂၀၂၄ ခုနှစ် ကမ္ဘာ့တီဘီရောဂါ တိုက်ဖျက်ရေးနေ့ ဆောင်ပုဒ်ဖြစ်သည့် "တီဘီရောဂါ ပပျောက်ဖို့ အားလုံးဝိုင်းဝန်းပူးပေါင်းလို့ ပံ့ပိုးကူညီဆောင်ရွက်စို့"ခေါင်းစဉ်နှင့်အညီ အသိပညာပေး ဟောပြောခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ဘာမီသာ(ပခုက္ကူ)**

## နေပြည်တော်ရှိ တပ်မတော်ပန်းခြံသို့ အများပြည်သူမည်သူမဆို အခမဲ့ဝင်ရောက်ကြည့်ရှုအပန်းဖြေလေ့လာနိုင်ရန် ဖွင့်လှစ်ထားရှိမည်

**နေပြည်တော် မတ် ၂၅**

(၇၉)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် နေပြည်တော်ရှိ တပ်မတော်ပန်းခြံ၌ ရေပန်းများ၊ မီးအလှများ တပ်ဆင်ထားရှိပြီး တပ်မတော်နေ့အထိမ်းအမှတ်မီးရှူးတိုင်၊ ပထမ၊ ဒုတိယ၊ တတိယ မြန်မာနိုင်ငံတော်ကို ထူထောင်ခဲ့သော အနော်ရထာ၊ ဘုရင့်နောင်၊ အလောင်းဘုရား မင်းမြတ်သုံးပါးရုပ်တုတို့အား အများပြည်သူ မည်သူမဆို အခမဲ့ဝင်ရောက်ကြည့်ရှုအပန်းဖြေလေ့လာနိုင်ရန် တပ်မတော်ပန်းခြံအား မတ် ၂၈ ရက်မှ ၃၁ ရက်အထိ နေ့စဉ် ညနေ ၅ နာရီခွဲမှ ည ၉ နာရီခွဲအထိ ဖွင့်လှစ်ထားရှိမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ရာဇဝတ်အထူးအယူခံမှု နှစ်မှုနှင့် တရားမအထူးအယူခံမှု ငါးမှုတို့ကို စီရင်ချက်ချမှတ် ရာဇဝတ်အထူးအယူခံမှု သုံးမှုနှင့် တရားမအထူးအယူခံမှု လေးမှုတို့ကို ရုံးထိုင်ကြားနာ

နေပြည်တော် မတ် ၂၅

ပြည်ထောင်စုတရားသူကြီးချုပ် ဦးသာဋ္ဌေးနှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများဖြစ်ကြသော ဦးတင်ဟုန်၊ ဒေါ်ခင်မေရီ၊ ဦးသောင်းနိုင်၊ ဒေါ်သင်းသင်းနွဲ့တို့ပါဝင်သည့် အထူးအယူခံခုံရုံးသည် ယနေ့ နံနက် ၉ နာရီခွဲတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ် ရုံးခန်းအမှတ်(၁)၌ ရုံးထိုင်၍ ရာဇဝတ်အထူးအယူခံမှုအမှတ် ၈/၂၀၂၃ (မန္တလေး)နှင့် ၁၁/၂၀၂၃ (တနင်္သာရီ)၊ တရားမအထူးအယူခံမှုအမှတ် ၃၃/၂၀၂၃ (ဧရာဝတီ)၊ ၄၀/၂၀၂၃ (မွန်)၊ ၄၃/၂၀၂၃(ရန်ကုန်)၊ ၅၀/ ၂၀၂၃ (ရန်ကုန်)နှင့် ၅၁/၂၀၂၃ (ရန်ကုန်) စုစုပေါင်း ရာဇဝတ်အထူးအယူခံမှု နှစ်မှုနှင့် တရားမအထူးအယူခံမှု ငါးမှုတို့ကို စီရင်ချက်ချမှတ်သည်။

ထို့ပြင် ရာဇဝတ်အထူးအယူခံမှုအမှတ် ၉/၂၀၂၃ (စစ်ကိုင်း)၊ ၁၀/၂၀၂၃ (စစ်ကိုင်း)နှင့် ၁၂/၂၀၂၃(ကချင်)၊ တရားမအထူးအယူခံမှုအမှတ် ၁၉/၂၀၂၂ (ဧရာဝတီ)၊ ၅၂/၂၀၂၃(ကချင်)၊ ၃/၂၀၂၄(မန္တလေး)နှင့် ၄/၂၀၂၄(မန္တလေး) စုစုပေါင်း ရာဇဝတ်အထူးအယူခံမှု သုံးမှုနှင့် တရားမအထူးအယူခံမှု လေးမှုတို့ကို ရုံးထိုင်ကြားနာခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## နေ့အပူချိန်များ

နေပြည်တော် မတ် ၂၅

နေ့အပူချိန်များမှာ တနင်္သာရီတိုင်းဒေသကြီးတွင် မတ်လ၏ ပျမ်းမျှအပူချိန်ထက် ၂ ဒီဂရီဆဲလ်စီးယပ် ပိုခဲ့ပြီး ချင်းပြည်နယ်တွင် မတ်လ၏ ပျမ်းမျှအပူချိန်အောက် ၂ ဒီဂရီဆဲလ်စီးယပ်နှင့် ကချင်ပြည်နယ်တွင် မတ်လ၏ ပျမ်းမျှအပူချိန်အောက် ၃ ဒီဂရီဆဲလ်စီးယပ် လျော့နည်းခဲ့ကာ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် မတ်လ၏ ပျမ်းမျှအပူချိန်ခန့်သာ ရှိခဲ့သည်။ ထူးခြားသည့် နေ့အပူချိန်များမှာ ပြည်မြို့တွင် ၄၁ ဒီဂရီဆဲလ်စီးယပ်နှင့် ချောက်မြို့၊ မကွေးမြို့၊ တောင်တွင်းကြီးမြို့နှင့် မြဝတီမြို့တို့တွင် ၄၀ ဒီဂရီဆဲလ်စီးယပ်စီတို့ ဖြစ်ကြသည်။

မိုး/ဇလ

# တိုင်းစစ်ဌာနချုပ်အသီးသီးနှင့် ကွပ်ကဲမှုအောက် တပ်ရင်း / တပ်ဖွဲ့များ၌ ကျောင်းသား ကျောင်းသူများအတွက် နွေရာသီသင်တန်းများဖွင့်လှစ်

နေပြည်တော် မတ် ၂၅

ကျောင်းသား ကျောင်းသူများအနေဖြင့် နွေရာသီ ကျောင်းပိတ်ရက်ကာလများတွင် အားလပ်ချိန်များကို အကျိုးရှိစွာ အသုံးချတတ်စေရန်၊ ဘာသာ၊ သာသနာကို တန်ဖိုးထားတတ်စေရန်၊ မြတ်ဗုဒ္ဓ၏ အဆုံးအမနှင့် ကျင့်စဉ်များကို ပိုမိုနက်ရှိုင်းစွာ နားလည်စေရန်နှင့် အကျင့်စာရိတ္တကောင်းမွန်ပြီး ပညာထူးချွန်သူများ ဖြစ်လာစေရန်၊ လက်တွေ့အသုံးချဘာသာရပ်များနှင့် အတူ ဗဟုသုတရစေပြီး အတတ်ပညာများ တိုးပွားစေရန် ရည်ရွယ်၍ တိုင်းစစ်ဌာနချုပ် အသီးသီးနှင့် ကွပ်ကဲမှု အောက် တပ်ရင်း/တပ်ဖွဲ့များ၌ ဗုဒ္ဓဘာသာယဉ်ကျေးမှု သင်တန်း၊ ကွန်ပျူတာအခြေခံသင်တန်း၊ အင်္ဂလိပ်စာ အခြေခံနှင့် စကားပြောသင်တန်းများ စသဖြင့် ဖွင့်လှစ် သင်ကြားပေးလျက်ရှိသည်။

ထိုသို့ ဖွင့်လှစ်လျက်ပေးလျက်ရှိရာ ယနေ့တွင် အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်ရှိ အောင်ဇေယျာ ခန်းမ၌လည်းကောင်း၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ်ရှိ ပြည်ငြိမ်းအေးခန်းမ၌လည်းကောင်း၊ အနောက်တောင် တိုင်းစစ်ဌာနချုပ် ဧရာဝတီခန်းမ၌လည်းကောင်း(ဓာတ်ပုံ) ဖွင့်လှစ်ရာ သက်ဆိုင်ရာ တိုင်းမှူးများနှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ကျောင်းသား ကျောင်းသူများနှင့်သင်တန်းနည်းပြများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးများက သင်တန်းဖွင့်လှစ်ရခြင်းနှင့်ပတ်သက်၍ အမှာစကား ပြောကြားသည်။ ထို့နောက် တိုင်းမှူးများက နွေရာသီသင်တန်းများတွင် တက်ရောက်ကြမည့် ကျောင်းသား ကျောင်းသူများ အတွက် စာရေးကိရိယာများနှင့် စားသောက်ဖွယ်ရာများအား ထောက်ပံ့ပေးအပ်ပြီး သင်တန်းများ ဖွင့်လှစ်သင်ကြားနေမှုများကို လိုက်လံကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။



အလားတူ တိုင်းစစ်ဌာနချုပ် ကွပ်ကဲမှုအောက် တပ်ရင်း/တပ်ဖွဲ့များ၌လည်း အဆိုပါ နွေရာသီ သင်တန်းများကို ဖွင့်လှစ်သင်ကြားပေးလျက်ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# အခြေခံပညာမူလတန်းနှင့် အလယ်တန်းအဆင့် ဘာသာရပ်စွမ်းရည်မြှင့်သင်တန်းများ မြို့နယ်များ၌ ဖွင့်လှစ်ပို့ချ

**ကျောင်းသား ကျောင်းသူများ သင်ယူတတ်မြောက်မှု စွမ်းရည်မြင့်မားလာရေး၊ ထိရောက်အောင်မြင်သော သင်ကြားသင်ယူမှုဖြစ်စေရေး၊ တတ်မြောက်မှုကို စစ်ဆေးတိုင်းတာရာတွင် တီထွင်ဖန်တီးနိုင်မှုစွမ်းရည်၊ တွေးခေါ်မြော်မြင်မှုစွမ်းရည်ကို ဖော်ပြသော စစ်ဆေးတိုင်းတာမှု ဖြစ်စေရေး၊ အခြေခံပညာအဆင့်အလိုက် အတန်းကူးပြောင်းနှုန်း မြင့်မားစေရေးအတွက် ရည်ရွယ်ပြီး အခြေခံပညာမူလတန်းနှင့် အလယ်တန်း အဆင့် ဆရာ ဆရာမများအတွက် ဘာသာရပ်စွမ်းရည်မြှင့်သင်တန်းများကို မတ် ၂၅ ရက်မှစ၍ မြို့နယ်များ၌ ဖွင့်လှစ်ပို့ချလျက်ရှိသည်။**



### ကျောက်ဆည်

ကျောက်ဆည်မြို့ အမှတ်(၁)အခြေခံပညာကျောင်း၌ ဖွင့်လှစ်သည့် သင်တန်းတွင် မြို့နယ်ပညာရေးမှူး ဦးအေးလင်းနှင့် ဒုတိယမြို့နယ် ပညာရေးမှူး ဦးညွန့်ဝင်းတို့က သင်တန်းစည်းမျဉ်းစည်းကမ်းများ အကြောင်း ပြောကြားပြီး ယင်းသင်တန်းတွင် မြို့နယ်အတွင်း အခြေခံ ပညာကျောင်းများမှ မူလတန်းအဆင့် ဆရာ ဆရာမ ၁၀၅၆ ဦးနှင့် အလယ်တန်း ဆရာ ဆရာမများ၊ ဦးဆောင်ဆွေးနွေးသူများ တက်ရောက်ဆွေးနွေးကြသည်။

ခရိုင်(ပြန်ဆက်)

### နောင်ချို

ရှမ်းပြည်နယ်(မြောက်ပိုင်း) နောင်ချိုမြို့နယ် အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း၌ ဖွင့်လှစ်သည့်သင်တန်းတွင် အလယ်တန်း အဆင့် ဆရာ ဆရာမ ၂၈၀၊ မူလတန်းအဆင့် ဆရာ ဆရာမ ၅၇၀ တက်ရောက်ခဲ့ပြီး မြို့နယ်အတွင်းရှိ အလယ်တန်း၊ မူလတန်းအဆင့် ဆရာ ဆရာမများအနေဖြင့် ဘာသာရပ်အလိုက် သင်ကြားမှုစွမ်းရည် ပိုမိုကျွမ်းကျင်လာစေရန် ရည်ရွယ်ဖွင့်လှစ်ခြင်းဖြစ်ကြောင်း မြို့နယ် ပညာရေးမှူးရုံးမှ သိရသည်။

ထွေးငယ်(ပြန်/ဆက်)

### ဇလွန်

ဧရာဝတီတိုင်းဒေသကြီး ဇလွန်မြို့နယ် အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်း၌ ဖွင့်လှစ်သည့်သင်တန်းတွင် မြို့နယ်စီမံ အုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၁) ဗိုလ်မှူးဝင်းလွင်ဦးက အမှာစကား ပြောကြားပြီး မြို့နယ်ပညာရေးမှူး ဦးဖုန်းဇော်က သင်တန်းဖွင့်လှစ် ခြင်းရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။ သင်တန်းတွင် ဇလွန် မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများမှ မူလတန်းအဆင့် ဆရာ ဆရာမ ၉၉၉ ဦး၊ အလယ်တန်းအဆင့် ဆရာ ဆရာမ ၃၃၉ ဦး စုစုပေါင်း ၁၃၃၈ ဦး တက်ရောက်သင်ကြားပြီး သင်တန်းကို မတ် ၂၅ ရက် မှ ၃၀ ရက်အထိ ဖွင့်လှစ်ပို့ချမည်ဖြစ်ကြောင်း သိရသည်။

ဝေယံ (ပြန်/ဆက်)



### မိုင်းဖြတ်

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဖြတ်မြို့နယ် အခြေခံပညာအထက်တန်း ကျောင်း(မိုင်းဖြတ်)၌ ဖွင့်လှစ်သည့်သင်တန်းတွင် မြို့နယ်ပညာရေး မှူး ဦးအောင်ကျော်ညွန့်နှင့် ဒုတိယမြို့နယ်ပညာရေးမှူး ဦးကြည်ထွန်း တို့က သင်တန်းဆိုင်ရာများကို ရှင်းလင်းပြောကြားပြီး ယင်းသင်တန်း တွင် မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများမှ အလယ်တန်း အဆင့် ဆရာ ဆရာမ ၄၅ ဦး၊ မူလတန်းအဆင့် ဆရာ ဆရာမ ၁၁၆ ဦး တက်ရောက်ကြသည်။ သင်တန်းတွင် မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ သိပ္ပံ၊ လူမှုရေး၊ စာရိတ္တနှင့် ပြည်သူ့နီတိ၊ ဂီတ၊ ကာယ၊ ပန်းချီ၊ ဘဝတွက်တာ ကျွမ်းကျင်စရာဘာသာရပ်များကို ဆွေးနွေးပို့ချမည် ဖြစ်ကြောင်း သိရသည်။

သန်းထွန်းအေး(မိုင်းဖြတ်)

### အုတ်တွင်း

ပဲခူးတိုင်းဒေသကြီး အုတ်တွင်းမြို့နယ်၌ အခြေခံပညာအလယ်တန်းနှင့် မူလတန်းအဆင့် ဘာသာရပ်စွမ်းရည်မြှင့်သင်တန်းကို အုတ်တွင်း အထက၊ ဈေးအလက(ခွဲ)၊ပဲခူးလမ်းအလက(ခွဲ)နှင့် ကြက်သွန်ခင်း(၂) အလက(ခွဲ)တို့၌ မတ် ၂၅ ရက်က စတင်ဖွင့်လှစ်ပို့ချပြီး သင်တန်းသို့ မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများမှ မူလတန်းအဆင့်သင် ဆရာ ဆရာမ ၉၀၉ ဦး၊အလယ်တန်းအဆင့်သင် ဆရာ ဆရာမ ၅၅၇ ဦး စုစုပေါင်း ၁၄၆၆ ဦး တက်ရောက်ကာ သင်တန်းနည်းပြ ၅၀ က အခြေခံပညာ မူလတန်း/အလယ်တန်းဆင့်သင် ဆရာ ဆရာမများ၏ စဉ်ဆက်မပြတ် လုပ်ငန်းစွမ်းဆောင်ရည်နှင့် လုပ်ငန်းပိုင်းဆိုင်ရာ လက်တွေ့ဆောင်ရွက်မှုများ အရည်အသွေးမြှင့်တင်ခြင်းကို မတ် ၃၀ ရက်အထိ ငါးရက်ကြာ စာတွေ့၊ လက်တွေ့ သင်ကြားပို့ချပေးမည် ဖြစ်ကြောင်း သိရသည်။

အေမင်းရည်စော(ပြန်/ဆက်)

# ကာလိမြို့၌ မြို့မဈေးအတွင်း လက်ကမ်းစာစောင်များ ဖြန့်ဝေ

ကာလိ မတ် ၂၅

ရှမ်းပြည်နယ်(တောင်ပိုင်း) ကာလိမြို့၌ (၇၉)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် တပ်မတော် နေ့ အထိမ်းအမှတ် သတင်းစကားလက်ကမ်းစာစောင် ဖြန့်ဝေခြင်းကို ယနေ့နံနက်ပိုင်းက ကာလိမြို့ ပြည်ထောင်စု လမ်းမကြီးနှင့် မြို့မဈေးအတွင်း ဆောင်ရွက်သည်။

အဆိုပါ လက်ကမ်းစာစောင်ဖြန့်ဝေခြင်းကို ကာလိမြို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှူး ဒေါ်ထင်ထင်ကျော်နှင့်ဝန်ထမ်းများက လက်ကမ်းစာစောင် တွင် “(၇၉)နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်များ”၊ “တပ်နှင့်ပြည်သူအမြဲကြည်ဖြူ သွေးခွဲလာသူ ဒို့ရန်သူ”၊ “ပြည်သူ့စစ်မှုထမ်းဥပဒေအကြောင်း သိကောင်းစရာ”၊ “အမျိုးသားအကျိုးစီးပွားအတွက် ထမ်းဆောင်”၊ “ဆက်လက်ချီပါ တပ်မတော်”၊ “အမျိုးသားအကျိုးစီးပွား အတွက် အဓိကလုပ်ဆောင်” စသည့်အချက်များပါဝင် ကြောင်း သိရသည်။

(၇၉) နှစ်မြောက် တပ်မတော်နေ့ သတင်းစကား လက်ကမ်းစာစောင်များကို ပြန်ကြားရေးနှင့် ပြည်သူ့ ဆက်ဆံရေးဦးစီးဌာန (ရုံးချုပ်)မှ အခမဲ့ဖြန့်ဝေပေးခြင်း ဖြစ်ကြောင်း သိရသည်။

ထင်ထင်(ပြန်/ဆက်)

# ကြိုတင်ကာကွယ်နိုင်ခဲ့ခြင်းနှင့် ဆောလျင်စွာ ပြန်လည်ထူထောင်ပေးနိုင်ခြင်းတို့ဖြင့် မိုခါကိုဖြတ်ကျော်ခဲ့သည့် ရသေ့တောင်မြို့နယ်

သျှင်မေ

၂၀၂၃ ခုနှစ် မေလ ၁၄ ရက်နေ့တွင် မိုခါ (MOCHA) ဆိုင်ကလုန်းမုန်တိုင်းသည် ဘင်္ဂလားပင်လယ်အော်မှ စစ်တွေမြို့အနီး ကုန်းတွင်းပိုင်းဆီသို့ ဝင်ရောက်ခဲ့သည်။ ရခိုင်ကမ်းရိုးတန်းနှင့် မုန်တိုင်းဟူသည် မစိမ်းသော်လည်း အလွန့်အလွန်အားကောင်းသည့် ဆိုင်ကလုန်းမုန်တိုင်းအဖြစ် တစ်နာရီ လေတိုက်နှုန်း မိုင် ၁၃၀ ကျော်ဖြင့် ဝင်ရောက်မှုသည် ဖြစ်တောင့်ဖြစ်ခဲကံဆိုးလှသည့် သဘာဝဘေးအန္တရာယ်ပင်ဖြစ်သည်။



**အထက - ရသေ့တောင် ပျက်စီးမှု**

ရသေ့တောင်မြို့နယ်၌ အလွန့်အလွန်အားကောင်းသော မိုခါဆိုင်ကလုန်းမုန်တိုင်းကြောင့် ပျက်စီးသွားသည့် အထက-ရသေ့တောင် ကျောင်းဆောင်သစ် (၃၂' x ၃၀') RCC နှစ်ထပ်ကျောင်းဆောင် ပျက်စီးမှုကို တွေ့ရစဉ်။



**အထက - ရသေ့တောင် ပြုပြင်ပြီးစီးမှု**

ရသေ့တောင်မြို့နယ်၌ အလွန့်အလွန်အားကောင်းသော မိုခါဆိုင်ကလုန်းမုန်တိုင်းကြောင့် ပျက်စီးသွားသည့် အထက-ရသေ့တောင် ကျောင်းဆောင်သစ် (၃၂' x ၃၀') RCC နှစ်ထပ်ကျောင်းဆောင် ပြန်လည်ပြုပြင်ပြီးစီးမှုကို တွေ့ရစဉ်။

မုန်တိုင်းကြောင့် ရခိုင်ပြည်နယ်သည် ပျက်စီးဆုံးရှုံးမှုများစွာ ကြုံတွေ့ခဲ့ရပြီး စုစုပေါင်းပျက်စီးမှု၏ ၉၈ ရာခိုင်နှုန်းရှိသည်။ ရခိုင်ပြည်နယ်အတွင်း စစ်တွေမြို့နယ်မှာ မုန်တိုင်းဒဏ်အခံစားရဆုံးဖြစ်ခဲ့ပြီး ဒုတိယအများဆုံး ထိခိုက်ခံစားရသည့် မြို့နယ်မှာ စစ်တွေမြို့၏ အနောက်မြောက်ယွန်းယွန်း ၃၇ မိုင်သာကွာဝေးသည့် ရသေ့တောင်မြို့နယ် ဖြစ်ပါသည်။

ရသေ့တောင်မြို့နယ်သည် မြေပြန့်၊ တောင်တန်း၊ မြစ်ချောင်းတို့ဖြင့် သမမျှတစွာ တည်ရှိပြီး စိုက်ပျိုးမွေးမြူရေးလုပ်ငန်းကို အဓိကလုပ်ကိုင်ကြသည်။ ကုန်းလမ်း၊ ရေလမ်းရှိသော်လည်း လမ်းပန်းဆက်သွယ်ရေး လွယ်ကူချောမွေ့မှု အားနည်းနေသေးသည်။ မုန်တိုင်းကြောင့် ရေငန်ဝင်ရောက်မှုဒဏ်ကို ခံစားရသည့် ကျေးရွာများရှိသကဲ့သို့ လူနေအိမ်များ၊ ပညာရေးအဆောက်အအုံများ၊ လယ်ယာမြေများ၊ မွေးမြူရေးလုပ်ငန်းများ၊ ဘုန်းတော်ကြီးကျောင်းများ၊ လမ်းတံတားများနှင့် လျှပ်စစ်ပေးဝေရေးလုပ်ငန်း၊ သောက်သုံးရေ အခက်အခဲများအစရှိသည့် ကဏ္ဍအများအပြားတွင် ဆုံးရှုံးအထိနာ အခက်အခဲကြုံခဲ့ရသည်။ မြို့နယ်အတွင်းရှိ ပျက်စီးဆုံးရှုံးမှုမှာ ကျပ် ၁၇၀ ဘီလီယံရှိခဲ့ပြီး မုန်တိုင်းကြောင့် ပျက်စီးမှု အားလုံး၏ ၃၃ ရာခိုင်နှုန်းပင် ရှိခဲ့သည်။

" ရသေ့တောင်မြို့နယ်သည် မြေပြန့်၊ တောင်တန်း၊ မြစ်ချောင်းတို့ဖြင့် သမမျှတစွာ တည်ရှိပြီး စိုက်ပျိုးမွေးမြူရေးလုပ်ငန်းကို အဓိကလုပ်ကိုင်ကြသည်။ ကုန်းလမ်း၊ ရေလမ်းရှိသော်လည်း လမ်းပန်းဆက်သွယ်ရေး လွယ်ကူချောမွေ့မှု အားနည်းနေသေးသည်။ မုန်တိုင်းကြောင့် ရေငန်ဝင်ရောက်မှုဒဏ်ကို ခံစားရသည့် ကျေးရွာများရှိသကဲ့သို့ လူနေအိမ်များ၊ ပညာရေးအဆောက်အအုံများ၊ လယ်ယာမြေများ၊ မွေးမြူရေးလုပ်ငန်းများ၊ ဘုန်းတော်ကြီးကျောင်းများ၊ လမ်းတံတားများနှင့် လျှပ်စစ်ပေးဝေရေးလုပ်ငန်း၊ သောက်သုံးရေ အခက်အခဲများအစရှိသည့် ကဏ္ဍအများအပြားတွင် ဆုံးရှုံးအထိနာအခက်အခဲကြုံခဲ့ရသည်။ မြို့နယ်အတွင်းရှိ ပျက်စီးဆုံးရှုံးမှုမှာ ကျပ် ၁၇၀ ဘီလီယံရှိခဲ့ပြီး မုန်တိုင်းကြောင့် ပျက်စီးမှုအားလုံး၏ ၃၃ ရာခိုင်နှုန်းပင် ရှိခဲ့သည် "

မိုခါဆိုင်ကလုန်းမုန်တိုင်း ဝင်ရောက်သည့် ရသေ့တောင်မြို့နယ်တွင် အိမ်ထောင်စုပေါင်း သုံးသောင်းကျော်တို့ သဘာဝဘေးအန္တရာယ်ကြုံတွေ့ခဲ့ရပြီး လူဦးရေ တစ်သိန်း လေးသောင်းကျော် မုန်တိုင်းဒဏ် ရင်ဆိုင်ခဲ့ရသည်။ မုန်တိုင်းအပြီး ထုတ်ပြန်သည့် အချက်အလက်များအရ ရသေ့တောင်မြို့နယ်အတွင်း မုန်တိုင်းကြောင့် အမျိုးသား ၁၄ ဦးနှင့် အမျိုးသမီး ၂၃ ဦးခန့် အသက်ဆုံးရှုံးခဲ့ရသည်။

### ဆောလျင်စွာသတိပေးခဲ့

နိုင်ငံတော်အစိုးရသည် မြန်မာ့ကမ်းရိုးတန်းသို့ မုန်တိုင်းဝင်ရောက်ရန်ဖြစ်နိုင်ခြေ မြင့်တက်လာစဉ်မှစ၍ မုန်တိုင်းသတိပေးချက်များကို စောနိုင်သမျှဆောလျင်စွာ ကြိုတင်၍ ထုတ်ပြန်ပေးခဲ့သည့်အပြင် မုန်တိုင်းဒဏ်ကြောင့် ထိခိုက်မှုဖြစ်ပွားနိုင်သည့် ဒေသများသို့ အရေးပေါ် ပေးပို့နိုင်ရန် တပ်မတော်သားများ၏ အကူအညီကိုရယူကာ အရန်ဆန်များ ဒေသအလိုက် ကြိုတင်စုဆောင်းခြင်း၊ စားရေရိက္ခာနှင့် အိမ်ဆောက်ပစ္စည်းများ၊ အမိုးသွပ်များ ကြိုတင်စုဆောင်းထားရှိခြင်း၊ ကျန်းမာရေးဆိုင်ရာ စောင့်ရှောက်မှုလုပ်ငန်းများအတွက် တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့များ ကြိုတင်ပြင်ဆင်ခြင်း၊ တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်များ အသင့်ပြင်ထားခြင်း၊ ကယ်ဆယ်ရေးပစ္စည်းများ အချိန်မီပို့ဆောင်နိုင်ရေး ကြိုတင်တွက်ချက်ထားရှိခြင်းနှင့် ကူညီကယ်ဆယ်ရေးပစ္စည်းများ၊ အရေးပေါ်သုံးပစ္စည်းများ၊ စားရေရိက္ခာများကို လျင်မြန်စွာ ပို့ဆောင်နိုင်ရန် လေယာဉ်ပေါ် အသင့်၊ ရေယာဉ်ပေါ်အသင့်၊ ရဟတ်ယာဉ်ပေါ်အသင့်၊ မော်တော်ယာဉ်ပေါ်အသင့် အနေအထားတို့ဖြင့် ကြိုတင်ပြင်ဆင်ထားခဲ့သည်။

ရသေ့တောင်မြို့နယ်မှာ မုန်တိုင်းဖြတ်ကျော်ရာ လမ်းကြောင်းပေါ်တွင် ရောက်ရှိနေခဲ့သည့်အတွက် မုန်တိုင်း၏ဒဏ်ကို ကြုံတွေ့ခဲ့ရသော်လည်း ကယ်ဆယ်ရေးအဖွဲ့များ တင်ကြိုရောက်ရှိနေခြင်း၊ မုန်တိုင်းအန္တရာယ် ကာကွယ်နိုင်မည့် ဘေးကင်းရာစုရပ်များသို့ အမြန်ပို့ဆောင်နိုင်ခြင်းနှင့် လိုအပ်သည့် စားရေရိက္ခာများကို ကြိုတင်ပြင်ဆင်ထားနိုင်ခဲ့မှုများကြောင့် အင်အားပြင်းဆိုင်ကလုန်း၏ အစွမ်းကုန်ဖျက်ဆီးမည့် အန္တရာယ်က လျော့ပါးခဲ့ပြီး အဖိတ်အစဉ် အနည်းငယ်သာကြုံရသည်။ သို့တိုင် ပျက်စီးမှုများကား အတော်ပင်များလှသည်။

### မိုခါကြောင့် ဒုတိယပျက်စီးမှု အများဆုံးမြို့နယ်

ရသေ့တောင်မြို့နယ်သည် မုန်တိုင်းဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှု ဒုတိယအများဆုံးမြို့နယ်ဖြစ်ပြီး ကျေးလက်ကျန်းမာရေးဌာနပေါင်း ၄၁ ခု နှင့် ဆေးရုံ၊ ဆေးခန်း ၃၃ ခု၊ လူနေအိမ်အဆောက်အအုံ တစ်စိတ်တစ်ပိုင်း ပျက်စီးခြင်း ၁၁၆၈၂ လုံးနှင့် အလုံးစုံပျက်စီးခြင်း ၁၅၈၉၉ လုံး၊ ဌာနဆိုင်ရာရုံးပေါင်း ၂၇ ရုံး၊ မူလတန်းနှင့်အလယ်တန်းကျောင်း ၁၃၆ ကျောင်း၊ အထက်တန်းကျောင်း ၂၇ ကျောင်း၊ ဘုန်းတော်ကြီးကျောင်း ၂၂၅ ကျောင်းတို့ မုန်တိုင်းဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့ရသည်။ ထို့ပြင် ရေငန်ဝင်ရောက်မှု၊ ရေတွင်း ၁၀ ခုနှင့် ရေကန် ၃၅ ကန်ပျက်စီးမှု၊ တာဝါတိုင် နှစ်တိုင်ပျက်စီးမှု၊ သောက်သုံးရေရရှိမှုနှင့် ဆက်သွယ်ရေးပြတ်တောက်မှု စသည့်အခက်အခဲများနှင့် ကြုံတွေ့ခဲ့ရသည့် မြို့နယ်တစ်ခုလည်း ဖြစ်ပါသည်။

*စာမျက်နှာ ၇ သို့*





**လျှပ်စစ်ဓာတ်အားရရှိရေးပြင်ဆင်**

ရသေ့တောင်မြို့ပေါ်ရပ်ကွက်များ၌ လျှပ်စစ်ဓာတ်အားရရှိရေးအတွက် ကျွမ်းကျင်ဝန်ထမ်းများက ပြင်ဆင်ဆောင်ရွက်နေမှုများကို တွေ့ရစဉ်။

*စာမျက်နှာ ၆ မှ*

မိုခါမုန်တိုင်းမှာ အားအလွန်ပြင်းထန်သဖြင့် တစ်မြို့နယ်လုံးနီးပါး ထိခိုက်ခံစားရသည်။ ပုဏ္ဏားကျွန်း-ရသေ့တောင် ၆၆ ကေဗွီအေ မဟာဓာတ်အားလိုင်း ခုနစ်တိုင်နှင့် ၀ ဒသမ ၄ ကေဗွီအေ မီးတိုင်များ ပျက်စီးခဲ့ရသည်။ ဓာတ်တိုင်စုစုပေါင်း ၁၅၆၁ တိုင်ခန့် ပြိုလဲခဲ့ပြီး ထရန်စဖော်မာများ ပြိုပျက်ခြင်း၊ ဓာတ်ကြိုးလိုင်းများ ပြတ်တောက်ခြင်းတို့လည်း ဖြစ်ပွားခဲ့သည်။ ရသေ့တောင်မြို့နယ်အတွင်းရှိ ရပ်ကွက်လေးခုနှင့် ကျေးရွာ ၄၈ ရွာ အတွင်း ၁၁ ကေဗွီ ဓာတ်အားလိုင်း ၇၀ ဒသမ ၅၆ မိုင်အနက် ၄၀ ရာခိုင်နှုန်းခန့်၊ ၄၀၀ ဗို့ ဓာတ်အားလိုင်း ၆၄ ဒသမ ၇၉ မိုင်ရှိသည့်အနက် ၄၀ ရာခိုင်နှုန်းခန့်နှင့် ၁၁/၀ ဒသမ ၄ ကေဗီ ၉၂ လုံးရှိသည့်အနက် ၁၅ ရာခိုင်နှုန်းခန့်မှာ မုန်တိုင်းကြောင့် ပျက်စီးရသည်။

မုန်တိုင်းအပြီး ရက်အနည်းငယ်အကြာ ရသေ့တောင်မြို့နယ် ကျေးရွာများတွင် ပျက်စီးကျိုးပြတ်သွားသည့် မီးတိုင်များ ပြန်လည်တည်ဆောက်ရန် ပထမဆုံးအကြိမ်အဖြစ် ဓာတ်မီးတိုင် ၉၃ တိုင်ကို တင်ဆောင်လာသည့် ရေဘဝဲ ၄ ရေယာဉ်သည် င/လပြား ဆိပ်ကမ်းကို ဆိုက်ရောက်သည်။ မြို့နယ်လျှပ်စစ်မှူးနှင့် ဝန်ထမ်းများက ကရိန်းကားများဖြင့် မူစဲကျွန်းကျေးရွာသို့ သယ်ဆောင်ကြသည်။ ရွာသူရွာသားများ ဝမ်းသာပျော်ရွှင်၍မဆုံးဘဲ အတူပူးပေါင်း၍ ကူညီကြသည်။ ဝိုင်းဝန်းကူညီခြင်းကြောင့် ဒေသ မြန်မြန် ပြန်လည်နာလန်ထူလာခဲ့သည်။

မြို့နယ်အတွင်းရှိ လယ်ယာစိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍတွင်လည်း လယ်ယာမြေ စုစုပေါင်း ၉၈၉ ဧက၊ စပါးတင်းပေါင်း ၅၄၀၁၃ တင်းနှင့် ပုစွန်မွေးမြူခြင်း ၆၀၉၁ ဒသမ ၉၀ ဧကမှာ မုန်တိုင်းဒဏ်ကြောင့် ပျက်စီးခံရသည့်အပြင် ကျွဲ ၁၇၄၄ ကောင်၊ နွား ၄၀၆၁ ကောင်၊ ဝက် ၁၂၄၄ ကောင်တို့အပါအဝင် တိရစ္ဆာန် ၉၇၇၅ ကောင်မှာ မုန်တိုင်းဒဏ်ကြောင့် ပျောက်ဆုံးခြင်း၊ သေဆုံးခြင်းသို့ ရောက်ခဲ့ရသည်။ စိုက်ပျိုးရေးသုံး လက်တွန်းထွန်စက်များ၊ လယ်ယာသုံးစက်ပစ္စည်းများလည်း ဆုံးရှုံးခဲ့ရပြီး ငါးဖမ်းကိရိယာများနှင့် ငါးဖမ်းလှေ ၁၈၉ စင်းခန့် ပျက်စီးဆုံးရှုံးခဲ့သည်။



**အထက(ခွဲ) ကံပြင် (၁) ထိခိုက်ပျက်စီးခဲ့ရ**

ရသေ့တောင်မြို့နယ်၌ အလွန့်အလွန်အားကောင်းသော မိုခါဆိုင်ကလုန်းမုန်တိုင်းကြောင့် ပျက်စီးသွားသည့် အထက(ခွဲ) ကံပြင် (၁)၊ အဆောင်(၁) (၁၈၀' x ၃၀') အုတ်ညှပ် တစ်ထပ်ကျောင်းဆောင် ထိခိုက်ပျက်စီးမှုကို တွေ့ရစဉ်။



**ပြန်လည်ပြုပြင်ပြီးစီးသည့်အခါ**

ရသေ့တောင်မြို့နယ်၌ အလွန့်အလွန်အားကောင်းသော မိုခါဆိုင်ကလုန်းမုန်တိုင်းကြောင့် ပျက်စီးသွားသည့် အထက(ခွဲ) ကံပြင် (၁)၊ အဆောင်(၁) (၁၈၀' x ၃၀') အုတ်ညှပ် တစ်ထပ်ကျောင်းဆောင် ပြန်လည်ပြုပြင်ပြီးစီးမှုကို တွေ့ရစဉ်။

### အနီးကပ်ကြီးကြပ်၍ ပြန်လည်ထူထောင်ရေးစတင်

နိုင်ငံတော်အစိုးရက ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ပိုမိုထိရောက်စွာ လုပ်ကိုင်နိုင်ရေးအတွက် မုန်တိုင်းမစဲမီတွင်ပင် တပ်မတော်အရာရှိကြီးများကို ဒေသအလိုက် တာဝန်ပေးအပ်ခဲ့ရာ ရသေ့တောင်မြို့နယ် ပြန်လည်ထူထောင်ရေး လုပ်ငန်းများ လုပ်ကိုင်ရန် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) မှ ဗိုလ်ချုပ်အောင်မျိုးထွန်းအား အနီးကပ် ကြီးကြပ်စေရေး တာဝန်ပေးအပ်ခဲ့သည်။

နိုင်ငံတော်အစိုးရ၏ လမ်းညွှန်မှုနှင့်အတူ တာဝန်ရှိသူများက ထိခိုက်ပျက်စီးမှုအခြေအနေများနှင့် လိုအပ်ချက်များ၊ အရေးပေါ် ထောက်ပံ့ရေးပစ္စည်းများအား တပ်မတော် စစ်ရေယာဉ်များ၊ လေယာဉ်များနှင့် ပို့ဆောင်ခြင်း၊ ဒေသအလိုက်ကြိုတင်စုဖွဲ့ထားသော ကူညီကယ်ဆယ်ရေး တပ်ဖွဲ့များနှင့် အပျက်အစီးများ ဖယ်ရှားခြင်း၊ ရှာဖွေကယ်ဆယ်ခြင်း လုပ်ငန်းများကို နှောင့်နှေးခြင်းမရှိ အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ခဲ့ကြခြင်းဖြင့် မိုခါမုန်တိုင်း၏ နောက်ဆက်တွဲအခက်အခဲများစွာကို ပြန်လည်တွန်းလှန်နိုင်ခဲ့ခြင်း ဖြစ်ပါသည်။

### ဖြန့်ဝေပေးအပ်

ဗိုလ်ချုပ်အောင်မျိုးထွန်း ဦးဆောင်သည့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲရေးကော်မတီဝင်များက မေလ ၁၈ ရက်နေ့မှ စတင်၍ ရသေ့တောင်မြို့ပေါ်ရှိ ယာယီခိုလှုံရေးစခန်းများဖွင့်လှစ်ထားသည့် ဘုန်းတော်ကြီးကျောင်းများသို့လည်းကောင်း၊ ရသေ့တောင်မြို့နယ်အတွင်းရှိ ကျေးရွာအုပ်စုများမှ ဘုန်းတော်ကြီးကျောင်းများနှင့် ဒေသခံပြည်သူများအတွက် စားရေရိက္ခာ၊ အဝတ်အထည်နှင့် ထောက်ပံ့ကူညီရေးပစ္စည်းများဖြစ်သည့် အမိုးသွပ်၊ တာပေါ်လင်လိပ် စသည်တို့ကိုလည်းကောင်း ဖြန့်ဝေပေးအပ်နိုင်ခဲ့သည်။

ရသေ့တောင်မြို့နယ်အတွင်း မိုခါမုန်တိုင်းဒဏ်ကြောင့် မြို့ပေါ်နှင့် ကျေးရွာ သောက်သုံးရေကန်အချို့တွင် ဆားငန်ရေဝင်ရောက်ခဲ့သဖြင့် သောက်သုံးရေအခက်အခဲဖြစ်ပေါ်လျက်ရှိရာ သန့်ရှင်းသော သောက်သုံးရေရရှိနိုင်ရေးအတွက် ရပ်ကွက်များအတွင်း ရေသန့်စင်ကားများဖြင့် သောက်သုံးရေ ဖြန့်ဝေခြင်း၊ ထို့ပြင် တစ်နာရီလျှင် ရေသန့်စင်နှုန်း ဂါလန် ၂၀၀ မှ ၃၀၀ အကြားသန့်စင်ပေးနိုင်သည့် ဆိုလာစနစ် ရေသန့်စင်စက်သုံးလုံး၊ တစ်နာရီလျှင် ဂါလန် နှစ်ဂါလန်ခွဲမှ သုံးဂါလန်ခွဲအကြား သန့်စင်ပေးနိုင်သည့် ရေသန့်စင်စက် အလုံး ၉၀ တို့ကို ရက်ပိုင်းဖြင့် ရသေ့တောင်မြို့နယ်အတွင်း တပ်ဆင်အသုံးပြုကာ သန့်ရှင်းသော သောက်သုံးရေရရှိရန် ပြန်လည်ဆောင်ရွက်ပေးနိုင်ခဲ့သည့်အတွက် ဒေသခံတို့ မုန်တိုင်းနောက်ဆက်တွဲ ရောဂါဘယများမှ ကင်းဝေးခဲ့ရသည်။

မေလ ၁၈ ရက်နေ့တွင် ပဲခူးတိုင်းဒေသကြီးမှ ရှာဖွေကယ်ဆယ်ရေးတပ်ဖွဲ့ဝင် ၁၁၆ ဦးသည် ရခိုင်ပြည်နယ် ရသေ့တောင်မြို့နယ်သို့ ကယ်ဆယ်ရှင်းလင်းရေး လုပ်ငန်းများ ဆောင်ရွက်ရန် ရောက်ရှိခဲ့ကြပြီး *စာမျက်နှာ ၈ သို့*

**“ ရသေ့တောင်မြို့နယ်အတွင်း ၂၀၂၃-၂၀၂၄ ပညာသင်နှစ် ကျောင်းအပ်နှံမှုတွင် အခြေခံပညာရေးကဏ္ဍ၌ အပ်နှံသူ ၂၇၁၃၇ ဦးရှိခဲ့ကာ တက်ရောက်သူ ၂၆၄၀၀ ရှိခဲ့သဖြင့် အခြေခံပညာအဆင့် သင်ကြားပေးနိုင်မှု ၉၇ ဒသမ ၃ ရာခိုင်နှုန်း ရှိခဲ့သည်။ ဆရာအင်အား ၁၇၉၃ ဦး၊ ကျောင်းစီမံအင်အား ၁၅၃ ဦးတို့ဖြင့် သင်ကြားပြသစီမံပေးလျက်ရှိ။ ရသေ့တောင်မြို့နယ်တွင် အခြေခံပညာအထက်တန်း ကျောင်းပေါင်း ၂၇ ကျောင်းရှိပြီး ၂၇ ကျောင်းစလုံးပင် မိုခါမုန်တိုင်းကြောင့် ပျက်စီးခဲ့ရသော်လည်း ၆၂ ရာခိုင်နှုန်းအထိ ပြန်လည်ပြင်ဆင်နိုင်ခဲ့ကြောင်း သိရှိရသည် ”**





**လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေး**

ရသေ့တောင်မြို့ပေါ်ရပ်ကွက်များ၌ လျှပ်စစ်ဓာတ်အား ရရှိရေးအတွက် ဆောင်ရွက်ပြီးနောက် ဓာတ်အားဖြန့်ဖြူးပေးထားမှုအခြေအနေကို တွေ့ရစဉ်။

*စာမျက်နှာ ၇ မှ*

ဌာနဆိုင်ရာများ၊ မြို့နယ်စည်ပင်သာယာအဖွဲ့များ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နှင့် မီးသတ်တပ်ဖွဲ့ဝင်များနှင့် ပူးပေါင်း၍ နေအိမ်များ၊ ရုံးအဆောက်အအုံများ၊ ဘုန်းတော်ကြီးကျောင်းများ၊ စာသင်ကျောင်းများ၊ ဘုရားစေတီများနှင့် လမ်းများပေါ်သို့ လဲကျနေသည့် သစ်ပင် ပေါင်း ၁၇၀၀ ကျော်ကို Chain Saw များဖြင့် ရှင်းလင်းခြင်း၊ ဓာတ်တိုင်များနှင့် အခြားအပျက်အစီးများကို Engine Cutter များဖြင့် ဖြတ်တောက်ရှင်းလင်းခြင်း၊ ပျက်စီးသွားသည့် နေအိမ်၊ အဆောက်အအုံ၊ လမ်း၊ တံတားများ ပြန်လည်တည်ဆောက်ပြုပြင်ခြင်းများကို စတင်ပြတ်တောက်သွားရသည်။ မုန်တိုင်းတိုက်ခတ်ပြီးချိန် မေလ ၁၄ ရက် မွန်းလွဲပိုင်းမှ စတင်ကာ Satellite Terminal (B2B) များကို ရသေ့တောင်မြို့ အပါအဝင် မြို့အသီးသီး၌ ပို့ဆောင်တပ်ဆင်ပြီး တစ်မြို့လျှင် ဖုန်းလိုင်းလေးလိုင်းဖြင့် မေလ ၁၄ ရက်နေ့ ညနေပိုင်းတွင် စတင်အသုံးပြုနိုင်ရန် စီစဉ်ပေးနိုင်ခဲ့သည့်အတွက် သတင်းအချက်အလက်များ ပိုမိုရရှိစေပြီး ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ပိုမိုလွယ်ကူခဲ့ရသည်။ ရခိုင်ပြည်နယ်အတွင်း ၂၀၂၃ ခုနှစ် ဩဂုတ် ၂ ရက်မှစတင်၍ မိုဘိုင်းဆက်သွယ်ရေးတာဝါတိုင်များ ၁၀၀ ရာခိုင်နှုန်း ပြင်ဆင်ပြီးမြောက်ခဲ့သည့်အတွက် ဒေသခံတို့

**“ အကယ်၍များ မုန်တိုင်းသတိပေးချက်များကို အချိန်နှောင်းမှ ထုတ်ပြန်နိုင်ခြင်း သို့မဟုတ် ကြိုတင်ကာကွယ်ရေး အစီအမံများ အားနည်းခြင်း သို့မဟုတ် အချိန်မဆိုင်း ကူညီကယ်ဆယ်မှု လုပ်ဆောင်ရန် နှောင့်နှေးခြင်းတို့ ကြုံတွေ့ခဲ့ရပါမူ မိုခါ၏ မာယာကြောဝယ် ရသေ့တောင်မြို့နယ် အပါအဝင် မုန်တိုင်းဒဏ်သင့်ဒေသများ အားလုံး အလူးအလဲ ခံစားရပေလိမ့်မည်။ ပြန်လည်ထူထောင်ရေးလုပ်ငန်းစဉ်များ နောက်ကျခြင်း၊ စီမံခန့်ခွဲမှုအားနည်းခြင်းများ ရှိခဲ့ပါကလည်း ပြည်သူများ ပညာသင်ယူရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး၊ စိုက်ပျိုးမွေးမြူရေး၊ သန့်ရှင်းသောသောက်သုံးရေ ရရှိရေး၊ လျှပ်စစ်ဓာတ်အားရရှိရေး အစရှိသည့် ကဏ္ဍမျိုးစုံတို့တွင် အခက်အခဲများစွာဖြင့် နာလန်မထူနိုင်အောင် ရှိပေလိမ့်မည် ”**



**ပြည်သူ့ဆေးရုံပျက်စီး** ရသေ့တောင်မြို့ပြည်သူ့ဆေးရုံ တိုးချဲ့ဆောင် (ဂျပန်ဆောင်) ပျက်စီးမှုကို တွေ့ရစဉ်။



**ပြုပြင်ပြီးအခြေအနေ** ရသေ့တောင်မြို့ပြည်သူ့ဆေးရုံ တိုးချဲ့ဆောင် (ဂျပန်ဆောင်) ပြုပြင်ပြီးစီးမှု အခြေအနေကို တွေ့ရစဉ်။

လုပ်ဆောင်ခဲ့သည်။

**အခြေခံပညာ၌ ၉၇ ရာခိုင်နှုန်းကျော် ပညာသင်ယူ**

ရသေ့တောင်မြို့နယ်အတွင်း ၂၀၂၃-၂၀၂၄ ပညာသင်နှစ် ကျောင်းအပ်နှံမှုတွင် အခြေခံပညာရေးကဏ္ဍ၌ အပ်နှံသူ ၂၇၁၃၇ ဦးရှိခဲ့ကာ တက်ရောက်သူ ၂၆၄၀၀ ရှိခဲ့သဖြင့် အခြေခံပညာအဆင့် သင်ကြားပေးနိုင်မှု ၉၇ ဒသမ ၃ ရာခိုင်နှုန်းရှိခဲ့သည်။ ဆရာအင်အား ၁၇၉၃ ဦး၊ ကျောင်းစီမံအင်အား ၁၅၃ ဦးတို့ဖြင့် သင်ကြားပြသ စီမံပေးလျက်ရှိပါသည်။ ရသေ့တောင်မြို့နယ်တွင် အခြေခံပညာအထက်တန်းကျောင်းပေါင်း ၂၇ ကျောင်းရှိပြီး ၂၇ ကျောင်းစလုံးပင် မိုခါမုန်တိုင်းကြောင့် ပျက်စီးခဲ့ရသော်လည်း ၆၂ ရာခိုင်နှုန်းအထိ ပြန်လည်ပြင်ဆင်နိုင်ခဲ့ကြောင်း သိရှိရသည်။

**မြန်မြန်ဆန်ဆန် အကောင်အထည်ဖော်**

မုန်တိုင်းကြောင့် ရခိုင်ပြည်နယ်အတွင်း ဆက်သွယ်ရေးမိုဘိုင်းစခန်း ၁၂၃၃ ခုအနက် ၉၀၄ ခုမှာ ဆက်သွယ်မှု



မိုခါမုန်တိုင်းကြောင့် ရသေ့တောင်မြို့ ပြည်သူ့ဆေးရုံ ဝန်ထမ်းအိမ်ရာ ပျက်စီးမှုကို တွေ့ရစဉ်။



ရသေ့တောင်မြို့ ပြည်သူ့ဆေးရုံ ဝန်ထမ်းအိမ်ရာ ပြုပြင်ပြီးစီးမှု အခြေအနေကို တွေ့ရစဉ်။

အတွက် သတင်းအချက်အလက်ဆက်သွယ်ရေး အဆင်ပြေခဲ့ရသည်။

ထို့ပြင် လျှပ်စစ်ဓာတ်အား ပို့လွှတ်မှုတွင် ၆၆ ကေဗွီ ပုဏ္ဏားကျွန်း- ရသေ့တောင် ဓာတ်အားလိုင်းသည် ၂၀၂၃ ခုနှစ် ဇွန်လ ၃၀ ရက်နေ့တွင် ၁၀၀ ရာခိုင်နှုန်း ဓာတ်အားစတင် ပို့လွှတ်နိုင်ခဲ့သည်။ မုန်တိုင်းအလွန်ကာလအတွင်း ရသေ့တောင်မြို့နယ်ရှိ ကျေးရွာများ၌ ပျက်စီးကျိုးပြတ်သွားသောမီးတိုင်များအစားထိုးလဲလှယ်တပ်ဆင်ရာ၌လည်း ကျေးရွာသူကျေးရွာသားများက ဝမ်းပန်းတသာ ဝိုင်းဝန်း ကူညီပေးလျက်ရှိသည်ကို မြင်တွေ့ခဲ့ရသည်။ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများနှင့် ဒေသခံများ၏ ပူးပေါင်းမှုဖြင့် ၂၀၂၃ ခုနှစ် ဇူလိုင် ၅ ရက်နေ့တွင် ရသေ့တောင်မြို့ပေါ်၌ လျှပ်စစ်မီးများ စတင်အသုံးပြုနိုင်လာသည်။

**ကျန်းမာရေးစောင့်ရှောက်မှု ပေးအပ်နိုင်ခဲ့**

ရခိုင်ပြည်နယ်အတွင်း မုန်တိုင်းအန္တရာယ်ကြုံတွေ့ပြီးနောက် ပြည်သူလူထုအခြေပြု ကျန်းမာရေးစောင့်ရှောက်မှုများ ရရှိနိုင်စေရေးအတွက် ကျေးလက်ကျန်းမာရေးဌာန ၁၁၀ နှင့် ကျေးလက်ကျန်းမာရေးဌာနခွဲ ၅၉၄ ခုတို့တွင် ကျန်းမာရေး စောင့်ရှောက်မှုများပေးခြင်း၊ ဒေသခံပြည်သူများအား ကျေးရွာအရောက် ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရေးအတွက် ဗဟိုအားဖြည့် အဖွဲ့လေးဖွဲ့၊ တိုင်းဒေသကြီး/ပြည်နယ်များမှ RRT အဖွဲ့ ၂၁ ဖွဲ့၊ အထူးကုဆေးအဖွဲ့ ၁၃ ဖွဲ့နှင့် ဆေးကုသရေးအဖွဲ့ သုံးဖွဲ့နှင့် တိုင်းရင်းဆေး ကုသမှုအဖွဲ့တို့အား စေလွှတ်၍ ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။

အထူးကုဆေးအဖွဲ့များတွင် ဆေးပညာ၊ ခွဲစိတ်ပညာ၊ ကလေး၊ သားဖွားမီးယပ်၊ အရိုး၊ မျက်စိ/နား/နှာခေါင်း/လည်ချောင်း၊ မေ့ဆေး အစရှိသည့် အထူးကုဆရာဝန်ကြီးများပါဝင်၍ ရခိုင်ပြည်နယ်ရှိ *စာမျက်နှာ ၉ သို့*



**အထက(ခွဲ) ကပ်ချောင်း ထိခိုက်ပျက်စီး** ရသေ့တောင်မြို့နယ်၌ အလွန့်အလွန်အားကောင်းသော မိုခါဆိုင်ကလုန်းမုန်တိုင်းကြောင့် ပျက်စီးသွားသည့် အထက(ခွဲ) ကပ်ချောင်း၊ အဆောင်(၁) (၁၂၀' x ၃၀') RCC တစ်ထပ်ကျောင်းဆောင် ထိခိုက်ပျက်စီးမှုကို တွေ့ရစဉ်။



**ပြန်လည် ပြုပြင်ပြီးစီး** ရသေ့တောင်မြို့နယ်၌ အလွန့်အလွန်အားကောင်းသော မိုခါဆိုင်ကလုန်းမုန်တိုင်းကြောင့် ပျက်စီးသွားသည့် အထက(ခွဲ) ကပ်ချောင်း၊ အဆောင်(၁) (၁၂၀' x ၃၀') RCC တစ်ထပ်ကျောင်းဆောင် ပြန်လည်ပြုပြင်ပြီးစီးမှုကို တွေ့ရစဉ်။



ရသေ့တောင်မြို့နယ်တွင် ဒေသခံများအတွက် ရေသန့်သောက်သုံးရေ ဖြန့်ဝေပေးစဉ်။



ဒေသခံပြည်သူများ ကျန်းမာရေးအတွက် ရသေ့တောင်မြို့နယ် ကူတောင်တိုက်နယ်ဆေးရုံ ဆင်ဝင်အမိုးအောက်တွင် ဆေးခန်းဖွင့်လှစ်ကုသပေးမှုကို တွေ့ရစဉ်။

*စာမျက်နှာ ၈ မှ*

စစ်တွေမြို့နယ်၊ ရသေ့တောင်မြို့နယ်အပါအဝင် ကျောက်ဖြူ၊ ကျောက်တော်၊ မင်းပြား၊ ဘူးသီးတောင်၊ ပုဏ္ဏားကျွန်း၊ မာန်အောင်၊ ပေါက်တောမြို့နယ်များသို့ ကွင်းဆင်းကုသပေးခဲ့သည်။

**စိုက်ပျိုးရေး မလစ်ဟင်းစေရ**

ရသေ့တောင်မြို့နယ်သည် စိုက်ပျိုးရေးကို အခြေခံသည့် မြို့နယ်ဖြစ်ရာ မုန်တိုင်းအလွန် မိုးဦးကျကာလ စိုက်ပျိုးရေးလုပ်ငန်းများ အချိန်မီ စတင်နိုင်ရန်အတွက် နိုင်ငံတော်က တစ်ဧကလျှင် တင်း ၁၀၀ ကျော်ထွက်ရှိသည့် မျိုးစပါးတင်း ငါးသောင်းကျော် ထောက်ပံ့ပေးနိုင်ခဲ့ကြောင်း သိရှိရသည်။ ရသေ့တောင်မြို့နယ်အတွင်း မိုခါဆိုင်ကလုန်းမုန်တိုင်းကြောင့် တောင်သူလယ်သမားများ၏ ကျွဲနွားများ သေဆုံးခဲ့ရသဖြင့် စိုက်ပျိုးရာသီအမီ ထွန်ယက်လုပ်ကိုင်ရန်အတွက် လယ်ယာသုံးစက်ကိရိယာ ပိုင်ဆိုင်မှုမရှိသော တောင်သူများအား စက်မှုလယ်ယာဦးစီးဌာနပိုင် Mini Tractor လေးစီး၊ လက်တွန်းထွန်စက် ခြောက်စီးတို့ကို ငှားရမ်းပေးကာ မိုးစပါး အချိန်မီ စိုက်ပျိုးနိုင်ရေးအတွက် ထွန်ယက်နိုင်ရန် တစ်ရာသီ အခမဲ့ငှားရမ်းပေးခဲ့ပြီး တောင်သူများအား လယ်ယာသုံးစက်ကိရိယာ မောင်းနှင်ထိန်းသိမ်းမှုရက်တိုသင်တန်းကို ၂၀၂၃ ခုနှစ် ဇွန်လ ၂၉ ရက်နေ့က ဖွင့်လှစ်သင်ကြားပေးခဲ့သည်။

ထို့ပြင် မြင်းကောင်ရေ ၅၀ ရှိ တစ်ရက်လျှင် လေးဧက (ထယ်+ထွန်) ထွန်ယက်နိုင်သည့် ထွန်စက် အစီး ၂၀ ကိုလည်း မယူကမ်းကျေးရွာ ၁၄ စီး၊ မိုးစဲကျွန်း သုံးစီး၊ မြို့မနယ်မြေ သုံးစီးစသည်ဖြင့် ဖြန့်ဝေပေးခဲ့ခြင်းဖြင့် ဒေသခံများ၏ စိုက်ပျိုးရေး အခက်အခဲကို ကူညီဖြေရှင်းပေးနိုင်ခဲ့သည်။

**“သဘာဝဘေးအန္တရာယ် ကျရောက်ခဲ့ချိန်တွင် အစိုးရ၊ တပ်မတော်နှင့် ပြည်သူတို့ ပူးပေါင်းကာ ဒေသအတွင်း ထိခိုက်မှုအနည်းဆုံးဖြစ်ရန်နှင့် ပြည်သူလူထု အကျိုးစီးပွား မပျက်သုဉ်းရစေရန် ကြိုးပမ်းဆောင်ရွက်ခဲ့ကြသည်။ နိုင်ငံအတွက် စိန်ခေါ်မှုများစွာရှိချိန်ဖြစ်သော်လည်း ကျောသားရင်သားမခွဲခြား မိမိတို့၏ တစ်မြေတည်းနေ၊ တစ်ရေတည်းသောက်၊ တစ်လေတည်းအတူရှူနေကြသူ တိုင်းရင်းသားများအတွက် ရှိသမျှအင်အားဖြင့် ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများ အစွမ်းကုန်စာနာထောက်ထားဆောင်ရွက်ပေးခဲ့ ”**



**အထက - ကူတောင် ပျက်စီးမှု**

မိုခါဆိုင်ကလုန်းမုန်တိုင်းကြောင့် ပျက်စီးသွားသည့် အထက – ကူတောင်၊ အဆောင်(၇) (၁၄၄' x ၃၀') RCC နှစ်ထပ်ကျောင်းဆောင် ပျက်စီးမှုကို တွေ့ရစဉ်။



**အထက - ကူတောင် ပြုပြင်ပြီးစီး**

မိုခါဆိုင်ကလုန်းမုန်တိုင်းကြောင့် ပျက်စီးသွားသည့် အထက – ကူတောင်၊ အဆောင်(၇) (၁၄၄' x ၃၀') RCC နှစ်ထပ်ကျောင်းဆောင် ပြန်လည်ပြုပြင်ပြီးစီးမှုကို တွေ့ရစဉ်။

**မပြောင်းလဲသောအမှန်တရား**

မိုခါဆိုင်ကလုန်းမုန်တိုင်း တိုက်ခတ်ခဲ့သည်မှာ ယခုဆိုလျှင် ၁၀ လကျော်မျှ ကြာမြင့်ခဲ့ပြီဖြစ်ပါသည်။ အကယ်၍များ မုန်တိုင်းသတိပေးချက်များကို အချိန်နှောင်းမှ ထုတ်ပြန်နိုင်ခြင်း သို့မဟုတ် ကြိုတင်ကာကွယ်ရေး အစီအမံများ အားနည်းခြင်း သို့မဟုတ် အချိန်မဆိုင်း ကူညီကယ်ဆယ်မှု လုပ်ဆောင်ရန် နှောင့်နှေးခြင်းတို့ ကြုံတွေ့ခဲ့ရပါမူ မိုခါ၏ မာယာကြောဝယ် ရသေ့တောင်မြို့နယ် အပါအဝင် မုန်တိုင်းဒဏ်သင့်ဒေသများအားလုံး အလူးအလဲ ခံစားရပေလိမ့်မည်။ ပြန်လည်ထူထောင်ရေး လုပ်ငန်းစဉ်များ နောက်ကျခြင်း၊ စီမံခန့်ခွဲမှုအားနည်းခြင်းများ ရှိခဲ့ပါကလည်း ပြည်သူများ ပညာသင်ယူရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး၊ စိုက်ပျိုးမွေးမြူရေး၊ သန့်ရှင်းသော သောက်သုံးရေရရှိရေး၊ လျှပ်စစ်ဓာတ်အားရရှိရေး အစရှိသည့် ကဏ္ဍမျိုးစုံတို့တွင် အခက်အခဲများစွာဖြင့် နာလန်မထူနိုင်အောင် ရှိပေလိမ့်မည်။

သဘာဝဘေးအန္တရာယ် ကျရောက်ခဲ့ချိန်တွင် အစိုးရ၊ တပ်မတော်နှင့် ပြည်သူတို့ ပူးပေါင်းကာ ဒေသအတွင်း ထိခိုက်မှုအနည်းဆုံးဖြစ်ရန်နှင့် ပြည်သူလူထု အကျိုးစီးပွား မပျက်သုဉ်းရစေရန် ကြိုးပမ်းဆောင်ရွက်ခဲ့ကြသည်။ နိုင်ငံအတွက် စိန်ခေါ်မှုများစွာ ရှိချိန်ဖြစ်သော်လည်း ကျောသားရင်သားမခွဲခြား မိမိတို့၏ တစ်မြေတည်းနေ၊ တစ်ရေတည်းသောက်၊ တစ်လေတည်းအတူရှူနေကြသူ တိုင်းရင်းသားများအတွက် ရှိသမျှအင်အားဖြင့် ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အစွမ်းကုန် စာနာထောက်ထားဆောင်ရွက်ပေးခဲ့ခြင်းကို ရသေ့တောင်မြို့နယ်အတွင်းမှ ပြည်သူများ အသိဆုံးပင် ဖြစ်ပါကြောင်း။ ။



ရသေ့တောင်မြို့နယ် လောင်းချောင်းကျေးရွာ၌ စက်မှုလယ်ယာဦးစီးဌာန ထွန်စက်များဖြင့် ဒေသခံတောင်သူများ မိုးစပါးအချိန်မီစိုက်ပျိုးနိုင်ရေး ထွန်ယက်ပေးစဉ်။

# ဆန်စပါးမျိုးစေ့ထုတ်လုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးနှင့် Export Zone များ ဖော်ဆောင်ရေးအတွက် အစိုးရ-ပုဂ္ဂလိက တွေ့ဆုံဆွေးနွေးပွဲကျင်းပ

**နေပြည်တော် မတ် ၂၅**

ဆန်စပါးမျိုးစေ့ထုတ်လုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးနှင့် Export Zone များ ဖော်ဆောင်ရေး အစိုးရ-ပုဂ္ဂလိက တွေ့ဆုံဆွေးနွေးပွဲကို ယနေ့တွင် နေပြည်တော် ဇေယျာသီရိမြို့နယ်ရှိ စိုက်ပျိုးရေးသုတေသနဦးစီးဌာန နဝရတ်ခန်းမ၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်နှင့် ဦးလှမိုး၊ ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ်၊ အမြဲတမ်းအတွင်းဝန်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ် ဥက္ကဋ္ဌနှင့် ညီနောင်အသင်းအဖွဲ့များမှ တာဝန်ရှိသူများ၊ ဆန်စပါးပညာရှင်များ၊ မျိုးစေ့ကုမ္ပဏီများမှ ကိုယ်စားလှယ်များ၊ မျိုးစေ့ထုတ်တောင်သူများ တက်ရောက်ကြသည်။



### မိမိတို့အားလုံး ဝိုင်းဝန်းကြိုးပမ်း

ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ်က တောင်သူလယ်သမားများ သီးနှံစိုက်ပျိုးထုတ်လုပ်ခြင်း၏ အန္တိမရည်မှန်းချက်ဖြစ်သည့် အကျိုးအမြတ်များများ ရရှိရေး၊ Export Zone များ တည်ထောင်ပြီး ပိုမိုခိုင်မာသည့် ပြည်ပဈေးကွက်များ ရရှိလာနိုင်ရေးနှင့် ကမ္ဘာ့ဆန်တင်ပို့မှု အများဆုံးနိုင်ငံ တစ်နိုင်ငံဖြစ်လာစေရေးအတွက် မိမိတို့အားလုံး ဝိုင်းဝန်းကြိုးပမ်းကြရန် ပြောကြားသည်။

ဆက်လက်၍ စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲတင့်ထွန်းက ဆန်စပါးမျိုးစေ့ထုတ်လုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးနှင့် Export Zone များ ဖော်ဆောင်ရေး စီစဉ်ဆောင်ရွက်ရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြပြီး မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်ဥက္ကဋ္ဌ ဦးရဲမင်းအောင်က ဒေသတွင်းနိုင်ငံများ၏ ဆန်တင်ပို့မှုနှင့် ဈေးကွက်အခြေအနေများ၊ နိုင်ငံတကာတွင် မြန်မာ့ဆန်ဈေးကွက်ထိုးဖောက်နိုင်ရေးအတွက် သီးနှံအရည်အသွေးနှင့် မျိုးကောင်းမျိုးသန့်သုံးစွဲစိုက်ပျိုးရန် လိုအပ်ချက်များကို ဆွေးနွေးတင်ပြသည်။

ထို့နောက် ဆွေးနွေးပွဲ တက်ရောက်လာကြသည့် လုပ်ငန်းရှင်များ၊ တောင်သူများနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ပြည်ပသို့ ဆန်တင်ပို့ရောင်းချခြင်းအတွက် စိုက်ပျိုးထုတ်လုပ်ရန် မျိုးကောင်းမျိုးသန့် ရွေးထုတ်ခြင်း တိုင်းဒေသကြီး ပြည်နယ်အလိုက် လေ့လာဆောင်ရွက်ရန်၊ တကွဲတပြားဖြစ်နေသည့် မျိုးစေ့ထုတ်သူများကို ပြန်လည်စုစည်းရန်၊ ပန်းတိုင်အထွက် ရည်မှန်းချက်နှင့် ဆန်တင်ပို့ခြင်းအတွက် အကျိုးများနိုင်မည့် အထွက်ကောင်းစပ်မျိုး Hybrid Rice စိုက်ပျိုးထုတ်လုပ်မှုကို စဉ်းစားပေးနိုင်ရေး၊ ဆန်စပါးအထူးပြုကုမ္ပဏီများ၊ ဆန်တင်ပို့ရောင်းချသူများကို မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်က ဦးဆောင်၍ မျိုးစေ့ထုတ်လုပ်ငန်းများကို ဧရာဝတီတိုင်းဒေသကြီးတွင် တောင်သူများနှင့် ပူးပေါင်းဆောင်ရွက်နိုင်ရေး၊ ဆန်စပါးအထူးပြုကုမ္ပဏီများက စိုက်ပျိုးထုတ်လုပ်မှုနှင့် တင်ပို့ရောင်းချမှု ဟန်ချက်ညီဖြစ်စေရန် လိုအပ်သော အမျိုးအစားအလိုက် စိုက်ဧရိယာလိုအပ်ချက်များကို တွက်ချက်ပြီး Export Zone များ သတ်မှတ်ရန်၊ အသေးစား၊ အငယ်စားနှင့် အလတ်စား မျိုးစေ့ထုတ်လုပ်ငန်းများအတွက် ထိုက်သင့်သည့် ရင်းနှီးမြှုပ်နှံမှုရရှိရေး၊ မျိုးစေ့အခြောက်ခံခြင်း၊ သိုလှောင်ခြင်း၊ ထုပ်ပိုးခြင်း အပါအဝင် လုပ်ငန်းရှင်များ၏ အရင်းအနှီးချေးငွေ ရရှိရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ပူးပေါင်းဆောင်ရွက်ရန်၊ မျိုးစေ့ထုတ်တောင်သူများအား နိုင်ငံစီးပွားမြှင့်တင်ရေးရန်ပုံငွေ စီမံကိန်းနှင့် ချိတ်ဆက်ပေးရန်၊ တောင်သူကြီးများအတွက် ကန့်ထရိုက် လယ်ယာစနစ် အထူးချေးငွေနှင့် ချိတ်ဆက်ဆောင်ရွက်ပေးရန်၊ တောင်သူနှင့် ဆန်စပါးကုမ္ပဏီများကြား မျိုးစေ့ထုတ်လုပ်ငန်း သတင်းအချက်အလက်ရရှိမှု ကောင်းမွန်စွာ စီးဆင်းရန်၊ မျိုးစေ့လုပ်ငန်း ပိုမိုတွင်ကျယ်လာစေရေးအတွက် မျိုး၊ မြေ၊ ရေ၊ နည်း လိုအပ်ချက်ကို တောင်သူများ စနစ်တကျအသုံးပြုနိုင်ရေး တိုးချဲ့ဆောင်ရွက်ရန် လိုအပ်ချက်များကို ဆွေးနွေးခဲ့ကြသည်။

ဆွေးနွေးပွဲ ဒုတိယပိုင်းအစီအစဉ်တွင် ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်က စပါးမျိုးအမည်များကို ဒေသအလိုက် အခေါ်အဝေါ်အမျိုးမျိုး သုံးစွဲနေမှုကို ပြန်လည်စိစစ်ပြီး မျိုးဗီဇကိုအခြေခံသည့် မျိုးအမည်ကိုတစ်ပြေးညီ သုံးစွဲနိုင်ရေး ဆက်လက်ကြိုးပမ်းသွားရန် လိုအပ်ကြောင်း၊ လယ်ယာမြေများတွင် ခွင့်ပြုချက်မရှိဘဲ အခြားနည်းပြောင်းလဲသုံးစွဲမှုများ မပြုလုပ်ကြရန်နှင့် အသုံးပြုရန်လိုအပ်ချက်ရှိပါက တည်ဆဲလယ်ယာမြေဥပဒေ၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ခွင့်ပြုချက်တောင်းခံရန် လိုမည်ဖြစ်ကြောင်း၊ လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် သက်ဆိုင်ရာအသင်းအဖွဲ့များ လုပ်ငန်းရှင်များအားလုံးက ညီညွတ်စွာ ပူးပေါင်းဆောင်ရွက်ရန်လိုကြောင်း ပြောကြားသည်။

### ကူညီဆောင်ရွက်ပေးသွားမည်

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဦးလှမိုးက စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးလာရေးအတွက် အခြေခံကုန်ကြမ်းလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရန် လယ်ယာကဏ္ဍဖွံ့ဖြိုးရန် တောင်သူလယ်သမားများ၊ လုပ်ငန်းရှင်များ၏ ရင်းနှီးမြှုပ်နှံမှု ငွေကြေးလိုအပ်ချက်သည် အလွန်အရေးပါကြောင်း၊ လုပ်ငန်းတူ စိတ်တူသဘောတူ ဆန္ဒတူညီသူများစုဖွဲ့ပြီး သမဝါယမအသင်းအဖြစ် လုပ်ကိုင်မည်ဆိုပါက သမဝါယမ ချေးငွေရရှိနိုင်မှု အခွင့်အလမ်းများရှိပါကြောင်းနှင့် မျိုးစေ့ထုတ်သမဝါယမအသင်း၊ လယ်ယာကုန်ထုတ်ဝန်ဆောင်မှု သမဝါယမအသင်းများအဖြစ် တည်ထောင်လုပ်ကိုင်လိုပါက ဥပဒေစည်းမျဉ်း စည်းကမ်းများနှင့်အညီ ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်၍ စုပေါင်းကြိုးပမ်းကြစေလိုကြောင်း ဆွေးနွေးပြောကြားသည်။

ဆွေးနွေးပွဲအပြီးတွင် ပြည်ထောင်စုဝန်ကြီးများနှင့် ဆွေးနွေးပွဲ တက်ရောက်လာကြသူများသည် မျိုးစေ့ထုတ်ကုမ္ပဏီများ၏ မျိုးစေ့နမူနာများ၊ ဆန်နှင့် ထမင်းနမူနာများကို ကြည့်ရှုခဲ့ကြကြောင်း သိရသည်။ (အပေါ်ဝဲပုံ)

သတင်းစဉ်

# တက္ကသိုလ်များတွင် အင်္ဂလိပ်စာအထူးပြု ပါရဂူတန်းများ တိုးချဲ့ဖွင့်လှစ်မည်

**နေပြည်တော် မတ် ၂၅**

ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်သည် ယနေ့ နံနက် ၁၀ နာရီတွင် တက္ကသိုလ်အသီးသီးမှ အင်္ဂလိပ်စာ ပါမောက္ခ၊ တွဲဖက်ပါမောက္ခများနှင့် အွန်လိုင်းမှ တွေ့ဆုံကာ ရန်ကုန်တက္ကသိုလ်၊ မန္တလေးတက္ကသိုလ်တို့အပြင် မြစ်ကြီးနား၊ တောင်ကြီး၊ မော်လမြိုင်၊ ပုသိမ်၊ မကွေးတက္ကသိုလ်တို့တွင် အင်္ဂလိပ်စာအထူးပြု ပါရဂူတန်းများ တိုးချဲ့ဖွင့်လှစ်ရေးကိစ္စ ညှိနှိုင်းဆွေးနွေးသည်။ (ယာပုံ)



### ပါရဂူတန်းများ ဖွင့်လှစ်နိုင်

ဦးစွာ ဒုတိယဝန်ကြီးက တက္ကသိုလ်များရှိ အင်္ဂလိပ်စာ အထူးပြုဘွဲ့လွန် သင်တန်းများ သင်ကြားကြီးကြပ်ရန် ပါမောက္ခများ၊ ပါရဂူဘွဲ့ရများ လိုအပ်ပါကြောင်း၊ နိုင်ငံတစ်ဝန်းရှိ တက္ကသိုလ်များတွင် အင်္ဂလိပ်စာပါရဂူဘွဲ့ရ ဆရာဦးရေ ၂၀ ရှိပါကြောင်း၊ လက်ရှိကာလတွင် ရန်ကုန်တက္ကသိုလ်နှင့်မန္တလေးတက္ကသိုလ် နှစ်ခုတွင်သာ အင်္ဂလိပ်စာအထူးပြု ပါရဂူတန်းများ ဖွင့်လှစ်နိုင်သဖြင့် ၂၀၂၄ ခုနှစ် ဇွန်လတွင် စတင်မည့် ၂၀၂၄-၂၀၂၅ ပညာသင်နှစ်မှ စတင်ကာ မြစ်ကြီးနား၊ တောင်ကြီး၊ မော်လမြိုင်၊ ပုသိမ်၊ မကွေး တက္ကသိုလ်တို့တွင် ပါရဂူတန်းများ တိုးချဲ့ဖွင့်လှစ်ရန် ပညာရေးဝန်ကြီးဌာနက ခွင့်ပြုထားပါကြောင်း။

### အားဖြည့်စောင့်ရှောက်ပေး

အရေအတွက်နှင့် လိုက်လျောညီထွေစွာ အရည်အသွေးရှိသော ပါရဂူဘွဲ့ရ ပညာတတ်များ ပေါ်ထွန်းစေရေးအတွက် အင်္ဂလိပ်စာ ပါရဂူကျမ်း ကြီးကြပ်ရေးကော်မတီနှင့် ဘာသာရပ်သင်ကြားရေးအဖွဲ့တို့က ကြီးကြပ်ပေးရန်လည်း ညှိနှိုင်းစီစဉ်ပြီးဖြစ်ပါကြောင်း၊ အင်္ဂလိပ်စာပါရဂူဘွဲ့ရ ပါမောက္ခချုပ်များ၊ ဒုတိယပါမောက္ခချုပ်များကလည်း အားဖြည့်စောင့်ရှောက်ပေးစေလိုပါကြောင်း မှာကြားသည်။

ယင်းနောက် အင်္ဂလိပ်စာပါရဂူဘွဲ့ရ ပါမောက္ခချုပ်များ၊ ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခများက ဝိုင်းဝန်းဆွေးနွေး အကြံပြုခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

### လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်

**နေပြည်တော် မတ် ၂၅**

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခုနစ်ပေခန့် ရှိနိုင်သည်။ **မိုး/ဇလ**

**လမ်းမီးများကို အလင်းရောင်ရှိသောအချိန်များ၌ ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ။**
**အလင်းရောင်အားနည်းလာသည့်အချိန်တွင် လမ်းမီးများကို အလိုအလျောက်ဖွင့်စေပြီး အလင်းရောင်ပေါ်ထွက်လာပါက အလိုအလျောက်ပိတ်စေသည့်စနစ်ကို တပ်ဆင်ပါ။**



ရမည်းသင်းမြို့နယ် မြန်မာ့ဆက်သွယ်လုပ်ငန်း၌ မတ် ၂၅ ရက်က ခရိုင်မီးသတ်ဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်ခင်ဆင့်၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးစီးအရာရှိ ဦးသူရလင်းနှင့် တပ်ဖွဲ့ဝင်များက မီးဘေးကြိုတင်ကာကွယ်ရေးအတွက် အသိပညာပေးပြောကြားပြီး မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းရှိ ဝန်ထမ်းများနှင့်အတူ မီးငြိမ်းသတ်ရေး သရုပ်ပြလေ့ကျင့်ခြင်းများ ပူးပေါင်းဆောင်ရွက်စဉ်။

မောင်ကျော်ကြီး

## စစ်သားဟူစွ ပြည့်သားလှ

❖ နိုင်ငံဂုဏ်ဟိတ်၊ နယ်နိမိတ်မျဉ်း
မယွင်းစေရေး၊ သွေးချွေးအသက်
ပေးဆပ်အပ်နှင်း၊ တွန့်ဆုတ်ကင်းစွာ
ခပင်းရန်စွယ်၊ အမြစ်ပယ်လျက်
ကာကွယ်ခဲ့သူ၊ ဘယ်သူပါလဲ . . .။

❖ နိုင်ငံ့စည်းရိုး၊ မပျက်ကျိုးဘဲ
မိုးအဆုံး မြေအထဲ၊ အာဏာစွဲလျက်
မြဲမြံခိုင်ကျည်၊ အစွန့်ရှည်အောင်
ယုံကြည်ရှေ့တိုး၊ ကိုယ့်အရိုးနှင့်
စိုက်ထိုးဆင့်စီ၊ ကာခဲ့သည်မှာ
ဘယ်သူပါလဲ . . .။

❖ ဘာမျှကိုယ်ကျိုး
မျှော်ကိုးမတွက်၊ ပြည့်အတွက်သာ
ချစ်မက်မြတ်လေး၊ ပြည့်အရေးသာ
ပေးဆပ်သယ်ပိုး၊ အရိုးကြေကြေ
အရေခန်းခန်း၊ ခြေလှမ်းမပျက်
ရှေ့တက်ရဲသူ၊ ဘယ်သူပါလဲ . . .။

❖ ယုံကြည်ရာလမ်း၊ မဖြောင့်တန်းဘဲ
ကြမ်းမည်မှန်းသိ၊ သိလျက်နှင့်ကို
လိုလိုချင်ချင်၊ ပါဝင်ဆင်နွှဲ
ရဲသွေးမာန်ဖုံး၊ အပြုံးမပျက်
အခက်အခဲ၊ ဖြတ်ကျော်ရဲသူ
ဘယ်သူပါလဲ . . .။

❖ ပြည့်အတွက်ဆို
အသက်ပေးသူ . . .
ပြည့်အကျိုးဆို
ကိုယ်ကျိုးစွန့်သူ . . .
ပြည့်အရေးဆို
ပေးဆပ်ရဲသူ . . .
ဇမ္ဗူတစ်လွှား ရှာမှရှား။
မ,တစ်ထောင်မှာ တစ်ကောင်ဖွား။
အာဂယောကျာ်း ဇာနည်ဘွား။

❖ နိုင်ငံကသာ၊ လိုအပ်ပါလျှင်
နေရာမရွေး . . .
ချိန်ခါမရွေး . . .
ရန်သူမရွေး . . .
ပြေးတွေ့ရင်ဆိုင်၊ အောင်နိုင်စိတ်နှင့်
တံခွန်လွှင့်ရင်း၊ ကိုယ်နှင့်သက်ကို
လိုလိုလားလား၊ စွန့်လှူထားသူ
စစ်သားဟူစွ ပြည့်သားလှ။
ရဲဝံ့စွန့်စား ရှေ့တန်းက။
စွန့်လွှတ်ပေးဆပ် မြတ်ဆန္ဒ။
စစ်သားဘဝ ဒုလ္လဘ။
အရတော်လှ ရခဲစွ။ ။

**ဇော်မင်းမင်းဦး**

## (၁၃)ကြိမ်မြောက် နျူကလီးယားနည်းပညာအခြေခံသည့် ဆန်းသစ်တီထွင်မှုဖိုရမ်သို့ မြန်မာနိုင်ငံအပါအဝင် နိုင်ငံပေါင်း ၇၅ နိုင်ငံမှ ကိုယ်စားလှယ်များ တက်ရောက်

**ဆိုချီ မတ် ၂၅**

(၁၃)ကြိမ်မြောက် နျူကလီးယား နည်းပညာအခြေခံသည့် ဆန်းသစ်တီထွင်မှုဖိုရမ် (၂၀၂၄) (XIII International Forum ATOMEXPO 2024)ဖွင့်ပွဲ အခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဆိုချီမြို့၌ ကျင်းပသည်။ **(ယာပုံ)**

အဆိုပါဖိုရမ်သို့ မြန်မာနိုင်ငံအပါအဝင် နိုင်ငံပေါင်း ၇၅ နိုင်ငံမှ အစိုးရအဖွဲ့များ၊ နိုင်ငံတကာအဖွဲ့အစည်းများ၊ နျူကလီးယားဆိုင်ရာ ကျွမ်းကျင်ပညာရှင်များ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် စီးပွားရေးလုပ်ငန်းများမှ တာဝန်ရှိသူများ၊ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ဖိုရမ်ဖွင့်ပွဲတွင် Rosatom ၏ Director General ဖြစ်သူ Alexey Likhachev က အမှာစကားပြောကြားပြီး ဖိုရမ်ကို ဖွင့်လှစ်ပေးသည်။

ထို့နောက် အဆိုပါဖိုရမ်၏ မျက်နှာစုံညီအစည်းအဝေးကို “Empowering Clean Future” ခေါင်းစဉ်ဖြင့် ကျင်းပသည်။




ယင်းဖိုရမ်၏ မျက်နှာစုံညီအစည်းအဝေးနှင့် စကားဝိုင်းဆွေးနွေးပွဲများတွင် နျူကလီးယားစွမ်းအင်အခြေခံသည့် တီထွင်ဆန်းသစ်မှုများ၊ ကာဗွန်ထုတ်လွှတ်မှု လျှော့ကျရေးအစီအစဉ်များ၊ စဉ်ဆက်မပြတ် စွမ်းအင်ရရှိရေး၊ ပြည့်ဖြိုးမြဲစွမ်းအင်နှင့် နျူကလီးယားစွမ်းအင်မျိုးဆက် သဟဇာတဖြစ်မှု၊ Atomic Energy ကို ငြိမ်းချမ်းစွာ အသုံးပြုခြင်းဆိုင်ရာများ၊ နျူကလီးယားနည်းပညာများနှင့်ပတ်သက်၍ ကမ္ဘာ့နိုင်ငံများတွင် အသုံးပြုဆောင်ရွက်နေမှုများ၊ နျူကလီးယားနည်းပညာကို သုတေသနလုပ်ငန်းများ၊ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်း စသည့်ကဏ္ဍများတွင် အသုံးပြုမှုအခြေအနေများ၊ စွမ်းအင်များကို အကျိုးရှိရှိ ထိရောက်စွာထုတ်လုပ်မှုများ၊ နျူကလီးယားနည်းပညာ၏ လူသားနှင့် ပတ်ဝန်းကျင်အပေါ် မထိခိုက်စေဘဲ အကျိုးပြုမှုများ၊ လျှပ်စစ်ဓာတ်အားနှင့် စွမ်းအင်လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးနေမှုများအပြင် အခြားတီထွင်ဆန်းသစ်မှုအခြေအနေများနှင့် ကမ္ဘာလုံးဆိုင်ရာ နျူကလီးယား စက်မှုလုပ်ငန်းနှင့် ဆက်စပ်နယ်ပယ်များ၏ နောက်ဆုံးပေါ်အောင်မြင်မှုများကို ဆွေးနွေးခဲ့ကြသည်။

**မိတ်ဆက်ခင်းကျင်းပြသထား**

ထို့ပြင် ဖိုရမ်၌ နျူကလီးယားနည်းပညာအခြေခံသည့် စ က်မှုလုပ်ငန်းဆိုင်ရာ ခေတ်မီပြခန်းများနှင့် ပုံစံငယ်များ၊ စွမ်းအင်ကဏ္ဍ၊ စက်မှုလုပ်ငန်းကဏ္ဍ၊ သဘာဝပတ်ဝန်းကျင်ကဏ္ဍ၊ ကျန်းမာရေးစောင့်ရှောက်မှုကဏ္ဍ၊ ထောက်ပံ့ပို့ဆောင်ရေးကဏ္ဍ၊ ဒစ်ဂျစ်တယ်ကဏ္ဍ၊ သိပ္ပံပညာကဏ္ဍနှင့် ပညာရေးကဏ္ဍဆိုင်ရာ ဆန်းသစ်တီထွင်မှုများနှင့် Generation IV နျူကလီးယားနည်းပညာများကို မိတ်ဆက်ခင်းကျင်းပြသထားသည်။ **သတင်းစဉ်**

## ရွှေတောင်မြို့နယ် မင်းကြီးကုန်းကျေးရွာတွင် မီးလောင်မှုဖြစ်ပွားခဲ့သည့် လူနေအိမ်ငါးလုံးအား ထောက်ပံ့

**ရွှေတောင် မတ် ၂၅**

ရွှေတောင်မြို့နယ် မင်းကြီးကုန်းကျေးရွာတွင် မတ် ၂၂ ရက်က



မီးလောင်မှုဖြစ်ပွားခဲ့သည့် နေအိမ်ငါးလုံးအား ယနေ့ နံနက်ပိုင်းက ထောက်ပံ့ငွေနှင့် ပစ္စည်းများ ပေးအပ်ခဲ့သည်။

အဆိုပါ မီးလောင်မှုဖြစ်ပွားခဲ့သည့် နေအိမ် ငါးလုံး၊ အိမ်ထောင်စု ငါးစုအား ရွှေတောင်မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဟံဝင်းအောင်၏ ကြီးကြပ်မှုဖြင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြည်ခရိုင် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါ်တင်တင်ချိုနှင့် မြို့နယ်ကြက်ခြေနီတပ်ဖွဲ့ဝင်များက ပြည်ခရိုင် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ ထောက်ပံ့သော စုစုပေါင်း အိမ်ဆောက်ပစ္စည်းဖိုးနှင့် ဆန်ရိက္ခာဖိုးငွေကျပ် ၇၅၀၄၀၀ အား ပေးအပ်ခဲ့ပြီး မြို့နယ်ကြက်ခြေနီအဖွဲ့က အိမ်ထောင်စုတစ်စုလျှင် တစ်ကိုယ်ရေ သန့်ရှင်းရေးသုံးပစ္စည်း ၁၉ မျိုးပါ ပုံးတစ်ပုံး၊ တာပေါ်လင်စတစ်စ၊ စောင်နှစ်ထည်၊ ဒန်အိုးရေခွက်တို့ကို လက်ဝယ်အရောက် ထောက်ပံ့ ပေးအပ်ခဲ့ကြောင်း သိရသည်။ **ကိုကိုမင်း (ပြန်/ဆက်)**

## ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၂၈ ဦး တွေ့ရှိ

(၂၅-၃-၂၀၂၄) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိရာ (၁၇-၃-၂၀၂၄) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၂၄-၃-၂၀၂၄) ရက်နေ့၊ ည (၈:၀၀) နာရီအထိ ရက်သတ္တပတ်အတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၂၉,၈၂၄) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၂၈) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၀.၀၉) ရာခိုင်နှုန်း ဖြစ်ပါသည်။ အစီရင်ခံကာလအတွင်း ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူ မရှိပါ။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

## ၂၀၂၄ ခုနှစ် (၇၉)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနား တိုက်ရိုက်ထုတ်လွှင့်မည်

**နေပြည်တော် မတ် ၂၅**

၂၀၂၄ ခုနှစ် (၇၉)နှစ်မြောက် တပ်မတော်နေ့စစ်ရေးပြအခမ်းအနား ကျင်းပပုံများကို မတ် ၂၇ ရက် ညနေ ၅ နာရီ ၁၅ မိနစ်မှ စတင်၍ MRTV-HD၊ MRTV Parliament Channel၊ MRTV NRC Channel၊ MITV၊ MWD – HD Channel၊ MWD Variety – HD Channel၊ Channel Light၊ 5 Plus၊ Readers’ Channel၊ Sky Net Up to Date နှင့် မြန်မာ့အသံရေဒီယို၊ သဇင် FM၊ FM ပုဂံ၊ Star FM ၊ မန္တလေး FM၊ ပဒ္မဝတီ FM၊ ရွှေ FM၊ ပတ္တမြား FM၊ ချယ်ရီ FM နှင့် MRTV App: အပါအဝင် Online တို့မှ တိုက်ရိုက် (Live) ထုတ်လွှင့်ပြသသွားမည်ဖြစ်သည်။ **သတင်းစဉ်**

အဝတ်အနည်းငယ်အတွက် အဝတ်လျှော်စက် မသုံးပါနှင့်။

# (၇၉)နှစ်မြောက် တပ်မတော်နေ့ကိုကြိုဆိုဂုဏ်ပြုသောအားဖြင့် လယ်ဝေးမြို့နယ် ရုံးပင် - အေးချမ်းသာ စစ်တောင်းမြစ်ကူးတံတားဖွင့်

နေပြည်တော် မတ် ၂၅

**(၇၉) နှစ်မြောက် တပ်မတော်နေ့ကိုကြိုဆိုဂုဏ်ပြုသောအားဖြင့် ပြည်ထောင်စုနယ်မြေ လယ်ဝေးမြို့နယ် ရုံးပင် – အေးချမ်းသာ စစ်တောင်းမြစ်ကူးတံတားဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက ကျင်းပရာ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ ဒုတိယဝန်ကြီးများ၊ နေပြည်တော် ကောင်စီဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။**



အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဦးလှမိုး က နိုင်ငံတော်ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးနှင့် ကျေးလက်ဒေသဆင်းရဲနွမ်းပါးမှုလျှော့ချရေးလုပ်ငန်းများသည် ကျေးလက်သယ်ယူပို့ဆောင်ရေး လွယ်ကူချောမွေ့မှုအပေါ် များစွာအခြေခံနေသောကြောင့် ကျေးလက်လမ်းပန်းဆက်သွယ်ရေးကောင်းမွန်မှုမှာ အဓိက အရေးကြီးသည့်အခန်းကဏ္ဍက ပါဝင်နေပါကြောင်း၊ ဒေသခံပြည်သူများ၏ စိုက်ပျိုးမွေးမြူရေးဆိုင်ရာ ကုန်ထုတ်လုပ်ငန်းများ တစ်နှစ်ပတ်လုံး သယ်ပို့ရောင်းချနိုင်ရန် ရာသီမရွေး ဆက်သွယ်သွားလာနိုင်သည့် လမ်းတံတားများ လိုအပ်ပါကြောင်း၊ ထို့ကြောင့် နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံ၏ ဘက်စုံဖွံ့ဖြိုးတိုးတက်စေရေး၊ ပြည်သူများ၏ လူမှုစီးပွားဘဝများ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်စေရေး၊ မြို့ပြနှင့် ကျေးလက်ဒေသများအကြား၊ ပြည်နယ်နှင့် တိုင်းဒေသကြီးများအကြား ဖွံ့ဖြိုးမှုကွာဟချက်များ ကျဉ်းမြောင်းစေရေးတို့အတွက် ရည်မှန်းချက်များ၊ ကျေးလက်လမ်း၊ တံတားဖွံ့ဖြိုးရေးဆိုင်ရာမူဝါဒများလည်း ရေးဆွဲချမှတ်ဆောင်ရွက်လျက်ရှိပါကြောင်း။

ယနေ့ဖွင့်ပွဲအခမ်းအနား ဆောင်ရွက်သည့် "ရုံးပင် – အေးချမ်းသာ စစ်တောင်းမြစ်ကူးတံတား" သည် တံတားအရှည်ပေ ၈၄၀၊ တံတားအကျယ်ပေ ၂၀၊ လူသွားလမ်းတစ်ဖက် တစ်ပေစီရှိပြီး သံကူကွန်ကရစ်ဘိုးပိုင်၊ သံကူကွန်ကရစ်ကြမ်းခင်းနှင့် သံကူကွန်ကရစ်ယက်မ တပ်ဆင်အသုံးပြုထားသည့် တံတားအမျိုးအစား ဖြစ်ပါကြောင်း၊ တံတားခံနိုင်ဝန် အနေဖြင့် ယာဉ်တစ်စီးချင်း အလေးချိန် ၃၆ တန် အထိ ဖြတ်သန်းအသုံးပြုသွားနိုင်မည်ဖြစ်ပါကြောင်း၊ ယခုကဲ့သို့ စံချိန်စံညွှန်းနှင့်အညီ အဆင့်မြင့်တင် တည်ဆောက်ထားသည့် ကျေးလက်လမ်း၊ တံတားများ ရေရှည်တည်တံ့ခိုင်မြဲစေရန်အတွက် ဒေသခံ ပြည်သူများအနေဖြင့် ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်သွားကြရန်နှင့် ယာဉ်များကို ခွင့်ပြုအလေးချိန်များ အတိုင်း ဖြတ်သန်းမောင်းနှင်ကြရန် တိုက်တွန်းမှာကြားလိုပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်က တံတားကြီးတည်ဆောက်နိုင်မှုကြောင့် စစ်တောင်းမြစ် အရှေ့ဘက်ကမ်းရှိ အေးချမ်းသာကျေးရွာအုပ်စု အတွင်းရှိ ကျေးရွာငါးရွာ၊ ဆန္ဒင်းအိုင်ကျေးရွာအုပ်စု အတွင်းရှိ ကျေးရွာလေးရွာနှင့် ကျေးလက်ဒေသနေ ပြည်သူများ စစ်တောင်းမြစ်အနောက်ဘက်ကမ်းရှိ နေပြည်တော်၊ လယ်ဝေးမြို့၊ ပျဉ်းမနားမြို့နှင့် အခြား တိုင်းဒေသကြီး၊ ပြည်နယ်များသို့ အချိန်မရွေး သွားလာနိုင်မည်ဖြစ်သည့်အပြင် ဒေသထွက်ကုန်စည် များ အချိန်တိုအတွင်း သယ်ယူပို့ဆောင်နိုင်မည်ဖြစ်ပြီး ဒေသခံပြည်သူများ၏ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေးများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးက ယခု ရုံးပင် – အေးချမ်းသာ စစ်တောင်းမြစ်ကူးတံတား တည်ဆောက်နိုင်မှုကြောင့် လယ်ဝေးမြို့နယ်အတွင်းရှိ ပတ်ဝန်းကျင်ကျေးရွာ ငါးရွာမှ အိမ်ခြေ ၁၅၀၅ အိမ်၊ လူဦးရေ ၆၇၂၇ ဦးကို တိုက်ရိုက် အကျိုးပြုနိုင်မည်ဖြစ်သည့်အပြင် ကျေးရွာ တောင်သူများ၏ စိုက်ပျိုးမြေဧက ၇၇၀၀ ကျော်မှ ထွက်ရှိသော ဒေသထွက်ကုန်၊ ထုတ်ကုန်များကို မြို့ပေါ်ဈေးကွက်သို့ အချိန်တိုအတွင်း ကုန်ကျစရိတ် သက်သာစွာဖြင့် ပို့ဆောင်နိုင်မည်ဖြစ်ပါကြောင်း ပြောကြားပြီး ဒေသခံပြည်သူတစ်ဦးက တံတား တည်ဆောက်ပေးသည့်အတွက် ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော် ကောင်စီဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီး ဦးမြင့်စိုးနှင့် နေပြည်တော်ကောင်စီဝင် ဦးဇေယျာလင်းတို့က ရုံးပင် – အေးချမ်းသာ စစ်တောင်းမြစ်ကူးတံတားသစ် ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး **(အပေါ်ပုံ)** ကျေးလက် လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများက တက်ရောက်လာသော ဧည့်သည် တော်များ တံတားဖွင့်ပွဲအထိမ်းအမှတ်လက်ဆောင် ပစ္စည်းများ ပေးအပ်ကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌတို့က တံတားကမ္ပည်း မော်ကွန်းကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပြီး အမွှေးနံ့သာ ရည်များပက်ဖျန်းကာ တံတားအားဖြတ်သန်းကြည့်ရှု ကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဇေယျာသီရိမြို့နယ် စိမ်းစားပင်ကျေးရွာရှိ မြန်မာ– ကိုရီးယားအဆင့်မြင့်ဆန်စက်သို့ ရောက်ရှိပြီး စပါး ကြိတ်ခွဲ ဆောင်ရွက်နေမှု၊ ထွက်ရှိလာသော ဆန်များ တင်ပို့ရောင်းချနေမှုကိုလည်းကောင်း၊ ပျဉ်းမနားမြို့နယ်၊ သူဌေးကုန်းကျေးရွာ ပျဉ်းမနားမြို့နယ် သမဝါယမ အသင်းစုပိုင် စိုက်ပျိုးမြေများပေါ်တွင် ရှုရှားသဘာဝ မြေဩဇာအသုံးပြု၍ အစေ့ထုတ်ပြောင်း GT–200 မျိုး စမ်းသပ်စိုက်ပျိုးထားရှိမှု၊ နွေစပါး၊ ဆီထွက် သီးနှံဖြစ်သည့် နေကြာ၊ နှမ်းနှင့် ဆောင်းသီးနှံများ စိုက်ပျိုးထားရှိမှု အခြေအနေများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဆွေးနွေးမှာကြား ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရ သည်။

**သတင်းစဉ်**

# (၇၉)နှစ်မြောက် တပ်မတော်နေ့ကိုဂုဏ်ပြုသောအားဖြင့် ပြည်သူ့စစ်မှုထမ်းဥပဒေအား ထောက်ခံခြင်းနှင့် ဗုဒ္ဓဘာသာကလျာဏယုဝအသင်း YMBA (ဗဟို)၏ အပျော်တမ်းခြင်းလုံးအလှခတ်ပွဲအခမ်းအနားကျင်းပ

**ရန်ကုန် မတ် ၂၅**

(၇၉)နှစ်မြောက် တပ်မတော်နေ့ ကိုဂုဏ်ပြုသောအားဖြင့် ပြည်သူ့ စစ်မှုထမ်းဥပဒေအား ထောက်ခံ ခြင်းနှင့် ဗုဒ္ဓဘာသာကလျာဏ ယုဝအသင်း YMBA (ဗဟို) ၏ အပျော်တမ်းခြင်းလုံး အလှခတ်ပွဲ အခမ်းအနားကို ယနေ့ နံနက် ၉ နာရီက ရန်ကုန်မြို့ ဗုဒ္ဓဘာသာ ကလျာဏယုဝအသင်း YMBA ရုံး၌ ကျင်းပသည်။



ဦးစွာ ဗုဒ္ဓဘာသာကလျာဏ ယုဝအသင်း YMBA (ဗဟို)ဥက္ကဋ္ဌ ဦးရဲထွန်း၊ YMBA (ဗဟို)စာရင်းစစ် နှင့် ကျင်းပရေးကော်မတီဥက္ကဋ္ဌ ဦးဌေးဦးတို့က ပြည်သူ့စစ်မှုထမ်း ဥပဒေအား ထောက်ခံပွဲနှင့် အပျော်တမ်းခြင်းလုံး အလှခတ်ပွဲကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် ဗုဒ္ဓဘာသာ ကလျာဏယုဝအသင်း YMBA (ဗဟို)ဥက္ကဋ္ဌ ဦးရဲထွန်းက ယနေ့ ကာလသည် တပ်မတော်အနေဖြင့် တို့တာဝန်အရေး(၃)ပါးဖြစ်သည့် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးအတွက် အသက်သွေးချွေးများစွာ ပေးဆပ်ပြီး ကာကွယ် စောင့်ရှောက်နေရသော အချိန်ကာလဖြစ်ပါကြောင်း၊ တပ်မတော် အင်အားရှိမှ တိုင်းပြည်အင်အားရှိမည်ဆိုသည့်အတိုင်း တို့တာဝန် အရေး (၃)ပါးကို ကာကွယ် စောင့်ရှောက်ရန် တပ်မတော် အင်အားရှိရန် လိုအပ်ပါကြောင်း၊ တပ်မတော်အင်အားရှိရန်အတွက် နိုင်ငံသားအားလုံးတွင် တာဝန်ရှိပါကြောင်း၊ ၁၉၅၉ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့ပြီး နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီလက်ထက်တွင် ပြန်လည်ပြင်ဆင်သတ်မှတ်ခဲ့သော ပြည်သူ့စစ်မှုထမ်းဥပဒေကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ၂၀၁၄ ခုနှစ် ဖေဖော်ဝါရီ ၁၀ ရက်တွင် စတင် အာဏာတည်စေရမည် ဖြစ်ကြောင်း အမိန့်ထုတ်ပြန်ခဲ့ပြီး ဖြစ်ပါကြောင်း၊ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ဖေဖော်ဝါရီ ၁၇ ရက် ရွှေတိဂုံစေတီတော်ကုန်းမြေအတွင်းရှိ YMBA ဗဟိုသို့ လာရောက်သည့် ခရီးစဉ်တွင် YMBA အသင်းအနေဖြင့် ပြည်သူ့စစ်မှုထမ်းဥပဒေအား ပြည်သူ လူထုနှင့်လူငယ်များ သဘောပေါက်နားလည်စေရေး ဆွေးနွေးဆောင်ရွက်ရန် ညွှန်ကြားခဲ့ပါသဖြင့် မိမိအနေဖြင့် ပြည်နယ်နှင့် တိုင်းဒေသကြီးများသို့ သွားရောက်ကာ ထပ်ဆင့်ရှင်းလင်းခဲ့ပြီး ဖြစ်ပါကြောင်း၊ ယနေ့တွင်လည်း အခမ်းအနား တက်ရောက်လာကြသည့် ဧည့်ပရိသတ်များက ပြည်သူ့စစ်မှုထမ်းဥပဒေနှင့် ပတ်သက်ပြီး အကျယ်တဝင့် ရှင်းလင်းဆွေးနွေး ပြောကြားခြင်း ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ အကြံပေးပုဂ္ဂိုလ် ဦးဌေးလင်းက ဂုဏ်ပြုစကား ပြောကြားသည်။

ဆက်လက်၍ YMBA (ဗဟို) ဥက္ကဋ္ဌ ဦးရဲထွန်းနှင့် တာဝန်ရှိသူများက ရေးမြန်မာတို့၏ ခြင်းလုံး အလှခတ်ခြင်းနှင့်ခြင်းလုံးအလှခတ် အသင်းများမှ ခြင်းလုံးအလှခတ် ပြသခြင်းတို့ကို ကြည့်ရှုအားပေး ကြပြီး အားကစားသမားများအား ဂုဏ်ပြုနှုတ်ဆက်ကြသည်။

ထို့နောက် YMBA (ဗဟို)ဥက္ကဋ္ဌ နှင့် တာဝန်ရှိသူများက ခြင်းလုံး အလှခတ် အသင်းကိုးသင်းကို ဂုဏ်ပြုလက်ဆောင်များ ချီးမြှင့် ပေးအပ်ကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

**ကိုကိုဇော် – သတင်းစဉ်**

# မြောင်းမြမြို့၌ နွေရာသီအားကစားသင်တန်းများ ဖွင့်လှစ်

**မြောင်းမြ မတ် ၂၅**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့ အားကစား ခန်းမ၌ မြောင်းမြမြို့နယ်မှ ကျောင်းသား ကျောင်းသူ များနှင့် လူငယ်များကို နွေရာသီ အားကစားသင်တန်း များ ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။

အဆိုပါ အားကစားသင်တန်းများတွင် အားကစား နည်း စုစုပေါင်း ငါးမျိုးကို ဖွင့်လှစ်သင်ကြားပေး လျက်ရှိပြီး ရေကူးအားကစားနည်းတွင် လက်ပစ်ကူး၊ ပက်လက်ကူး၊ လိပ်ပြာကူး၊ ဖားကူး၊ ဘောလုံး အားကစားနည်းတွင် ဘောလုံးဆွဲနည်း၊ ဘောလုံးပေး နည်း၊ ဘောလုံးထိန်းနည်း (ခြေဖျား၊ ခြေခွင်၊ ပေါင်၊ ခေါင်း)၊ တာတိုအပြေး၊ ဂျူဒိုအားကစားနည်းတွင် အခြေခံကျနည်း ခုနစ်နည်း၊ ကြက်တောင်ရိုက် အားကစားနှင့် အလေးမ အားကစားနည်းများကို သင်ကြားပေးလျက်ရှိကြောင်း သိရသည်။ သင်တန်း ကို မတ် ၅ ရက်မှ ဧပြီ ၃ ရက်အထိ ဖွင့်လှစ်မည်ဖြစ်ပြီး မြောင်းမြမြို့နယ်မှ ကျောင်းသား ကျောင်းသူများနှင့် လူငယ်များ စုစုပေါင်း ၁၃၃ ဦး တက်ရောက်လျက် ရှိကြောင်း မြို့နယ်အားကစားနှင့် ကာယပညာဦးစီး ဌာနမှ သိရသည်။

**ဇေယျာ(ပြန်/ဆက်)**

# ရုရှားကဇာတ်ရုံတိုက်ခိုက်မှုနှင့်ပတ်သက်ပြီး သံသယရှိသူလေးဦးကို အကြမ်းဖက်မှုဖြင့် စွဲချက်တင်

**မော်စကို မတ် ၂၅**
ရုရှားနိုင်ငံ မော်စကိုမြို့အနီးရှိ ကဇာတ်ရုံတစ်ခုအား လူအများအပြား သေဆုံးခဲ့ရသည့် တိုက်ခိုက်မှုနှင့်ပတ်သက်ပြီး သံသယရှိသူလေးဦးကို အကြမ်းဖက်မှုဖြင့် အာဏာပိုင်များက စွဲချက်တင်လိုက်ကြောင်း နိုင်ငံတကာသတင်းရင်းမြစ်များတွင် ဖော်ပြထားသည်။

ခရက်စ်နိုဂေါ့စ်ခ်မြို့၌ လွန်ခဲ့သည့် သောကြာနေ့က တိုက်ခိုက်မှုအတွင်း လူပေါင်း ၁၃၇ ဦး သေဆုံးခဲ့ကြောင်း ရုရှားစုံစမ်းစစ်ဆေးရေးကော်မတီက ပြောသည်။ ထို့အပြင် လူပေါင်း ၁၈၂ ဦးမှာ ဆေးရုံအသီးသီး၌ ဆေးဝါးကုသမှု ခံယူလျက်ရှိကြောင်း ကျန်းမာရေးတာဝန်ရှိသူများက ပြောသည်။

သံသယရှိသူ နှစ်ဦးမှာ ၎င်းတို့အပေါ် စွဲချက်တင်မှုများကို ဝန်ခံခဲ့ကြောင်းနှင့် ၎င်းတို့ထဲမှ တစ်ဦးအား တာဂျစ်ကစ္စတန်နိုင်ငံသားတစ်ဦးဖြစ်မှုကို ဖော်ထုတ်နိုင်ခဲ့ကြောင်း မော်စကိုမြို့တွင်ရှိသော တရားရုံးတစ်ရုံးက တနင်္ဂနွေနေ့တွင် ပြောကြားသည်။

အိုင်အက်စ်စစ်သွေးကြွများနှင့် ဆက်နွယ်မှုရှိသော Amaq သတင်းဌာနက အဆိုပါ တိုက်ခိုက်မှုကို ၎င်းတို့အဖွဲ့ဝင်များက လုပ်ဆောင်ခဲ့ခြင်းဖြစ်ကြောင်း ပြောသည်။ ထို့အပြင် အဆိုပါ သတင်းဌာနက မောင်းပြန်သေနတ်များနှင့် ပစ်ခတ်နေသော အွန်လိုင်းရုပ်သံဖိုင်တစ်ခုကိုလည်း တင်ခဲ့သည်။

ရုရှားနိုင်ငံသည် တနင်္ဂနွေနေ့ကို ဝမ်းနည်းခြင်းနေ့အဖြစ် သတ်မှတ်ခဲ့သည်။ ထို့အပြင် နိုင်ငံတစ်ဝန်းတွင်လည်း အလံများကို အလံတိုင်တစ်ဝက်လွှင့်ထူခဲ့ကြသည်။ လူအများအပြားသည် အခင်းဖြစ်ပွားသည့်နေရာသို့ လာရောက်ကြပြီး ထိခိုက်သေဆုံးသူများအတွက် ပန်းစည်းများချကာ ဆုတောင်းမှုပြုကြကြောင်း သိရသည်။ **အင်န်အိတ်ချ်ကေ**



## သီရိလင်္ကာ၌ စာသင်ကျောင်းများတွင် အစားအစာကျွေးမွေးမှုအစီအစဉ် ကျောင်းသား ၁ ဒသမ ၆ သန်းကို အကျိုးပြုမည်

**ကိုလံဘို မတ် ၂၅**
သီရိလင်္ကာနိုင်ငံ၌ G 1 မှ G 5 အထိ ကျောင်းသား ကျောင်းသူအားလုံးကို နံနက်စာအခမဲ့ ကျွေးမွေးမည့် ကျောင်းအစားအစာ အစီအစဉ်တစ်ခုမှာ ယခုနှစ် ကျောင်းသား ၁ ဒသမ ၆ သန်းကို အကျိုးပြုမည်ဟု ခန့်မှန်းထားကြောင်း သမ္မတ၏မီဒီယာဌာနခွဲ(ပီအမ်ဒီ)က မတ် ၂၅ ရက်တွင် ပြောကြားသည်။

မတ် ၂၅ ရက်တွင် စတင်သော အဆိုပါအစီအစဉ်သည် အစိုးရကျောင်းပေါင်း ၉၁၃၄ ကျောင်းအပြင် ကျောင်းသား ၁၀၀ ထက်နည်းသည့် ကျောင်းများ၌ ကျွမ်းကျင်သူများ၏ အကြံပြုချက်များနှင့်အတူ စတင်လုပ်ဆောင်ခဲ့ကြောင်း ပီအမ်ဒီက ပြောကြားသည်။

အဆိုပါ အခမ်းအနားတွင် သမ္မတဝစ်ခ်ရီမီဆင်းဟီက နိုင်ငံတစ်ဝန်းရှိ ကလေးများအတွက် ပညာရပ်ဆိုင်ရာ ဘာသာရပ်များနှင့် အာဟာရဆိုင်ရာထောက်ပံ့မှု နှစ်ခုလုံးအပါအဝင် သင်ရိုးညွှန်းတမ်းတစ်ခုအတွက် ဘက်စုံပညာရေး၏အရေးပါမှုကို အလေးပေးပြောကြားသည်။ **ဆင်ဟွာ**



သီရိလင်္ကာနိုင်ငံ၌ သမ္မတဝစ်ခ်ရီမီဆင်းဟီက ကျောင်းသူများအား နံနက်စာကျွေးမွေးနေသည်ကို တွေ့ရစဉ်။

## ဆီးရီးယားနိုင်ငံ၌ အိုင်အက်စ်သံသယရှိသူများ တိုက်ခိုက်မှုကြောင့် ၁၁ ဦးသေဆုံး

**ဒမတ်စကတ် မတ် ၂၅**
ဆီးရီးယားနိုင်ငံမြောက်ပိုင်း သဲကန္တာရဒေသ၌ မတ် ၂၄ ရက်က အိုင်အက်စ်စစ်သွေးကြွဟု သံသယရှိသူများတိုက်ခိုက်မှုကြောင့် ၁၁ ဦး ထက်မနည်းသေဆုံးကြောင်း စစ်ပွဲစောင့်ကြည့်သူတစ်ဦးက ပြောကြားသည်။

အဆိုပါတိုက်ခိုက်မှုကြောင့် အရပ်သားနှစ်ဦးနှင့် တပ်ဖွဲ့ဝင်ကိုးဦး ထက်မနည်း သေဆုံးခဲ့သည်။ ၎င်းတို့မှာ သဲကန္တာရအတွင်း မြေအောင်းမှိုများ ရှာဖွေရန်သွားသော လမ်းခုလတ်၌ ၎င်းတို့စီးနင်းလာသော ယာဉ်မှာမြေမြှုပ်မိုင်းတစ်လုံးနှင့် တိုက်မိပြီးနောက် ထိခိုက်သေဆုံးခဲ့ခြင်းဖြစ်သည်။

ပေါက်ကွဲမှုဖြစ်ပွားပြီးနောက် စစ်သွေးကြွများက ပစ်ခတ်တိုက်ခိုက်ကာ လူသုံးဦးထက်မနည်းကိုလည်း ပြန်ပေးဆွဲသွားခဲ့ပြီး ၎င်းတို့မည်သည့်နေရာ တွင်ရှိသည်ကို မသိရသေးကြောင်း ဗြိတိန်အခြေစိုက် စစ်ပွဲစောင့်ကြည့် ရေးအဖွဲ့က ဆိုသည်။ **ဆင်ဟွာ**

## ဘရာဇီးနိုင်ငံ၌ မိုးသည်းထန်စွာရွာသွန်းမှုဖြစ်ပွား၊ ၂၃ ဦးသေဆုံးပြီး ၅၀၀၀ ကျော် အိုးအိမ်စွန့်ခွာခဲ့ရ

**ရီယိုဒီဂျနေယိုး မတ် ၂၅**
သောကြာနေ့မှစတင်ကာ ဘရာဇီးနိုင်ငံ အရှေ့တောင်ပိုင်း၌ မိုးသည်းထန်စွာ ရွာသွန်းမှုများကြောင့် လူပေါင်း ၂၃ ဦး ထက်မနည်း သေဆုံးကာ အခြား ၅၀၀၀ ကျော်ကို ဘေးလွတ်ရာသို့ ပြောင်းရွှေ့ပေးခဲ့ကြောင်း အရပ်ဘက်ကာကွယ်ရေးဌာနက တနင်္ဂနွေနေ့တွင် ပြောသည်။



ဘရာဇီးနိုင်ငံ အက်စ်ပီရီတိုဆန်တိုပြည်နယ်၌ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေလွှမ်းမိုးဖြစ်ပွားမှုကို မတ် ၂၄ ရက်က တွေ့ရစဉ်။

အက်စ်ပီရီတို ဆန်တိုနှင့် ရီယိုဒီဂျနေယိုးပြည်နယ်တို့သည် မိုးသည်းထန်စွာ ရွာသွန်းမှုကို အပြင်းထန်ဆုံး ခံခဲ့ရပြီး ၁၅ ဦးနှင့် ရှစ်ဦး အသီးသီး သေဆုံးခဲ့ကြောင်း သိရသည်။

အဆိုပါ ပြည်နယ်များရှိ လူပေါင်း ၅၀၀၀ ကျော်သည် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ဖြစ်ပေါ်လာသော ရေကြီးရေလျှံမှုနှင့် မြေပြိုကျမှုများကြောင့် အိုးအိမ်စွန့်ခွာခဲ့ရကြောင်း အစီရင်ခံဖော်ပြမှုအရ သိရသည်။ **ဆင်ဟွာ**

## ဂါဇာတွင် ပါလက်စတိုင်း သေဆုံးသူ ၃၂၃၃၃ ဦးအထိ မြင့်တက်လာ

**ဂါဇာ မတ် ၂၅**
အစ္စရေး၏ ပစ်ခတ်တိုက်ခိုက်မှုများကြောင့် ဂါဇာကမ်းမြောင်တွင် ပါလက်စတိုင်းသေဆုံးသူ အရေအတွက်မှာ ၃၂၃၃၃ ဦးအထိ မြင့်တက်လာပြီဖြစ်ကြောင်း ဂါဇာကျန်းမာရေးအာဏာပိုင်များက မတ် ၂၅ ရက်တွင် ပြောသည်။

လွန်ခဲ့သည့် ၂၄ နာရီအတွင်း အစ္စရေး၏ တိုက်ခိုက်မှုကြောင့် ပါလက်စတိုင်း ၁၀၇ ဦး သေဆုံးပြီး အခြား ၁၇၆ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။ ထို့ကြောင့် အစ္စရေး-ဟားမားစ် ပဋိပက္ခစတင်ဖြစ်ပွားသည့် ယမန်နှစ် အောက်တိုဘာ ၇ ရက်နောက်ပိုင်း ပါလက်စတိုင်းသေဆုံးသူ အရေအတွက်မှာ ၃၂၃၃၃ ဦးနှင့် အခြားထိခိုက်ဒဏ်ရာရရှိသူ ၇၄၆၉၄ ဦးအထိ မြင့်တက်လာခြင်းဖြစ်သည်။ **ဆင်ဟွာ**



## အာဖဂန်၌ မူးယစ်ဆေးဝါးမှောင်ခိုကူးသူ ခြောက်ဦးကို ထိန်းသိမ်းထား

**ကဘူးလ် မတ် ၂၅**
အာဖဂန်နစ္စတန်နိုင်ငံအရှေ့ပိုင်း လာ့ဂ်မန်ပြည်နယ်တွင် မူးယစ်ဆေးဝါး မှောင်ခိုကုန်ကူးသူတစ်ဦးနှင့် တရားမဝင်မူးယစ်ဆေးဝါးများကို ရဲတပ်ဖွဲ့က ဖမ်းဆီးထိန်းသိမ်းထားကြောင်း ပြည်ထဲရေးဝန်ကြီးဌာနက မတ် ၂၅ ရက်တွင် ပြောကြားသည်။

အဆိုပါ သံသယရှိသူများက လာ့ဂ်မန်ပြည်နယ်မှ အခြားဒေသသို့ ဆေးခြောက် ၁၂၀ ကီလိုဂရမ် ယူဆောင်ရန် ကြိုးပမ်းခဲ့သည်။ ထိုအချိန်တွင် ရဲတပ်ဖွဲ့က မူးယစ်ဆေးဝါး မှောင်ခိုကူးသူငါးဦးကို ဖမ်းဆီးခဲ့ပြီး နင်ဂရော့ပြည်နယ်တောင်ပိုင်းတွင် တရားမဝင်ဆေးဝါး ၉၅ ကီလိုဂရမ်ကို ရှာဖွေတွေ့ရှိခဲ့ကြောင်း နိုင်ငံပိုင် ဘတ်ထာ သတင်းအေဂျင်စီက မတ် ၂၅ ရက်တွင် ထုတ်ပြန်ထားသည်။

အာဖဂန် အိမ်စောင့်အစိုးရသည် နိုင်ငံတစ်ဝန်း မူးယစ်ဆေးဝါးများ ထုတ်လုပ်မှု၊ ရောင်းဝယ်ဖောက်ကားမှုများနှင့် တရားမဝင် မူးယစ်ဆေးဝါးများကို တိုက်ဖျက်ရန် ကတိပြုထားသည်။ **ဆင်ဟွာ**

# ပြည်သူ့စစ်မှုထမ်းဥပဒေ ရှင်းလင်းအသိပညာပေးဟောပြောပွဲအခမ်းအနားကျင်းပ

နေပြည်တော် မတ် ၂၅

**ပြည်သူ့စစ်မှုထမ်းဥပဒေ ရှင်းလင်းအသိပညာပေးဟောပြောပွဲ အခမ်းအနားကို ယနေ့ မွန်းလွဲပိုင်းတွင် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်၊ ဒုတိယဝန်ကြီး ဦးဇော်အေးမောင်၊ အမြဲတမ်း အတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယအမြဲတမ်းအတွင်းဝန်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြပြီး တိုင်းဒေသကြီး၊ ပြည်နယ်ညွှန်ကြားရေးမှူးရုံးများနှင့် ပြည်ထောင်စု တိုင်းရင်းသားကျေးရွာတို့မှ တာဝန်ခံများနှင့် အရာထမ်း၊ အမှုထမ်းများက Online စနစ်ဖြင့် တက်ရောက်ကြသည်။**



ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးက ပြည်သူ့စစ်မှုထမ်းဥပဒေကို ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသော ဒို့တာဝန်အရေးသုံးပါးကို စောင့်ထိန်းရန်အလို့ငှာ စစ်ပညာသင်ကြားရန်နှင့် စစ်မှုထမ်းဆောင်ရန်အတွက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ဥပဒေအမှတ် (၂၇/၂၀၁၀) ဖြင့် ပြဋ္ဌာန်းခဲ့ပြီး အမိန့်ကြော်ငြာစာအမှတ် (၂၄/၂၀၂၄) ဖြင့် ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီလ ၁၀ ရက်တွင် အာဏာတည်သည့်ရက်အဖြစ် သတ်မှတ်ခဲ့ကြောင်း၊ သို့ဖြစ်ရာ ပြည်သူ့စစ်မှုထမ်းဥပဒေပါ ပြဋ္ဌာန်းချက်များကို နိုင်ငံသားတိုင်း သိရှိလိုက်နာ ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ ပြည်သူ့စစ်မှုထမ်း ဥပဒေကို မြန်မာတစ်နိုင်ငံတည်းတွင်သာ ထူးခြားပြီး ပြဋ္ဌာန်းထားခြင်းမဟုတ်ဘဲ အခြားကမ္ဘာ့နိုင်ငံများတွင်လည်း ပြဋ္ဌာန်း၍ ကျင့်သုံးလျက်ရှိပါကြောင်း၊ ၂၀၁၉ ခုနှစ် ကြားဖြတ်သန်းခေါင်စာရင်းအရ နိုင်ငံတော်ကာကွယ်ရေးတာဝန်ထမ်းဆောင်နိုင်ရန် အကျုံးဝင်သည့် လူဦးရေ ၁၃ သန်းခန့်ရှိပြီး အမျိုးသားအင်အား ခြောက်သန်းကျော် အနက် ၁ ရာခိုင်နှုန်းဖြစ်သော ခြောက်သောင်းခန့်သာ ခေါ်ယူဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ နိုင်ငံတော်ကာကွယ်ရေးတာဝန်များကို ထမ်းဆောင်ပြီးပါက ဦးစားပေးအလိုက် ဝန်ထမ်းခန့်အပ်ခြင်း၊ အလုပ်အကိုင်ရရှိခြင်း စသည့်အခွင့်အလမ်းများ ရရှိလာမည်ဖြစ်ပါကြောင်း။

ဝန်ထမ်းများသည် နိုင်ငံ့ဝန်ထမ်းဥပဒေကို လိုက်နာရသကဲ့သို့ နိုင်ငံတော်က ပြဋ္ဌာန်းထားသည့် ဥပဒေများကိုလည်း လိုက်နာရန်ဖြစ်ပြီး မိမိတို့ သိရှိထားသည့် အသိပညာများကို သေချာစွာ လေ့လာ၍ တိုင်းရင်းသားပြည်သူများ လိုက်နာနိုင်ရေးအတွက်လည်း လက်ဆင့်ကမ်း အသိပညာပေး ရှင်းလင်းပြောကြားရန်လိုအပ်ပါကြောင်း၊ တိုင်းရင်းသားတိုင်းသည် နိုင်ငံသားဖြစ်ပြီး နိုင်ငံသားတိုင်းသည် အမျိုးသားရေးတာဝန်(၃)ရပ်ကို လိုက်နာရန် တာဝန်ရှိသည့်အတွက် ဝန်ထမ်းများအနေဖြင့် ယခုကာလတွင် မိမိတို့ပတ်ဝန်းကျင်ရှိ တာဝန်ထမ်းဆောင်ကြရမည့် တိုင်းရင်းသားပြည်သူများအား မိမိတို့သိရှိထားသည်များကို အပြုသဘောဖြင့် ဝေမျှပြီး နိုင်ငံတော်၏ အကျိုးအတွက် ကျရာအခန်းကဏ္ဍမှ တစ်တပ်တစ်အား ပါဝင်ဆောင်ရွက်ကြရန် တိုက်တွန်းလိုပါကြောင်း ပြောကြားသည်။ **(အပေါ်ပုံ)**

ထို့နောက် ဒုတိယဝန်ကြီးက ပြည်သူ့စစ်မှုထမ်းဥပဒေနှင့်စပ်လျဉ်း၍ စစ်မှုထမ်းဆင့်ခေါ်ခြင်း၊ စစ်မှုထမ်းကာလအတွင်း အကျိုးခံစားခွင့်များ၊ လျာထားစီမံချက်၊ ကင်းလွတ်ခွင့်ရှိသူများ၊ ရှောင်လွှဲပါက ကျသင့်မည့် ပြစ်ဒဏ်များ၊ ယာယီရွှေ့ဆိုင်းခွင့်ရှိသူများ၊ စစ်မှုထမ်းရမည့် အသက်အရွယ်အပိုင်းအခြား၊ သတ်မှတ်ကာလ၊ စစ်မှုထမ်းစနစ်ကို ကျင့်သုံးရသည့် အကြောင်းအရင်း၊ စစ်မှုထမ်းစနစ်နှင့်စပ်လျဉ်း၍ ကျင့်သုံးလျက်ရှိသည့် ကမ္ဘာ့နိုင်ငံများအကြောင်းတို့ကို ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးရုံး အမြဲတမ်းအတွင်းဝန်၊ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ တိုင်းရင်းသားအခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်တို့က ပြည်သူ့စစ်မှုထမ်း ဥပဒေပါ အခန်း (၈) ခန်းကိုရှင်းလင်းပြောကြားပြီးနောက် ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးမှ ဝန်ထမ်းများကို ပြည်သူ့စစ်မှုထမ်းဥပဒေနှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေး

**နေပြည်တော် မတ် ၂၅**

ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးမှ ဝန်ထမ်းများအား ပြည်သူ့စစ်မှုထမ်း ဥပဒေအကြောင်း ရှင်းလင်းဆွေးနွေးပွဲအခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စု စာရင်းစစ်ချုပ်ရုံး နဝရတ်ခန်းမ၌ ကျင်းပသည်။



အခမ်းအနားသို့ ပြည်ထောင်စု စာရင်းစစ်ချုပ် ဒေါက်တာခင်နိုင်ဦး၊ ဒုတိယစာရင်းစစ်ချုပ်၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယအမြဲတမ်းအတွင်းဝန်၊ ဒုတိယ ညွှန်ကြားရေးမှူးချုပ်များနှင့် အရာထမ်း၊ အမှုထမ်းများက ပြည်ထောင်စု စာရင်းစစ်ချုပ်ရုံး၊ နဝရတ်ခန်းမနှင့် အဆင့်မြင့်စာရင်းကိုင်နှင့် စာရင်းစစ်သင်တန်းကျောင်းခန်းမမှ လည်းကောင်း၊ တိုင်းဒေသကြီး/ပြည်နယ် စာရင်းစစ်ချုပ်ရုံးနှင့် မြန်မာနိုင်ငံ စာရင်းကောင်စီရုံးတို့မှ ညွှန်ကြားရေးမှူးများနှင့် ဝန်ထမ်းများက Online မှလည်းကောင်း တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စု စာရင်းစစ်ချုပ်က နိုင်ငံတော်၏ လွတ်လပ်ရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့ကို ကာကွယ်စောင့်ရှောက်ရေးသည် နိုင်ငံသားတိုင်း၏ တာဝန်ဖြစ်ကြောင်း၊ နိုင်ငံသားတိုင်းသည် ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ စစ်ပညာသင်ကြားရန်နှင့် နိုင်ငံတော်ကာကွယ်ရေးအတွက် စစ်မှုထမ်းရန်တာဝန်ရှိကြောင်းတို့ကို ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈) ပုဒ်မ ၃၈၅ နှင့် ပုဒ်မ ၃၈၆ တို့တွင် ပြဋ္ဌာန်းထားပါကြောင်း၊ ယင်းတာဝန်ကို ထမ်းဆောင်နိုင်ရေးအတွက် စစ်ပညာ သင်ကြားရန်နှင့် နိုင်ငံတော် ကာကွယ်ရေးအတွက် စစ်မှုထမ်းဆောင်ရန် လိုအပ်သည့်အတွက် ၂၀၁၀ ပြည့်နှစ် နိုဝင်ဘာလတွင် ပြဋ္ဌာန်းခဲ့သည့် ပြည်သူ့စစ်မှုထမ်း ဥပဒေကို နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီက ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၁၀ ရက်တွင် အာဏာတည်ကြောင်းကို အမိန့်ထုတ်ပြန်ခဲ့ပါကြောင်း၊ နိုင်ငံသားတစ်ဦး၊ ဝန်ထမ်းတစ်ဦး အနေဖြင့် နိုင်ငံတော်က ပြဋ္ဌာန်းထားသည့် ဥပဒေတစ်ရပ်ကို လိုက်နာဆောင်ရွက်ရန် တာဝန်ရှိသည့်အတွက် စစ်မှုထမ်းခြင်းကို နိုင်ငံသားတစ်ဦး၏ တာဝန်ဝတ္တရားအဖြစ် သိမြင်ထားရမည်ဖြစ်ပါကြောင်း၊ ဒ့ါအပြင် ဝန်ထမ်းမိသားစုဝင်များသည်လည်း သတ်မှတ်ချက်နှင့် ညီညွတ်မှုရှိပါက ပါဝင်ဆောင်ရွက်ရမည်ဖြစ်၍ သိရှိထားသင့်သည်များ ဖြစ်ပါကြောင်း၊ ပြည်သူ့စစ်မှုထမ်းဥပဒေကို သိရှိနားလည်ပြီး နိုင်ငံ့ဝန်ထမ်းကောင်းများ ပီသစွာ နိုင်ငံတော်ကာကွယ်ရေးအတွက် တာဝန်ကျေပွန်စွာ ဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း ပြောကြားသည်။ **(ဝဲပုံ)**

ထို့နောက် နည်းပညာဖွံ့ဖြိုးရေးနှင့် လေ့ကျင့်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဒေါ်သန္တာလေးက ပြည်သူ့စစ်မှုထမ်းဥပဒေ သမိုင်းကြောင်းနှင့် ရည်ရွယ်ချက်၊ စစ်မှုထမ်းရန် ကာလ၊ စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ အဆင့်ဆင့် ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ၊ စစ်မှုထမ်းတို့၏ ခံစားခွင့်များ၊ စစ်မှုထမ်းခြင်းမှ ကင်းလွတ်ခွင့်ပြုသူများ ၊ ပြစ်မှုနှင့်ပြစ်ဒဏ်များအကြောင်းများနှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးသည်။

ယင်းနောက် ရှင်းလင်းပွဲသို့ တက်ရောက်လာကြသူများက သိရှိလိုသည်များကို မေးမြန်းခြင်း၊ ဆွေးနွေးခြင်းတို့ကို ပြုလုပ်ခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

# လပွတ္တာမြို့နယ်၌ ဆီထွက်သီးနှံဆောင်းနေကြာစံပြကွက် စံကွက်ရိတ်သိမ်းပွဲကျင်းပ

**လပွတ္တာ မတ် ၂၅**

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ



ပြုလုပ်သော (၁)မိုင်ရှမ်းစုကျေးရွာ တောင်သူဦးခင်စိုး၏ ကွင်းအမှတ် (၅၈၂)၊ ဦးပိုင်အမှတ် (၁၆)၊ ဧရိယာ ၁၀ ဒသမ ၈၆ ဧကတွင် ဆောင်းသီးနှံနေကြာစံပြကွက် Super Sun-41 စိုက်ပျိုးထားသည့် စိုက်ခင်းစံကွက်ရိတ်သိမ်းခြင်းကို ယနေ့နံနက် ၉ နာရီက ပြုလုပ်သည်။ **(ဝဲပုံ)**

အဆိုပါ ဆီထွက်သီးနှံ ဆောင်းနေကြာ စံကွက်ရိတ်သိမ်းပွဲသို့ ခရိုင် အုပ်ချုပ်ရေးမှူး ဦးလွင်ကိုဦးနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အုပ်ချုပ်ရေးမှူးဦးသူရနှင့် အဖွဲ့ဝင်များ၊ ခရိုင်နှင့် မြို့နယ်စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေး ကြီးကြပ်မှု ကော်မတီဝင်များ၊ ဌာနဆိုင်ရာများ၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးအရာရှိ ဦးမျိုးအောင်နှင့် ဝန်ထမ်းများ၊ ကျေးရွာ အုပ်ချုပ်ရေးမှူးများနှင့် ဒေသခံတောင်သူများ တက်ရောက်ကြပြီး ရှမ်းစုကျေးရွာ တောင်သူဦးခင်စိုး၏ လယ်မြေ ၁၀ ဒသမ ၈၆ ဧကတွင် ဆီထွက်သီးနှံဆောင်းနေကြာစံကွက် ရိတ်သိမ်းခြွေပြီး တစ်ဧကလျှင် နေကြာအစိတင်း ၃၃ ဒသမ ၁၀ တင်း၊ အခြောက်တင်း ၂၆ ဒသမ ၈၁ တင်းထွက်ရှိကြောင်း သိရသည်။

**မူမူ( ပြန်/ဆက်)**

# မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေးဆွေးနွေး

**ရန်ကုန် မတ် ၂၅**

မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်တိုက်ဖျက်ရေးဥပဒေနှင့် နည်းဥပဒေများအကြောင်း ဆွေးနွေးဟောပြောပွဲကို အင်းစိန်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မြန်မာနိုင်ငံ မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း(အင်းစိန်)တို့ ပူးပေါင်း၍ မတ် ၂၂ ရက်က အင်းစိန်မြို့နယ် လူထုအခြေပြုဗဟိုဌာနခန်းမ၌ ကျင်းပသည်။

ဆွေးနွေးပွဲတွင် မြို့နယ်မူးယစ်ဆေးဝါး ဆန့်ကျင်ရေးအသင်းနှင့် မြို့နယ်သတင်းစာ ဆရာအသင်းဥက္ကဋ္ဌ စာရေးဆရာ သတင်းစာဆရာ ဦးဘိုကြည် (ဒေါက်တာ ဗိုလ်သံမဏိ-တောင်တွင်းကြီး)က နိုင်ငံတော်အစိုးရက ထုတ်ပြန်ထားသော မြန်မာနိုင်ငံ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေနှင့် နည်းဥပဒေများအကြောင်း၊ နိုင်ငံတော်အစိုးရ၏ မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်တိုက်ဖျက်ရေး ဆောင်ရွက်ချက်များအကြောင်းတို့ကို ဆွေးနွေးဟောပြောခဲ့သည်။ **ခရိုင်(ပြန်/ဆက်)**

# ကရင်ပြည်နယ်အစိုးရအဖွဲ့က ကြီးမှူး၍ သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်း



**ဘားအံ မတ် ၂၅**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းခြင်းခံရသော ကရင်ပြည်နယ်အတွင်းရှိ ဆရာတော်ကြီးများနှင့် သီလရှင်ဆရာကြီးတို့အား ကရင်ပြည်နယ်အစိုးရအဖွဲ့ကကြီးမှူး၍ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းသည့် အခမ်းအနားကို မတ် ၂၄ ရက် မွန်းလွဲ ၁ နာရီက ဘားအံမြို့ ဇွဲကပင်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ နိုင်ငံတော်ဩဝါဒါစရိယ ဥဒေါင်းကျောင်း ဆရာတော် ဘဒ္ဒန္တခန္တီဝဏ္ဏ၊ ပြည်နယ်ဩဝါဒါစရိယ ဇွဲကပင်တောင်ကျောင်း ဆရာတော်ဘဒ္ဒန္တကဝိဇ ‌အမှူးပြုသော ထေရ်ကြီးဝါရ်ကြီးဆရာတော်ကြီးများနှင့် ဘွဲ့ခံဆရာတော်/သီလရှင်များ ကြွရောက်ချီးမြှင့်တော်မူကြပြီး ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးနှင့် ဇနီး၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များနှင့် ၎င်းတို့၏ ဇနီးများ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာများနှင့် ဆရာတော်ကြီးများ၏ တပည့်၊ ဒါယကာ၊ ဒါယိကာမများ တက်ရောက်ကြည်ညို၍ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းကြသည်။

ဦးစွာ နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ အခမ်းအနားကို ဖွင့်လှစ်ပြီး ဗုဒ္ဓဂုဏ်တော်များဖြင့် သီကျူးဖွဲ့ဆိုထားသော ထူးမခြားနား သီချင်းဖြင့် ဘွဲ့ခံဆရာတော်များအား ပူဇော်ကာ နိုင်ငံတော်ဩဝါဒါစရိယ လှိုင်းဘွဲမြို့နယ် ဥဒေါင်းကျောင်းဆရာတော် ဘဒ္ဒန္တခန္တီဝဏ္ဏထံမှ ရှစ်ပါးသီလ ခံယူဆောက်တည်ကြသည်။

ထို့နောက် ပြည်နယ်ဩဝါဒါစရိယ ဇွဲကပင်ကျောင်းဆရာတော် ဘဒ္ဒန္တကဝိဇက သမ္ဗောဒနိယ ဩဝါဒကထာကို မြွက်ကြားချီးမြှင့်ပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့် ဧည့်ပရိသတ်အပေါင်းတို့သည် ဆရာတော်၊ သံဃာတော်အရှင်သူမြတ်များ ရွတ်ပွားသရဇ္ဈာယ်တော်မူသော မေတ္တာသုတ်ပရိတ်တရားတော်များကို နာယူကြည်ညိုကြကာ ပြည်နယ်ဝန်ကြီးချုပ်က သာသနာရေးဆိုင်ရာများကို လျှောက်ထားတင်ပြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် ဇနီး၊ ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် ၎င်းတို့၏ ဇနီးများက ကြွရောက်ချီးမြှင့်တော်မူသော ထေရ်ကြီးဝါကြီး ဆရာတော်ကြီးများအား လှူဖွယ်ဝတ္ထုပစ္စည်းများနှင့် နဝကမ္မအလှူငွေများ ဆက်ကပ်လှူဒါန်းကြပြီး ပြည်နယ်ဝန်ကြီးချုပ်က မဟာဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ မြဝတီမြို့ မြသုခ(၂၇၅) တပ်ဦးကျောင်းဆရာတော် ဘဒ္ဒန္တပညာနန္ဒထံ ဘွဲ့တံဆိပ်၊ အဆောင်အယောင်နှင့် လှူဖွယ်ဝတ္ထုပစ္စည်းများကို လည်းကောင်း **(ယာပုံ)**၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး မင်းသူကျော်က မဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရ လှိုင်းဘွဲမြို့နယ် မဲဆမိတ်ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တစန္ဒိမထံ ဘွဲ့တံဆိပ်၊ အဆောင်အယောင်နှင့် လှူဖွယ်ဝတ္ထုပစ္စည်းများကိုလည်းကောင်း၊ ပြည်နယ်စီးပွားရေးရာဝန်ကြီး ဦးစောခင်မောင်မြင့်က မဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရ သံတောင်မြို့ မြို့တော်ဦး ထေရဝါဒ ဗုဒ္ဓသာသနာပြုကျောင်း ဆရာတော် ဘဒ္ဒန္တသီလာစာရထံ ဘွဲ့တံဆိပ်၊ အဆောင်အယောင်နှင့် လှူဖွယ်ဝတ္ထုပစ္စည်းများကို လည်းကောင်း၊ ပြည်နယ်လူမှုရေးရာဝန်ကြီး ဦးစောထွန်းအောင်က သဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရ ဘားအံမြို့နယ် နောင်ကမြိုင်ကုန်းကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တဣန္ဒာစရိယထံ ဘွဲ့တံဆိပ်၊ အဆောင်အယောင်နှင့် လှူဖွယ်ဝတ္ထုပစ္စည်းများကို လည်းကောင်း။

လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးညီညီဇော်က သဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရ မြဝတီမြို့ အမှတ်(၄)ရပ်ကွက် ကံ့ကော်တစ်ထောင် သိဒ္ဓိအောင်ဘေးမဲ့ကုန်းကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တပညာသိဒ္ဓိထံ ဘွဲ့တံဆိပ်၊ အဆောင်အယောင်နှင့် လှူဖွယ်ဝတ္ထုပစ္စည်းများကို လည်းကောင်း၊ တိုင်းရင်းသားရေးရာဝန်ကြီး ဦးစန်းကိုက ကမ္မဋ္ဌာနာစရိယ ဘွဲ့တံဆိပ်ရ မြဝတီမြို့နယ် တေဇစက္ကီကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တဇောဂရထံ ဘွဲ့တံဆိပ်၊ အဆောင်အယောင်နှင့် လှူဖွယ်ဝတ္ထုပစ္စည်းများကို လည်းကောင်း၊ ပြည်နယ်ဝန်ကြီးချုပ်၏ ဇနီးက ဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်ရ မြဝတီမြို့နယ် ပုညာရာမ သီလရှင်စာသင်တိုက် သီလရှင်ဆရာကြီး ဒေါ်ဩဘာသီထံ ဘွဲ့တံဆိပ်၊ အဆောင်အယောင်နှင့် လှူဖွယ်ဝတ္ထုပစ္စည်းများကိုလည်းကောင်း ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် ဧည့်ပရိသတ် အပေါင်းတို့သည် မြဝတီမြို့နယ် မြသုခ (၂၇၅) တပ်ဦးကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တပညာနန္ဒထံမှ အနုမောဒနာတရား နာကြား၍ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေခဲ့ကြပြီး ကြွရောက်ချီးမြှင့်တော်မူသော အထူးပင့်သံဃာတော်များ၊ ဘွဲ့ခံဆရာတော်များနှင့် ဘွဲ့ခံသီလရှင်ဆရာကြီးတို့အား ဆွမ်းဆန်စိမ်း လောင်းလှူပူဇော်ခဲ့ကြကြောင်း သိရသည်။

ယင်းနောက် ပြည်နယ်အစိုးရအဖွဲ့မှ ကြီးမှူးကျင်းပသော ရွှေယဉ်မျှော် ပြည်တော်ဇေစေတီတော် ဗုဒ္ဓပူဇနိယ တပေါင်းပွဲတော် ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို မွန်းလွဲ ၃ နာရီခန့်က အဆိုပါစေတီတော် တည်နေရာ၌ ကျင်းပရာ ကရင်ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ဒေါ်ခင်ဆွေထွန်း၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များနှင့် ၎င်းတို့၏ ဇနီးများ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့် ၎င်းတို့၏ မိသားစုဝင်များ၊ မြို့ပေါ်ရပ်ကွက်များမှ စေတနာရှင်ပြည်သူများက ရွှေယဉ်မျှော် ပြည်တော်ဇေစေတီတော် ဩဝါဒါစရိယ ဆရာတော်ကြီးများ အမှူးပြုသော ဘားအံမြို့ပေါ်ရှိ ဘုန်းတော်ကြီး ကျောင်း ၅၃ ကျောင်းမှ ရဟန်း၊ သာမဏေ ၁၈၁၅ ပါး၊ သီလရှင်ကျောင်း ၁၄ ကျောင်းမှ သီလရှင် ၅၆၈ ပါး စုစုပေါင်း ရဟန်း၊ သာမဏေ၊ သီလရှင် ၂၃၈၃ ပါးတို့အား ဆွမ်းဆန်တော်၊ ခေါက်ဆွဲခြောက်၊ အသုံးအဆောင်ပစ္စည်းများ၊ တိုင်းရင်းဆေးအမျိုးမျိုးနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လောင်းလှူခဲ့ကြပြီး ဆွမ်းဆန်စိမ်းလောင်းလှူနေမှုအား ပြည်နယ်ဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ဝင်များက လှည့်လည်ကြည့်ရှု အားပေးခဲ့ကြသည်။

သတင်းစဉ်

# ကချင်ပြည်နယ်ဝန်ကြီးချုပ် နယ်မြေအခြေအနေအရ မြစ်ကြီးနားနှင့် ဝိုင်းမော်မြို့နယ်တို့မှ ယာယီနေရပ်စွန့်ခွာ အိမ်ထောင်စုများအား ဆန်ရိက္ခာနှင့် စားသောက်ကုန်ပစ္စည်းများ ထောက်ပံ့ပေးအပ်

**မြစ်ကြီးနား မတ် ၂၅**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့နှင့် ဝိုင်းမော်မြို့နယ်အတွင်း လတ်တလောနယ်မြေ အခြေအနေအရ မြစ်ကြီးနားမြို့ရှိ ဘာသာရေးကျောင်းများတွင်



ယာယီနေရပ်စွန့်ခွာ အိမ်ထောင်စုများအား ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်သည် မတ် ၂၅ ရက် မွန်းလွဲ ၂ နာရီက မြစ်ကြီးနားမြို့ စုပေါင်းရုံးအတွင်းရှိ မနော‌ရွှေပြည်ခန်းမ၌ သွားရောက်တွေ့ဆုံ အားပေးထောက်ပံ့ခဲ့သည်။

ထိုသို့ တွေ့ဆုံအားပေးထောက်ပံ့ရာတွင် ပြည်နယ်ဝန်ကြီးချုပ်က လတ်တလောနယ်မြေ အခြေအနေအရ မိမိတို့၏ နေရပ်ကျေးရွာများကို စွန့်ခွာပြီး တိမ်းရှောင်လာကြသည့် မိသားစုများအား စိတ်ဓာတ်ခွန်အားရရှိစေရေး အားပေးခြင်းဖြစ်သည့်အပြင် လတ်တလောနေထိုင်စားသောက်မှု အဆင်ပြေစေရေး အခြေခံစားသောက်ကုန်များနှင့် အဝတ်အထည်များကို ထောက်ပံ့ပေးသွားမည်ဖြစ်ပါကြောင်း၊ ထို့အပြင် မိသားစုများ၏ အခက်အခဲ၊ လိုအပ်ချက်များကို ကူညီဖြေရှင်းပေးမည့်အပြင် အခက်အခဲများကို မိမိတို့အစိုးရအဖွဲ့နှင့် အတူတကွ ပူးပေါင်းဖြေရှင်း ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း အားပေးပြောကြားသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက မြစ်ကြီးနားမြို့နယ်အတွင်းရှိ တာလောကြီး၊ တာချယ်၊ ဘိုဆာဒီ၊ ခေါင်ဖူးရွာသစ်ကျေးရွာများနှင့် ဝိုင်းမော်မြို့နယ်အတွင်းရှိ အောင်မြင် (၁)၊ ခါးရှိ၊ စန်းကား၊ ဂူယန်၊ ဇယ်ခမ်း၊ ဇီးကော်၊ ကျန်းခန်းနှင့် ဂျေကော်ကျေးရွာတို့မှ မြစ်ကြီးနားမြို့ရှိ ခရစ်ယာန်ဘာသာရေးကျောင်းများ၊ မိဘမဲ့ဂေဟာတို့တွင် ခေတ္တလာရောက် ခိုလှုံလျက်ရှိသော အိမ်ထောင်စု စုစုပေါင်း ၁၃၈ စု၊ လူဦးရေ ၅၄၂ ဦး တို့အတွက် ကချင်ပြည်နယ်အစိုးရအဖွဲ့က စုစုပေါင်း ငွေကျပ် ၆၄၇၂၂၀၀ တန်ဖိုးရှိ ဆန်အိတ် ၃၁၈ အိတ်၊ ခေါက်ဆွဲခြောက်ဖာ ၁၃၈ ဖာတို့နှင့် ကြက်ဥ ၁၃၈ လုံးကို ထောက်ပံ့ပေးအပ်ကြသည်။

ဆက်လက်၍ ယာယီနေရပ်စွန့်ခွာ ပြည်သူများက လတ်တလော နေထိုင်စားသောက်ရာတွင် လိုအပ်ချက်များ၊ ကျန်းမာရေးစောင့်ရှောက်မှုပေးရန် ကိစ္စရပ်များ၊ သောက်သုံးရေလိုအပ်ချက်နှင့် လိုအပ်ချက်၊ အခက်အခဲများကို တင်ပြဆွေးနွေးကြရာ ပြည်နယ်ဝန်ကြီးချုပ်က ယာယီတိမ်းရှောင် နေထိုင်စဉ် ကာလအတွင်း နေထိုင်စားသောက်မှု အဆင်ပြေစေရေး လိုအပ်သည်များကို အမြန်ဆုံး ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရေး သက်ဆိုင်ရာတာဝန်ရှိသူများနှင့် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ပြည်နယ် (ပြန်/ဆက်)

■ အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာမှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

■ အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။



# မန်းရွှေစက်တော်ဘုရားပွဲသို့ လှည်းယဉ်များဖြင့် ဘုရားဖူးသွားကြသည့် မင်းလှကျင်းကျေးရွာသားများ၏ ချစ်စရာဓလေ့

**မြန်မာနိုင်ငံအတွင်း၌ ရိုးရာဓလေ့ကို လက်ဆင့်ကမ်းထိန်းသိမ်းပြီး ဘုရားပွဲတော်သို့ လှည်းယဉ်များဖြင့် ဘုရားဖူးသွားရောက်သည့် ချစ်စရာရိုးရာဓလေ့သည် မင်းဘူး(စကု)မြို့နယ်ရှိ မင်းလှကျင်းကျေးရွာ တစ်ရွာသာကျန်ရှိတော့သည်။**

**မောင်မောင်(မင်းဘူး)**

ရှေးယခင်က မင်းဘူးခရိုင်အတွင်းရှိ မင်းဘူး၊ စကု၊ ပွင့်ဖြူ၊ စလင်းနှင့် ငဖဲမြို့နယ်များမှ ဒေသခံပြည်သူများကလည်း မန်းရွှေစက်တော်ဘုရားပွဲတော်သို့ လှည်းယဉ်များဖြင့် ဘုရားဖူးသွားရောက်ခဲ့ကြသော်လည်း ယနေ့ခေတ်တွင် မင်းလှကျင်းကျေးရွာကသာ လှည်းယဉ်များဖြင့် ဘုရားဖူးသွားရောက်ကြသည့် ချစ်စရာရိုးရာဓလေ့ကို ဆက်လက်ထိန်းသိမ်းထားကြောင်း ဒေသခံများထံမှ သိရသည်။

မင်းဘူး(စကု)မြို့နယ်ရှိ မင်းလှကျင်းကျေးရွာမှ ဒေသခံပြည်သူများသည် မန်းရွှေစက်တော်ဘုရားပွဲတော်သို့ လှည်းယဉ်တန်းများဖြင့် ရှေးယခင်ကတည်းက နှစ်စဉ်ဘုရားဖူးသွားရောက်လေ့ရှိရာ ယခုနှစ် မတ် ၂၁ ရက်က လှည်းအစီးရေ ၃၇ စီးဖြင့် ပျော်ပျော်ပါးပါး ဘုရားဖူးသွားရောက်ခဲ့ကြသည်။

ယခုနှစ် မန်းရွှေစက်တော်ဘုရားပွဲတော်ကြီးကို တပို့တွဲလဆန်း ၅ ရက်မှ မြန်မာနှစ်ဆန်း ၁ ရက်အထိ ရက်ပေါင်း ၆၄ ရက်ကြာ စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိပြီး မြန်မာနိုင်ငံအတွင်း၌ ရက်အရှည်ကြာဆုံးသော ဘုရားပွဲတော်ကြီးတစ်ခုဖြစ်သည်နှင့်အညီ အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးလာရောက်ကြသူများဖြင့် အထူးစည်ကားလျက်ရှိကြောင်း မန်းရွှေစက်တော် ဘုရားဂေါပကအဖွဲ့ထံမှ သိရသည်။

မင်းလှကျင်းကျေးရွာသည် မင်းဘူး(စကု)မြို့နယ်နှင့် မိုင် ၂၀ ကျော်ဝေးပြီး အဆိုပါကျေးရွာနှင့် မန်းရွှေစက်တော်ဘုရားကြီးသည် ၁၃ မိုင်ခန့်သာ ကွာဝေးသည်။ ဒေသခံပြည်သူများသည် မိရိုးဖလာတောင်ယာလုပ်ငန်းဖြင့် စိုက်ပျိုးရေးကို အဓိကထားပြီး အသက်မွေးဝမ်းကျောင်းပြု၍ အများဆုံး လုပ်ကိုင်ကြသည်။ ယခင်က လက်ရက်ကန်း (အထည်ရက်) လုပ်ငန်း၊ ဝါးနီးဖျာ၍ သက်ငယ်ရက်လုပ်ငန်းနှင့် ဝါးထရံရက်လုပ်ငန်းများကိုလည်း လုပ်ကိုင်လေ့ရှိကြောင်း၊ ယနေ့ခေတ်တွင်မူ တောင်ယာလုပ်ငန်းကိုသာ အဓိကထားလုပ်ကိုင်လျက်ရှိပြီး လက်မှုလုပ်ငန်းလုပ်ကိုင်သူ တဖြည်းဖြည်း နည်းပါးလာကြောင်းလည်း သိရသည်။

မင်းလှကျင်းကျေးရွာမှ ဒေသခံပြည်သူများသည် ရှေးယခင် နှစ်ပေါင်းများစွာကပင် မန်းရွှေစက်တော်သို့ လှည်းတန်းများဖြင့် ဘုရားဖူးသွားရောက်လေ့ရှိကြသည်။ ထိုသို့ လှည်းယဉ်များဖြင့် ဘုရားဖူးသွားရောက်ရာတွင် ဒေသခံပြည်သူများက ဘုရားဖူးသွားမည့်နေ့တွင် လှည်းယဉ်များကို ကြံ့ခိုင်ကောင်းမွန်အောင် ပြုပြင်စစ်ဆေးခြင်း၊ ဘုရားရောက်ချိန် အပန်းဖြေအနားယူ ချက်ပြုတ်စားသောက်ရန်နှင့် လိုအပ်သော အသုံးအဆောင်ပစ္စည်းများ ကြိုတင်စုဆောင်းပြင်ဆင်ခြင်း၊ နွားများအတွက် နွားစာများ သယ်ဆောင်ခြင်း စသည့်ပြင်ဆင်မှုများကို ဘုရားဖူးလိုက်ပါမည့် ကျေးရွာသူ ကျေးရွာသားများက တက်ညီလက်ညီ ကြိုတင်လုပ်ဆောင်ကြသည်။ ထို့နောက် ဘုရားဖူးသွားရန် ရက်အနည်းငယ်အလိုတွင် စခန်းချနေထိုင်မည့် မန်းချောင်းနံဘေး၌ လှည်းဝိုင်းအဖွဲ့ခေါင်းဆောင်က ဦးဆောင်၍ အမျိုးသားများက ကြိုတင်သွားရောက်ပြီး ရွက်ဖျင်တဲ (နားနေဆောင်) ဆောက်လုပ်ခြင်းကို ဦးစွာဆောင်ရွက်ကြသည်။

ဘုရားဖူးသွားရောက်ရာတွင် ကျေးရွာအတွင်း သက်ကြီးဘိုးဘွားများနှင့် လှည်းမရှိသူများသာ ကျန်ခဲ့ပြီး လူငယ်၊ လူလတ်ပိုင်းအရွယ်များက လှည်းယဉ်များဖြင့် လည်းကောင်း၊ ကားဖြင့်လည်းကောင်း ယနေ့အထိတိုင် နှစ်စဉ် သွားရောက်ကြသည်။ လှည်းဖြင့်သွားရောက်သည့် လူငယ်များက ကျေးရွာအထွက်မှစတင်ပြီး ဘုရားနားရောက်သည်အထိ လှမ်းလျှောက်ကာ တစ်ဦးနှင့်တစ်ဦး ချစ်ခင်ရင်းနှီးစွာ စနောက်ကျီစယ်ရင်း အမောအပန်းဖြေဖျောက်၍ သွားကြသည်မှာလည်း ကြည်နူးဖွယ်ရာ မြင်ကွင်းအဖြစ် တွေ့မြင်နိုင်သည်။

ယခုနှစ်တွင် မှတ်တမ်းဓာတ်ပုံရိုက်ကူးကြသူများ စုပေါင်းပြီး လှည်း ၃၇ စီးအတွက် အလှူငွေကျပ် ၁၅၀၀၀၀ နှင့် စေတနာရှင် အလှူရှင်တစ်ဦးက မြန်မာ့ရိုးရာဓလေ့ကို လက်ဆင့်ကမ်းထိန်းသိမ်းသည့် လှည်းဝိုင်းအဖွဲ့ကို ဂုဏ်ပြုသည့်အနေဖြင့် အလှူငွေကျပ် ၅၀၀၀၀၀ တို့ကို လှည်းဝိုင်းအဖွဲ့ခေါင်းဆောင်နှင့် ဒေသခံများထံ လက်ဝယ်အရောက် လှူဒါန်းပေးအပ်ခဲ့ကြောင်း သိရသည်။



အဆိုပါကျေးရွာကလေးသည် မန်းရွှေစက်တော်ဘုရားပွဲတော်ချိန်ရောက်တိုင်း နှစ်စဉ် တပေါင်းလဆန်း ၁၂ ရက်နှင့် ၁၃ ရက်နေ့များတွင် သွားရောက်လေ့ရှိပြီး တပေါင်းလပြည့်ကျော် ၁ ရက်နေ့ ညနေပိုင်းမှသာ ပြန်လာလေ့ရှိကြောင်း၊ ဘုရားရောက်ချိန် ဆင်စခန်းအထက် မန်းချောင်းနံဘေးတွင် စခန်းချကာ ဘုရားကြီး၌ လေးညအိပ် ငါးရက်ကြာ လှည်းယဉ်များအနီး ရွက်ဖျင်တဲထိုး၍ ချက်ပြုတ်စားသောက်ကာ နေထိုင်လေ့ရှိသည်။

ဘုရားရောက်ချိန် အရုဏ်တက် နံနက်ခင်းအချိန်၌ ဘုန်းကြီးဆွမ်းလောင်းလှူခြင်း၊ ရွှေသင်္ကန်းများ ကပ်လှူပူဇော်ခြင်း၊ အလှူအတန်းနှင့် ကောင်းမှုကုသိုလ်များပြုလုပ်၍ တစ်နှစ်တာကာလ တောင်ယာလုပ်ငန်းဖြင့် ပင်ပန်းခဲ့သမျှ မန်းချောင်းနံဘေး ရေချိုးရင်း အပန်းဖြေအနားယူလေ့ရှိကြောင်း မင်းလှကျင်းကျေးရွာမှ ဒေသခံများ၏ ပြောကြားချက်အရ သိရသည်။

**လှည်းဝိုင်းအနီး ချက်ပြုတ်ပြင်ဆင်နေသည့် မင်းလှကျင်းရွာမှ ဘုရားဖူးမိသားစု။**



# လွယ်ဂျယ်ကုန်သွယ်ရေးစခန်းမှ ဆန်၊ ငရုတ်သီးခြောက်နှင့် ထောပတ်ပဲ တင်ပို့ကုန်သွယ်မှုအခြေအနေ

လွယ်ဂျယ်ကုန်သွယ်ရေးစခန်းအနေဖြင့် တရုတ်နိုင်ငံသို့ မတ် ၁၉ ရက်မှ ၂၃ ရက်အတွင်း ကုန်သွယ်မှုဆောင်ရွက်ရာ၌ ပို့ကုန်ပိုင်းတွင် ဆန် ၁၈၁ ဒသမ ၀၀ တန်၊ ဆန်ကွဲ ၃၀၀ ဒသမ ၂၅ တန်၊ ငရုတ်သီးခြောက် ၃၃၁ ဒသမ ၆၃ တန်၊ သခွားမွှေး ၂၈၈ ဒသမ ၀၀ တန်၊ ထောပတ်ပဲ ၂၂၅ ဒသမ ၀၀ တန်၊ သီဟိုဠ်စေ့ ၃၁ ဒသမ ၂၀ တန်၊ ပဲနီကြား ၆၆ ဒသမ ၀၀ တန်၊ မြေထောက်ပဲ ၁၂၁၈ ဒသမ ၅၀ တန်၊ ဖရဲသီး ၁၉၂၇ ဒသမ ၅၀ တန်၊ ပဲလွန်းဖြူ ၆၅ ဒသမ ၅၀ တန်၊ ကြံ ၃၀ ဒသမ ၀၀ တန်၊ တစ်သျှူးငှက်ပျော ၅၄၅၆ ဒသမ ၀၀ တန်၊ ပဲယဉ်း ၃၀၁ ဒသမ ၂၅ တန်၊ ကော်ဖီစေ့ ၆၈ ဒသမ ၀၀ တန်၊ ကျွဲသားခြောက် ၁၀ ဒသမ ၅၀ တန်၊ ကော်ဖီမစ် ၇ ဒသမ ၄၀ တန်၊ မြေပဲဆန် ၂၂၄ ဒသမ ၀၀ တန်၊ ဖရုံသီး ၉၇ ဒသမ ၀၀ တန်၊ ချဉ်ပေါင်ဖာလာ ၇၄ ဒသမ ၈၀ တန်နှင့် ကြက်သွန်နီ ၁၄၁ ဒသမ ၀၀ တန် တင်ပို့နိုင်ခဲ့သည်။

သွင်းကုန်ပိုင်းတွင် သံ၊ ဂျပ်ဖာ၊ တာယာ၊ ကုန်စုံ၊ စက္ကူ၊ ဖော့၊ ဆေး၊



ကော်စေ့၊ ကြက်အူချောင်း၊ မြက်ခင်းတုနှင့် ပလတ်စတစ်တို့ တင်သွင်းနိုင်ခဲ့သည်။

DOT (လွယ်ဂျယ်)

# အထက်မင်းလှမြို့နယ်၌ ဆောင်းသီးနှံပဲကြီးစိုက် တောင်သူများ အဆင်ပြေလျက်ရှိ

မကွေးတိုင်းဒေသကြီး သရက်ခရိုင် အထက်မင်းလှမြို့နယ်အတွင်းရှိ ကျေးရွာများဖြစ်သော ပန်းတော်ပြင်၊ ဥယျာဉ်၊ ရွာတော်၊ မယ်ဇလီတော၊ ညောင်ပင်သာစသည့် ကျေးရွာများသည် စိုက်ပျိုးရေးကို အဓိကထား လုပ်ကိုင်ကြပြီး ပဲကြီးသီးနှံများကို စီးပွားဖြစ် စိုက်ပျိုးကြကြောင်း၊ ပဲကြီးမျိုးအနေဖြင့် ရွှေကျွန်းမျိုးများကို အများဆုံးစိုက်ပျိုးကြပြီး စိုက်ပျိုးရာတွင် ထွန်တုံးဖြင့် ကြောင်းဆွဲ၍ ကြဲပက်စနစ်ဖြင့် စက်တင်ဘာလ၌ စတင်စိုက်ပျိုးပြီး ဖေဖော်ဝါရီလကုန်ပိုင်းတွင် စတင်ခူးဆွတ်ရကြောင်း၊ စိုက်ပျိုးထုတ်လုပ်မှု ကုန်ကျစရိတ်မှာ တစ်ဧကလျှင် မျိုး၊ သွင်းအားစု၊ လုပ်သားခအပါအဝင် စုစုပေါင်း ငွေကျပ် ၂၀၀၀၀၀ ခန့် ကုန်ကျပြီး တစ်ဧကလျှင် ၁၅-၂၀ တင်းထွက်ရှိကြောင်း၊ ပဲကြီးသီးနှံ စတင်ထွက်ပေါ်ချိန် ဖေဖော်ဝါရီလ ဒုတိယပတ်တွင် ပဲကြီးတစ်တင်းလျှင် ငွေကျပ် ၁၀၀၀၀၀-၁၁၀၀၀၀ ဈေးနှုန်းဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ပြီး ပဲကြီးသီးနှံများလှိုင်လှိုင်ထွက်ရှိသည့် မတ်လ ဒုတိယပတ်တွင် တစ်တင်းလျှင် ငွေကျပ် ၆၀၀၀၀-၇၀၀၀၀ အထိရရှိကာ ဈေးကွက်အနေဖြင့် ထွက်ရှိသည့်ပဲကြီးများကို အထက်မင်းလှမြို့ရှိ ပွဲရုံများသို့ တင်ပို့ရောင်းချကြကြောင်း၊ ပဲကြီးသီးနှံစိုက် တောင်သူများအနေဖြင့် ထိုက်သင့်သည့် အကျိုးအမြတ်များရရှိကာ အဆင်ပြေလျက်ရှိကြောင်း သိရှိရသည်။

DOCA (မကွေး)

# မြေနုကျွန်းစိုက် မြေပဲသီးနှံများ ဈေးနှုန်းဈေးကွက်ကောင်းမွန်၍ အကျိုးအမြတ်ရရှိ

မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် ဆိပ်ဖြူမြို့နယ်အတွင်း ဧရာဝတီမြစ်ကမ်းဘေးရှိ ဆိပ်ဖြူမြို့ ရွာသစ် - အနောက်ပိုင်း၊ အလယ်ပိုင်းရပ်ကွက်များနှင့် ကိုးထောင့်၊ ချင်တောင်၊ အောက်ဆိပ်၊ မြင်ကဝ၊ ကမ္ဘာကြီးအုပ်စုများအတွင်းရှိ ကျေးရွာများ၌ ဆီထွက်သီးနှံ တစ်မျိုးဖြစ်သော မြေပဲသီးနှံကို ကိုင်းမြေနုကျွန်းများတွင် မိုးမြေပဲနှင့် ဆောင်းမြေပဲဟူ၍ နှစ်ရာသီ စိုက်ပျိုးကြပြီး ဆောင်းမြေပဲ စိုက်ဧက ၃၀၀၀ ခန့် စိုက်ပျိုးထားရှိကြောင်း သိရသည်။

**ရောင်းချမှုများပြား**

မြေပဲသီးနှံ စိုက်ပျိုးမှုအနေဖြင့် အောက်တိုဘာလမှ နိုဝင်ဘာလကုန်အထိ စိုက်ပျိုးကြပြီး ဖေဖော်ဝါရီလ လဆန်းပိုင်းမှ စတင်၍ မတ်လအထိ တူးဖော်ကြကြောင်း၊ မြေပဲမျိုးအနေဖြင့် ၃ လပဲ မြေပဲ တောင့်အသေး အဆန်အဖြူ (S1) မျိုးကို စိုက်ပျိုးကြပြီး တစ်ဧကလျှင် ငွေကျပ် ၆၀၀၀၀၀ ခန့် ကုန်ကျကြောင်း၊ ယခုနှစ်တွင် ကိုင်းကျွန်းမြေစိုက်ခင်းများအတွင်း မြစ်ရေများဝင်ကာ သဲနုန်းမြေတင်ကျန်မှုများပြားပြီး ရာသီဥတု ကောင်းမွန်ခြင်းကြောင့် တစ်ဧကလျှင် မြေပဲအထွက်တင်း ၅၀ ခန့်၊ မြေပဲဆန်အားဖြင့် ၂၂၅ ပြည်ခန့် ထွက်ရှိကြောင်း၊ မြေပဲစိုက်တောင်သူများသည် ထွက်ရှိသော မြေပဲသီးအတောင့်များကို အခြောက်လှန်း၍ မြေပဲတောင့်အခြောက်အဖြစ် ရောင်းချမှု နည်းပါးပြီး မြေပဲအတောင့်ကို ထုခွဲ၍ရရှိလာသော မြေပဲဆန်များကိုသာ ရောင်းချမှု များပြားကြောင်း သိရသည်။

**အကျိုးအမြတ်ရရှိ**

ဈေးနှုန်းအနေဖြင့် သီးနှံပေါ်ချိန်တွင် ဒေသပေါက်ဈေးမှာ မြေပဲလုံးဆန် တစ်ပြည်လျှင် ငွေကျပ် ၆၇၀၀ ပေါက်ဈေးရှိ၍ ဝင်ငွေအနေဖြင့် တစ်ဧကလျှင် ငွေကျပ် ၁၅၀၇၅၀၀ ရရှိပြီး ငွေကျပ် ၉၀၇၀၀၀ ခန့် အကျိုးအမြတ်ရရှိကြောင်း ဒေသခံတောင်သူများထံမှ သိရသည်။

**ဈေးနှုန်းဈေးကွက်ခိုင်မာမှုရှိ**

ဈေးကွက်အနေဖြင့် ဆီထွက်သီးနှံ မြေပဲကို ပြည်တွင်းစားသုံးမှုအတွက် ဆီကြိတ်ခွဲထုတ်လုပ်ရောင်းဝယ်လျက်ရှိသော ဆီစက်လုပ်ငန်းရှင်များနှင့် အသင့်စား စားသောက်ကုန်များ ထုတ်လုပ်လျက်ရှိသော လုပ်ငန်းရှင်များမှ ဝယ်ယူသိုလှောင်မှုများ ရှိသည့်အပြင် တရုတ်နိုင်ငံသို့ အများဆုံး တင်ပို့လျက်ရှိခြင်းကြောင့် ဈေးနှုန်းဈေးကွက် ခိုင်မာမှုရှိသော မြေပဲသီးနှံကို ဒေသခံတောင်သူများက စိုက်ပျိုးမှု များပြားလာပြီး အကျိုးအမြတ်များ ရရှိကြောင်း ဒေသခံတောင်သူ တစ်ဦးထံမှ သိရှိရသည်။

DOCA (မကွေး)

# ကျောက်ဆည်ခရိုင်၌ နွေနှမ်းများ စတင်စိုက်ပျိုးလျက်ရှိ

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင်တွင် နွေနှမ်းများ စတင်စိုက်ပျိုးလျက်ရှိပြီး ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်၌ ကျောက်ဆည်မြို့နယ်တွင် ၆၅၉ ဧက၊ မြစ်သားမြို့နယ်တွင် ၅၉၉ ဧက စုစုပေါင်း ၁၂၅၈ ဧကစိုက်ပျိုးပြီးဖြစ်ကြောင်း ခရိုင်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၏ စာရင်းများအရ သိရသည်။

နွေနှမ်းစိုက်ပျိုးရာတွင် မျိုးအနေဖြင့် နှမ်းညို၊ နှမ်းဖြူ၊ နှမ်းနက်မျိုးများကိုသာ အများဆုံး စိုက်ပျိုးကြပြီး ယခုအချိန်တွင် ရေပေးဝေမှုစေသောကြောင့် နွေနှမ်းများကို အစောဆုံးစိုက်ပျိုးကြပြီး နွေနှမ်းစိုက်ပျိုးမှု ကုန်ကျစရိတ်အနေဖြင့် တစ်ဧကလျှင် မျိုး၊ သွင်းအားစု၊ လုပ်သားခအပါအဝင် စုစုပေါင်း ငွေကျပ် ၃၅၀၀၀၀ ကုန်ကျကြောင်း၊ ယခင်နှစ် နွေနှမ်းအထွက်နှုန်းများ အနေဖြင့် တစ်ဧကလျှင် ရှစ်တင်းခန့် ထွက်ရှိပြီး ယခုနှစ်တွင် ပုံမှန်ရေပေးဝေမှုနှင့် ရာသီဥတု ကောင်းမွန်ပါက အထွက်နှုန်းများ ကောင်းမွန်နိုင်မည်ဟု ခန့်မှန်းရကြောင်း တောင်သူတစ်ဦး၏ပြောကြားချက်အရ သိရှိရသည်။

DOCA (မန္တလေး)

## ၂၅-၃-၂၀၂၄ ရက်နေ့ တိုင်းဒေသကြီးနှင့်ပြည်နယ် မြို့နယ်အလိုက် ဆန်၊ ဆီ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ သားငါး ဈေးနှုန်းများ

ရေတွက်ပုံ(ကျပ်)

| စဉ် | မြို့အမည် | ဆန်(တစ်ပြည်) | | | ဆီ(တစ်ပိဿာ) | | စားဖိုဆောင်သုံး (တစ်ပိဿာ) | | | | | | | | | | | | အသား၊ ငါး(တစ်ပိဿာ) | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ညှပ်မထ | ငစိန် | ပေါ်ဆန်း | ပဲဆီ | စားအုန်းဆီ | ငရုတ်ခြောက် | ကြက်သွန်နီ | ကြက်သွန်ဖြူ(ရှမ်းစ) | ကြက်သွန်ဖြူ(ကြူကုတ်) | နနွင်းတက် | ချင်း | ဆား | မြေပဲ | ကုလားပဲဝါ | မန်ကျည်းသီး | အာလူး | သကြား | ကြက် | ဝက် | အမဲ | ဆိတ် | ငါးမြစ်ချင်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ | ၁၆ | ၁၇ | ၁၈ | ၁၉ | ၂၀ | ၂၁ | ၂၂ | ၂၃ | ၂၄ |
| ၁ | မြစ်ကြီးနား | ၃၂၀၀ | | ၇၀၀၀ | ၁၆၀၀၀ | ၆၂၀၀ | ၁၈၀၀၀ | ၄၅၀၀ | ၂၀၀၀၀ | ၉၀၀၀ | ၅၀၀၀ | ၇၀၀၀ | ၁၀၀၀ | ၉၀၀၀ | ၈၀၀၀ | ၄၅၀၀ | ၂၅၀၀ | ၅၀၀၀ | ၁၉၀၀၀ | ၂၂၀၀၀ | ၂၀၀၀၀ | ၂၆၀၀၀ | ၁၆၀၀၀ |
| ၂ | လားရှိုး | ၃၇၀၀ | | ၈၀၀၀ | ၁၇၀၀၀ | ၆၃၃၀ | ၁၇၀၀၀ | ၄၅၀၀ | ၁၅၀၀၀ | ၁၁၀၀၀ | ၆၀၀၀ | ၅၀၀၀ | ၁၀၀၀ | ၉၀၀၀ | ၇၇၀၀ | ၄၀၀၀ | ၃၅၀၀ | ၄၅၀၀ | ၁၄၀၀၀ | ၂၂၀၀၀ | ၂၃၀၀၀ | ၃၀၀၀၀ | ၁၆၀၀၀ |
| ၃ | ကျိုင်းတုံ | ၄၀၅၀ | | ၇၅၀၀ | ၁၆၀၀၀ | ၆၅၀၀ | ၁၇၅၀၀ | ၄၀၀၀ | ၁၅၅၀၀ | ၁၀၀၀၀ | ၆၀၀၀ | ၅၅၀၀ | ၁၃၀၀ | ၁၀၅၀၀ | ၈၀၀၀ | ၅၀၀၀ | ၃၅၀၀ | ၅၀၀၀ | ၁၃၀၀၀ | ၂၀၀၀၀ | ၂၄၀၀၀ | | ၁၅၀၀၀ |
| ၄ | တောင်ကြီး | ၃၄၀၀ | ၃၂၀၀ | ၆၈၀၀ | ၁၆၅၀၀ | ၅၈၀၀ | ၁၉၀၀၀ | ၃၅၀၀ | ၁၃၀၀၀ | ၁၂၀၀၀ | ၆၅၀၀ | ၅၀၀၀ | ၆၀၀ | ၁၀၀၀၀ | ၈၀၀၀ | ၆၀၀၀ | ၃၀၀၀ | ၄၄၀၀ | ၁၃၀၀၀ | ၂၀၀၀၀ | ၁၈၀၀၀ | ၂၈၀၀၀ | ၁၆၀၀၀ |
| ၅ | လှိုင်ကော် | | | | | | | | | | | | | | | | | | | | | | |
| ၆ | ဘားအံ | ၃၅၀၀ | | ၅၇၀၀ | ၁၅၅၀၀ | ၅၈၀၀ | ၁၂၀၀၀ | ၂၈၀၀ | ၁၂၀၀၀ | ၁၂၀၀၀ | ၆၈၀၀ | ၇၀၀၀ | ၈၀၀ | ၈၅၀၀ | ၇၀၀၀ | ၅၀၀၀ | ၂၅၀၀ | ၄၅၀၀ | ၁၂၀၀၀ | ၁၅၀၀၀ | ၁၈၀၀၀ | ၁၈၀၀၀ | ၈၀၀၀ |
| ၇ | မော်လမြိုင် | ၃၅၀၀ | | ၅၃၀၀ | ၁၆၀၀၀ | ၅၇၀၀ | ၁၃၅၀၀ | ၃၅၀၀ | ၁၄၀၀၀ | ၁၂၀၀၀ | ၈၀၀၀ | ၇၀၀၀ | ၈၀၀ | ၁၁၀၀၀ | ၇၀၀၀ | ၆၀၀၀ | ၃၀၀၀ | ၅၀၀၀ | ၁၃၀၀၀ | ၁၆၀၀၀ | ၁၇၀၀၀ | ၃၀၀၀၀ | ၁၂၀၀၀ |
| ၈ | ထားဝယ် | ၃၉၅၀ | | ၆၈၅၀ | ၁၇၀၀၀ | ၆၀၀၀ | ၁၃၅၀၀ | ၃၀၀၀ | ၁၄၀၀၀ | ၁၂၀၀၀ | | ၅၀၀၀ | ၆၀၀ | ၇၉၀၀ | ၇၀၀၀ | ၃၅၀၀ | ၃၂၀၀ | ၄၅၀၀ | ၁၁၀၀၀ | ၁၅၀၀၀ | ၁၈၀၀၀ | ၂၄၀၀၀ | |
| ၉ | မြိတ် | ၄၀၀၀ | | ၆၂၀၀ | ၁၆၀၀၀ | ၆၀၅၀ | ၁၂၄၀၀ | ၃၂၀၀ | ၁၇၇၀၀ | ၁၂၀၀၀ | ၈၂၀၀ | ၇၂၀၀ | ၁၀၀၀ | ၉၂၀၀ | ၇၁၀၀ | ၃၆၀၀ | ၃၄၀၀ | ၄၅၀၀ | ၁၁၅၀၀ | ၁၄၀၀၀ | ၁၉၀၀၀ | ၂၃၅၀၀ | |
| ၁၀ | ရန်ကုန် | ၃၈၀၀ | | ၅၆၀၀ | ၁၆၀၀၀ | ၅၆၀၀ | ၁၅၀၀၀ | ၃၈၀၀ | ၁၈၀၀၀ | ၁၂၀၀၀ | ၁၀၀၀၀ | ၇၀၀၀ | ၈၀၀ | ၇၅၀၀ | ၇၀၀၀ | ၅၀၀၀ | ၂၅၀၀ | ၄၇၀၀ | ၁၂၅၀၀ | ၁၆၀၀၀ | ၁၈၀၀၀ | ၃၀၀၀၀ | ၁၂၀၀၀ |
| ၁၁ | ပုသိမ် | ၃၆၅၀ | | ၅၃၅၀ | ၁၆၀၀၀ | ၅၆၇၀ | ၇၀၀၀ | ၂၆၀၀ | ၁၄၀၀၀ | ၁၂၀၀၀ | ၅၀၀၀ | ၆၀၀၀ | ၃၀၀ | ၆၈၀၀ | ၆၉၀၀ | ၆၀၀၀ | ၂၂၀၀ | ၄၅၀၀ | ၁၃၀၀၀ | ၁၇၀၀၀ | ၁၇၀၀၀ | ၂၅၀၀၀ | ၈၀၀၀ |
| ၁၂ | စစ်တွေ | | | | | | | | | | | | | | | | | | | | | | |
| ၁၃ | ဟားခါး | ၇၀၀၀ | | ၈၅၀၀ | ၁၉၅၀၀ | - | ၄၅၀၀၀ | ၇၀၀၀ | ၂၅၀၀၀ | | | ၄၀၀၀ | ၁၂၀၀ | | ၁၁၅၀၀ | | ၆၀၀၀ | ၆၀၀၀ | ၂၀၀၀၀ | ၂၅၀၀၀ | ၂၀၀၀၀ | | ၂၂၀၀၀ |
| ၁၄ | မုံရွာ | ၃၈၀၀ | ၄၀၀၀ | ၆၄၀၀ | ၁၃၅၀၀ | ၆၂၀၀ | ၁၂၀၀၀ | ၂၅၀၀ | ၁၃၅၀၀ | ၁၂၀၀၀ | ၁၀၅၀၀ | ၄၀၀၀ | ၈၀၀ | ၆၉၀၀ | ၇၂၀၀ | ၄၀၀၀ | ၂၈၀၀ | ၄၂၀၀ | ၉၅၀၀ | ၁၇၀၀၀ | ၁၆၀၀၀ | ၂၀၀၀၀ | ၁၀၀၀၀ |
| ၁၅ | မန္တလေး | ၄၅၀၀ | | ၇၀၀၀ | ၁၄၀၀၀ | ၆၀၅၀ | ၁၁၀၀၀ | ၃၀၀၀ | ၁၅၀၀၀ | ၁၂၀၀၀ | ၆၅၀၀ | ၈၀၀၀ | ၈၀၀ | ၈၂၀၀ | ၆၈၀၀ | ၆၀၀၀ | ၂၈၀၀ | ၄၄၀၀ | ၁၂၀၀၀ | ၁၈၀၀၀ | ၁၆၀၀၀ | ၂၄၀၀၀ | ၁၃၀၀၀ |
| ၁၆ | ပခုက္ကူ | ၄၀၀၀ | | ၆၃၀၀ | ၁၃၀၀၀ | ၅၈၀၀ | ၁၄၀၀၀ | ၂၆၀၀ | ၁၅၀၀၀ | ၁၂၀၀၀ | ၈၅၀၀ | ၄၅၀၀ | ၇၀၀ | ၇၅၀၀ | ၈၃၀၀ | ၄၀၀၀ | ၂၄၀၀ | ၄၅၀၀ | ၁၄၀၀၀ | ၁၉၀၀၀ | ၁၇၀၀၀ | ၂၀၀၀၀ | ၉၅၀၀ |
| ၁၇ | မကွေး | ၃၄၀၀ | | ၆၅၀၀ | ၁၄၀၀၀ | ၆၀၀၀ | ၁၂၅၀၀ | ၂၈၀၀ | ၁၆၀၀၀ | ၁၂၀၀၀ | ၈၅၀၀ | ၅၀၀၀ | ၇၀၀ | ၆၅၀၀ | ၆၄၀၀ | ၃၂၀၀ | ၂၈၀၀ | ၄၂၀၀ | ၁၂၅၀၀ | ၁၄၀၀၀ | ၁၄၀၀၀ | ၁၆၀၀၀ | ၁၂၀၀၀ |
| ၁၈ | ပြည် | ၃၄၀၀ | | ၅၃၀၀ | ၁၄၀၀၀ | ၅၇၀၀ | ၁၈၀၀၀ | ၃၂၀၀ | ၂၀၀၀၀ | ၁၂၀၀၀ | | ၆၀၀၀ | ၆၀၀ | ၇၀၀၀ | ၇၀၀၀ | ၃၀၀၀ | ၃၄၀၀ | ၃၈၀၀ | ၁၅၀၀၀ | ၂၀၀၀၀ | ၁၅၀၀၀ | ၂၅၀၀၀ | ၁၃၀၀၀ |
| ၁၉ | ပဲခူး | ၃၃၀၀ | | ၅၅၀၀ | ၁၄၀၀၀ | ၅၇၀၀ | ၁၅၀၀၀ | ၂၇၀၀ | ၁၆၀၀၀ | ၁၂၀၀၀ | ၆၀၀၀ | ၄၅၀၀ | ၄၅၀ | ၇၅၀၀ | ၆၃၀၀ | ၃၇၀၀ | ၂၅၀၀ | ၄၄၀၀ | ၁၀၀၀၀ | ၁၅၀၀၀ | ၁၅၀၀၀ | ၂၃၀၀၀ | ၇၀၀၀ |
| ၂၀ | ပျဉ်းမနား | ၃၆၅၀ | | ၆၆၀၀ | ၁၄၀၀၀ | ၅၆၀၀ | ၁၂၀၀၀ | ၂၆၀၀ | ၁၅၀၀၀ | ၁၂၀၀၀ | ၆၀၀၀ | ၆၀၀၀ | ၅၀၀ | ၇၅၀၀ | ၆၀၀၀ | ၄၀၀၀ | ၂၅၀၀ | ၄၄၀၀ | ၁၂၀၀၀ | ၁၆၀၀၀ | ၁၆၀၀၀ | ၂၅၀၀၀ | ၁၀၀၀၀ |
| ၂၁ | နေပြည်တော် | ၃၆၅၀ | | ၆၆၀၀ | ၁၄၀၀၀ | ၅၆၀၀ | ၁၃၀၀၀ | ၂၈၀၀ | ၁၆၅၀၀ | ၁၂၀၀၀ | ၆၂၀၀ | ၆၂၀၀ | ၅၀၀ | ၇၅၀၀ | ၆၂၀၀ | ၄၂၀၀ | ၂၅၀၀ | ၄၄၀၀ | ၁၂၀၀၀ | ၁၆၀၀၀ | ၁၆၀၀၀ | ၂၆၀၀၀ | ၁၀၀၀၀ |
| ၂၂ | ကလေး | ၃၆၀၀ | ၃၈၀၀ | | ၁၅၀၀၀ | ၇၀၀၀ | ၂၄၀၀၀ | ၄၅၀၀ | ၁၃၀၀၀ | ၁၄၀၀၀ | ၆၀၀၀ | ၇၀၀၀ | ၁၀၀၀ | ၉၅၀၀ | ၇၅၀၀ | ၄၀၀၀ | ၅၀၀၀ | ၄၀၀၀ | ၁၆၀၀၀ | ၂၂၀၀၀ | ၂၂၀၀၀ | | ၁၄၀၀၀ |

# ပြည်သူ့ကြားက ပြည်သူ့စကား အစီအစဉ်ထုတ်လွှင့်မည်

**နေပြည်တော် မတ် ၂၅**

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက် စကားသံများအား သဇင် FM ၏ "ပြည်သူ့ကြားက ပြည်သူ့စကား" အစီအစဉ်မှ **"စစ်ရာဇဝတ်မှုများ ကျူးလွန်နေကြသည့် အကြမ်းဖက်သမားများ"** ခေါင်းစဉ်ဖြင့် မတ် ၂၇ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်သည်။

လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **"အကြမ်းဖက်သမားများကြောင့် တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုခွင့်ဆုံးရှုံးခဲ့သူများအတွက် နိုင်ငံတော်မှ အထူးအစီအစဉ်ဖြင့် ဆောင်ရွက်ပေးမှု"** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၉၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ကြောင်းနှင့် ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များအား လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် မတ် ၂၅**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၄ ခုနှစ် မတ် ၂၄ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက် စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့် "Aung Khant Phyo" Facebook အကောင့်၊ Telegram အကောင့်၊ TikTok အကောင့်များပိုင်ရှင်ဖြစ်သူ မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ် မဟာမြိုင်ရပ်ကွက်(၂) နေ အောင်ခန့်ဖြိုးအား မွန်းတည့် ၁၂ နာရီတွင် မဟာအောင်မြေမြို့မရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ထိုင်းတက္ကသိုလ်ပေါင်းစုံပညာရေးပြပွဲ ရန်ကုန်မြို့၌ကျင်းပမည်

**ရန်ကုန် မတ် ၂၅**

ထိုင်းတက္ကသိုလ်ဘွဲ့ရ မြန်မာကျောင်းသားများ အသင်း၊ Association of Myanmar Alumni from Universities in Thailand(AMAUT) က ကြီးမှူး၍ ထိုင်းနိုင်ငံအတွင်းရှိ နိုင်ငံတကာအဆင့်မီတက္ကသိုလ်များစွာ ပါဝင်ပြသမည့် (၇)ကြိမ်မြောက်ထိုင်းတက္ကသိုလ်ပေါင်းစုံပညာရေးပြပွဲကို လာမည့်ဧပြီ ၇ ရက် နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိ ရန်ကုန်မြို့ ကမ္ဘာအေးဘုရားလမ်းရှိ ဆီဒိုးနားဟိုတယ်၌ ကျင်းပပြုလုပ်မည်ဖြစ်ကြောင်း သိရသည်။

ယင်းပညာရေးပြပွဲတွင် ထိုင်းနိုင်ငံမှ နိုင်ငံတကာအဆင့်မီ နာမည်ကျော်တက္ကသိုလ် ၃၀ ကျော် ပါဝင်ပြသမည်ဖြစ်ပြီး မြန်မာကျောင်းသား ကျောင်းသူများအနေဖြင့် တက္ကသိုလ်၊ ကောလိပ်များ၊ ပညာရေးအဖွဲ့အစည်းများ၏ ကိုယ်စားလှယ်များထံမှ သတင်းအချက်အလက်များကို တစ်ပြိုင်နက်တည်း ရယူနိုင်မည်ဖြစ်သည်။ တက္ကသိုလ်ပေါင်းစုံ ပညာရေးပြပွဲတွင် Thailand International Cooperation Agency (TICA) ၊Mahanakorn University of Technology International College (MUIC) ၊ Sirindhorn International Institute of Technology (SIIT), Thammasat University, Thailand၊ Thammasat Business School, (TBS) ၊Office of International Affairs, Thammasat University ၊ The Faculty of Economics, Thammasat University၊St Teresa International University ၊ Bangkok University တို့ကဲ့သို့ နာမည်ကျော်တက္ကသိုလ်များပါဝင်ကြကြောင်းလည်း သိရသည်။

မြန်မာကျောင်းသား ကျောင်းသူများအနေဖြင့် ကွန်ရက်များ ချိတ်ဆက်နိုင်မည့် ပညာရေးပြပွဲသို့ မည်သူမဆို ဝင်ကြေးအခမဲ့ဖြင့် လာရောက်လေ့လာနိုင်မည်ဖြစ်ပြီး ထိုင်းတက္ကသိုလ်အများအပြားနှင့် တိုက်ရိုက်ဆွေးနွေးမှုများ ပြုလုပ်နိုင်မည်ဖြစ်ကြောင်း သိရသည်။

**အာကာစိုး**

# မန္တလေး၌ ကျင်းပသည့် ရိုးရာသူရဲကောင်းတို့ရဲ့ စီးချင်းထိုးပွဲတွင် ကျော်စွာဝင်း (မြန်မာ)က ဖွာဆိုလ(ထိုင်း)ကို တတိယအချီတွင် အလဲထိုးဖြင့်အနိုင်ရရှိ

**မန္တလေး မတ် ၂၅**

MYANMAR WARRIOR GROUP (MWG) က စီစဉ်ကျင်းပသည့် မန္တလာမြေမှ ရိုးရာသူရဲကောင်းတို့ရဲ့စီးချင်းထိုးပွဲ အမည်ရ မြန်မာ့ရိုးရာလက်ဝှေ့ပြိုင်ပွဲကြီးကို မတ် ၂၄ ရက် မွန်းလွဲ ၁ နာရီက မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ်ရှိ မန္တလာသီရိလက်ဝှေ့ရုံ (MANDALAR THIRI MULTI PURPOSE STADDIUM)၌ တွဲဆိုင်းရှစ်ဆိုင်းဖြင့် ကျင်းပသည်။

ပြိုင်ပွဲတွင် သုံးမိနစ်ထိုး နှစ်မိနစ်နား လေးချီ စိန်ခေါ်ပွဲ နှစ်ပွဲ၊ ငါးချီ စိန်ခေါ်ပွဲ ခြောက်ပွဲပါဝင်သည်။

လေးချီ စိန်ခေါ်ပွဲများတွင် စောငမောက် (ဒို့ရိုးရာ) နှင့် ကရင်လေး (ဖွဲ့ကပင်မြေ)၊ တိုင်းကျော် (M2K) နှင့် အောင်ထွန်းဗိုလ် (ဒို့ရိုးရာ) တွဲဆိုင်းများ အကြိတ်အနယ်ယှဉ်ပြိုင်ပြီး ပူးတွဲသရေရလဒ်ထွက်ပေါ်သည်။

ငါးချီ စိန်ခေါ်ပွဲများတွင် အောင်ထက်ဦး (ဒို့ရိုးရာ) နှင့် မိုးဟိန်း (ဘီလပ်မြေစက်ရုံ)၊ ရဲလင်းဦး (ဝမ်ချုံး) နှင့် နက္ခတ်မင်း (ဖွဲ့ကပင်မြေ)၊ အာရှနဂါး (ကျည်စံနဂါး) နှင့် စောဂျွန် (နဂါးမာန်)၊ အောင်ခိုင် (ဘီလပ်မြေစက်ရုံ) နှင့် စောမင်းအောင် (တောင်ကလေး) တို့ပွဲများ အကြိတ်အနယ်ယှဉ်ပြိုင်၍ သရေရလဒ်ထွက်ပေါ်သည်။

ဒုတိယ ခေါင်ပွဲအဖြစ် ရန်နိုင်ထွန်း (ဖွဲ့ကပင်မြေ) က သက်ဝင်းအောင် (360-Sports) ကို စတုတ္ထအချီ ၁ မိနစ် စက္ကန့် ၄၀ တွင် ပွဲသိမ်းခတ်ခြေဖြင့် အနိုင်ရရှိသည်။

ခေါင်ပွဲအဖြစ် ကျော်စွာဝင်း မြန်မာ (M2K) က ဖွာဆိုလ (ထိုင်း) ကို တတိယအချီ ၁ မိနစ် ၆ စက္ကန့်တွင် အလဲထိုးဖြင့် အနိုင်ရရှိသည်။ ကျော်စွာဝင်းသည် ရှုံးပွဲမရှိစံချိန်ကို ဆက်လက်ထိန်းသိမ်းသွားသည်။

**ခင်ခင်ဝင်း(ပညာရေး)**

## ယနေ့ဈေးကွက်ပေါက်ဈေးများ ၂၅ - ၃ - ၂၀၂၄

စက်သုံးဆီ(လက်လီဈေးနှုန်းများ)

| စက်သုံးဆီ | (ရန်ကုန်) | (မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၂၄၃၅ ကျပ် | ၂၄၈၅ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၂၄၈၀ ကျပ် | ၂၅၃၀ ကျပ် |
| အောက်တိန်း ၉၂ | ၂၇၉၅ ကျပ် | ၂၈၄၅ ကျပ် |
| အောက်တိန်း ၉၅ | ၂၉၀၀ ကျပ် | ၂၉၅၀ ကျပ် |

(Moon Sun စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

ညီညီ - စုစည်းသည်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈၄၀၀ | ၈၄၀၀ | ၂၃၄၅ | ၁၉၆၉၈၀၀၀ |
| MTSH | ၂၈၅၀ | ၂၈၅၀ | ၁၆၈၈၄ | ၄၈၁၁၉၄၀၀ |
| MCB | ၇၇၀၀ | ၇၇၀၀ | ၂၄၆ | ၁၈၉၄၂၀၀ |
| FPB | ၁၅၀၀ | ၁၄၅၀ | ၆၈၂ | ၉၈၉၄၅၀ |
| TMH | ၀ | ၀ | ၀ | ၀ |
| EFR | ၁၇၅၀ | ၁၇၅၀ | ၃၇၀ | ၆၄၇၅၀၀ |
| AHPC | ၄၇၀၀ | ၄၈၀၀ | ၄၇ | ၂၁၇၄၀၀ |
| MAEPC | ၁၈၀၀ | ၁၈၀၀ | ၁၂၅၇ | ၂၂၃၉၆၅၀ |

မြန်မာ့အလင်း

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - မြင့်စိုး
သတင်းထောက်မှူး - ခင်ရတနာ
စာတည်းများ - ကြည်ဝင်း၊ ဝင်းကျော်
ဘာသာပြန်စာတည်း - ခြူးစန္ဒီနွေး၊ တင်လင်းအောင်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂)
အငယ်တန်းသတင်းထောက်များ - ဇော်ဝိုင်းအောင်၊ ဝေသူနွယ်၊ ခင်ဖြူထွေး
ဓာတ်ပုံသတင်းထောက် - တင်စိုး
သုတေသန - အိအိခင်နှင့် အဖွဲ့
စာပြင် - အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News

# ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျ နေပြည်တော်ရှိ အစိုးရစက်မှုလက်မှုသိပ္ပံနှင့် နည်းပညာတက္ကသိုလ်တို့၌ ကျောင်းသားများ စိတ်အေးချမ်းပျော်ရွှင်စွာ စာမေးပွဲဖြေဆိုနေမှုများကို ကြည့်ရှုအားပေး



**နေပြည်တော် မတ် ၂၅**

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျသည် ယနေ့တွင် ပြည်ထောင်စုနယ်မြေ နေပြည်တော်ရှိ အစိုးရစက်မှုလက်မှုသိပ္ပံရှိ စာမေးပွဲခန်းများတွင် အင်ဂျင်နီယာဘာသာရပ်နှင့် သင်တန်းနှစ်များအလိုက် ကျောင်းသား ကျောင်းသူများ စိတ်အေးချမ်းပျော်ရွှင်စွာ စာမေးပွဲဖြေဆိုနေမှုများကို ကြည့်ရှုအားပေးပြီး ဒုတိယဝန်ကြီးက ကျောင်းသား ကျောင်းသူများ စိတ်အေးချမ်းပျော်ရွှင်စွာ စာမေးပွဲဖြေဆိုနိုင်ရေးနှင့် စာမေးပွဲစည်းကမ်းများအတိုင်း အောင်မြင်စွာ ကျင်းပပြီးစီးနိုင်ရေး ဆက်လက်ဆောင်ရွက်သွားရန် မှာကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် လက်တွေ့ခန်းများနှင့် ကျောင်းဝင်းသန့်ရှင်းသာယာလှပရေး ဆောင်ရွက်ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးကာ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များတွင် လက်တွေ့ကျကျ အထောက်အကူပြုနိုင်မည့်နည်းပညာရှင်များကို အရည်အသွေးစံနှုန်းများနှင့်အညီ စဉ်ဆက်မပြတ် ပျိုးထောင်ပေးနိုင်ရေး အလေးထားဆောင်ရွက်သွားရန်နှင့် လိုအပ်သည်များကို မှာကြားသည်။

**စာမေးပွဲဖြေဆိုနေမှု ကြည့်ရှုအားပေး**

ဆက်လက်၍ ဒုတိယဝန်ကြီးသည် နေပြည်တော် နည်းပညာတက္ကသိုလ်သို့ ရောက်ရှိပြီး စာမေးပွဲခန်း အသီးသီးတွင် ကျောင်းသား ကျောင်းသူများ စိတ်အေးချမ်းပျော်ရွှင်စွာ စာမေးပွဲဖြေဆိုနေမှုများကို ကြည့်ရှုအားပေးရာ အဆင့်မြင့်သိပ္ပံနှင့် နည်းပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများက ကျောင်းသား ကျောင်းသူများ၏ ဖြေဆိုမှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။ ထို့နောက် ဒုတိယဝန်ကြီးသည် လက်တွေ့ခန်းများတွင် သင်ထောက်ကူပစ္စည်းများ ဖြည့်ဆည်းထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ဖြည့်စွက်မှာကြားသည်။

**စဉ်ဆက်မပြတ်လေ့လာ**

ယင်းနောက် ဒုတိယဝန်ကြီးသည် တာဝန်ရှိသူများနှင့် တွေ့ဆုံပြီး နိုင်ငံတကာနှင့်ရင်ပေါင်တန်းကာ နည်းပညာဖွံ့ဖြိုးတိုးတက်မှု နောက်ကျမကျန်ခဲ့ရအောင် စဉ်ဆက်မပြတ် လေ့လာဆောင်ရွက်ကြရန်၊ ပြည်သူများအတွက် အမှန်တကယ် အကျိုးပြုနိုင်သည့် စွမ်းရည်မြင့် နိုင်ငံ့ဝန်ထမ်းကောင်းများဖြစ်စေရေးတို့အတွက် အရည်အသွေးများကို အစဉ်ဆန်းစစ်၍ မြှင့်တင်ကြရန်၊ တိုင်းကျိုးပြည်ပြုသုတေသနများဖြင့် ရှင်သန်သက်ဝင်ကာ Ranking မြင့် သုတေသနအခြေပြု တက္ကသိုလ်ဖြစ်စေရေး ကြိုးပမ်းဆောင်ရွက်ရန်၊ ပြည်သူများက ယုံကြည်အားထားရသည့် ဗလငါးတန်နှင့်ပြည့်စုံသော နိုင်ငံ့မျိုးဆက်သစ် အင်ဂျင်နီယာကောင်းများ ပေါ်ထွန်းလာစေရေး အလေးထားဆောင်ရွက်ရန် တိုက်တွန်းမှာကြားကြောင်း သိရသည်။

**သတင်းစဉ်**

# အင်္ဂပူမြို့နယ်တွင် စစ်မှုထမ်းဆောင်ရန် စာရင်းပေးသွင်းခံရသူ ထွက်ပြေးသွားသည့်အတွက် လူစားထိုးရန် သိန်း ၇၀ တောင်းခံနေကြောင်း သတင်းတု၊ သတင်းအမှားများကို မဟုတ်မမှန်လုပ်ကြံရေးသားဖြန့်ဝေလျက်ရှိ



**နေပြည်တော် မတ် ၂၅**

ဧရာဝတီတိုင်းဒေသကြီး အင်္ဂပူမြို့နယ် ကွင်းကောက်ကျေးရွာ၌ စစ်မှုထမ်းဆောင်ရန် စာရင်းပေးသွင်းခံရသူ လူငယ်တစ်ဦး ထွက်ပြေးသွားသည့်အတွက် လူစားထိုးရန် အဆိုပါလူငယ်၏ အဘွားဖြစ်သူထံ ကျေးရွာအုပ်ချုပ်ရေးမှူးက ကျပ်သိန်း ၇၀ တောင်းခံနေကြောင်း သတင်းတု၊ သတင်းအမှားများကို တရားမဝင် ပြည်ဖျက်မီဒီယာ Mizzima က ပြည်သူများ အထင်အမြင်လွဲမှားစေရန် မဟုတ်မမှန် လုပ်ကြံရေးသား ဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။

အဆိုပါ သတင်းနှင့်ပတ်သက်၍ ဒေသခံပြည်သူတစ်ဦး၏ ပြောကြားချက်အရ ကွင်းကောက်ကျေးရွာမှ စစ်မှုထမ်းဆောင်ရန် စာရင်းပေးသွင်းခံရသည့် လူငယ်တစ်ဦး ထွက်ပြေးခြင်းနှင့် ၎င်း၏ အဘွားဖြစ်သူထံ ကျပ်သိန်း ၇၀ တောင်းခံနေသည့် သတင်းများမှာ ဟုတ်မှန်မှုမရှိကြောင်း သိရှိရသည်။

ပြည်သူ့ စစ်မှုထမ်းဥပဒေ စတင်အာဏာတည်သည့်နေ့မှစ၍ တရားမဝင် ပြည်ဖျက်မီဒီယာများက ပြည်သူများ စိုးရိမ်ထိတ်လန့်စေရန် လုပ်ကြံသတင်းများ ရေးသားဖြန့်ဝေခြင်း၊ သတင်းတု၊ သတင်းအမှားများဖြင့် မဟုတ်မမှန် စွပ်စွဲရေးသားခြင်းနှင့် အကြမ်းဖက်သမားများက ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေးအဖွဲ့အစည်းများကို ခြိမ်းခြောက်အကျပ်ကိုင်ခြင်း စသည့်အဖျက်အမှောင့်လုပ်ငန်းများကို ရည်ရွယ်ချက်ရှိရှိ လုပ်ဆောင်လျက်ရှိပြီး နိုင်ငံသူ၊ နိုင်ငံသားများ စစ်ပညာတတ်ကျွမ်းနားလည်ပြီး နိုင်ငံတော်ကာကွယ်ရေးတာဝန်များကို ထမ်းဆောင်ရန် ပြည်ဖျက်မီဒီယာများနှင့် အကြမ်းဖက်သမားများက ကြောက်ရွံ့ ထိတ်လန့်နေသည့်အတွက် မဟုတ်မမှန် လုပ်ကြံရေးသားနေခြင်းသာ ဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# မကွေးထောင်တွင် အကျဉ်းသားများကို ဝက်ကျွေးသည့်ဆန်များ ချက်ကျွေးနေသည်ဟု မဟုတ်မမှန်လုပ်ကြံရေးသား

**နေပြည်တော် မတ် ၂၅**

မကွေးဗဟိုအကျဉ်းထောင်၌ အကျဉ်းသားများကို ဝက်ကျွေးသည့်ဆန်များ ချက်ကျွေးနေသည်ဟု DVB TV News Facebook Page က မတ် ၂၀ ရက်က မဟုတ်မမှန် လုပ်ကြံရေးသားဖော်ပြထားသည်ကို တွေ့ရှိရသည်။

ယင်းဖြစ်စဉ်နှင့် ပတ်သက်၍ မကွေးဗဟိုအကျဉ်းထောင် တာဝန်ရှိသူက ရိက္ခာဆန် လုံလောက်မှုရှိပြီး ဝက်ကျွေးသော ဆန်ကို ချက်ပြုတ်ကျွေးမွေးသည်ဆိုသည်မှာ မှန်ကန်မှုမရှိကြောင်း၊ အကျဉ်းသား/ အကျဉ်းသူများကို သတ်မှတ်ရိက္ခာနှုန်းထားများအတိုင်း အပြည့်အဝ ချက်ပြုတ်ကျွေးမွေးလျက်ရှိကြောင်း၊ အကျဉ်းသားများစားသုံးမည့် ဆန်ကို အဖွဲ့ဖြင့်စနစ်တကျ တင်ဒါခေါ်ယူပြီး တင်ဒါအောင်မြင်သော ကုမ္ပဏီမှ ဆန်လာပို့ပါက ရိက္ခာဆန် လက်ခံရေးအဖွဲ့ဖြင့် စနစ်တကျ စိစစ်လက်ခံပြီးမှ ချက်ပြုတ်ကျွေးမွေးလျက်ရှိကြောင်း ပြောကြားသည်။

မကွေးဗဟိုအကျဉ်းထောင်တွင် အကျဉ်းသား/ အကျဉ်းသူများအား ဝက်ကျွေးသည့် ဆန်များ ချက်ပြုတ်ကျွေးနေသည်ဟူသည့် DVB TV News Facebook Page ၏ ရေးသားဖော်ပြမှုသည် ဌာန၏ ဂုဏ်သိက္ခာထိခိုက်စေလိုသည့် သဘောဖြင့် မဟုတ်မမှန် လိမ်ညာရေးသားထားခြင်းဖြစ်သည့်အပြင် ပြည်သူလူထု ထင်ယောင်ထင်မှားဖြစ်စေရန် အဖျက်အမှောင့် ရည်ရွယ်ချက်ဖြင့် ရေးသားဖော်ပြထားခြင်းဖြစ်သည်။

**ရွှေရည်**

✪ *ကျော့ဖုံးမှ*

ဆုဖလားကို သိမ်းပိုက်နိုင်ခဲ့သည်။

နိုင်ခြေအဆင့် (၃) ရှိ ကိုကိုဂေါ့ဖ်သည် မိုင်ယာမီအိုးပင်း ၁၆ ဦး အဆင့်တွင် ပြင်သစ်တင်းနစ်မယ် ကာရိုလိုင်း ဂါစီယာနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ ဂါစီယာသည် မိုင်ယာမီအိုးပင်းတင်းနစ်ပြိုင်ပွဲ ၃၂ ဦးအဆင့်တွင် ဂျပန်တင်းနစ်မယ် အိုဆာကာကို ၇-၆၊ ၇-၄၊ ၇-၅ ဖြင့် နိုင်ပွဲရရှိကာ ၁၆ ဦးအဆင့်သို့ တက်လှမ်းနိုင်ခဲ့သူဖြစ်သည်။



မိုင်ယာမီအိုးပင်း တင်းနစ်ပြိုင်ပွဲ ၁၆ ဦး အဆင့်သို့ ကိုကိုဂေါ့ဖ် **(ဓာတ်ပုံ)**နှင့်အတူ နာမည်ကြီး တင်းနစ်မယ် များဖြစ်သည့် ဆွီယာတက်ခ်၊ ရှိုင်ဘာကီနာ၊ ဘော်လ်တာ၊ အဇာရင်ကာ၊ ကောလင်းတို့ကို တက်လှမ်းနိုင်ခဲ့သည်။ **အောင်ဇော်**

❒ *ကျော့ဖုံးမှ*

မြန်မာ့လက်ရွေးစင်အသင်းနည်းပြချုပ် ဖိုက်အွန်ဘိုင်နာသည် ဆီးရီးယားအသင်းနှင့် အဝေးကွင်းပွဲအတွက် ကစားသမား ၂၂ ဦး ခေါ်ဆောင်သွားပြီး ဂိုးသမား- ကျော်ဇင်ဖြိုး (ရှမ်းယူနိုက်တက်)၊ ပြည့်ဖြိုးအောင်၊ ဆန်းဆက်နိုင် (ရန်ကုန်ယူနိုက်တက်)၊ နောက်တန်း-ဟိန်းဇေယျာလင်း၊ ဒေးဗစ်ထန် (ရှမ်းယူနိုက်တက်)၊ ကောင်းထက်ပိုင်၊ ငြိမ်းချမ်း (Dagon Port)၊ ဟိန်းဖြိုးဝင်း၊ (ရတ်ချာဘူရီ-ထိုင်း)၊ စိုးမိုးကျော် (ဖနွမ်းပင်ခရောင်း - ကမ္ဘောဒီးယား)၊ သက်ဟိန်းစိုး၊ ဖွဲ့ခန့်မင်း၊ ခွန်ကျော်ဇင်ဟိန်း (ရှမ်းယူနိုက်တက်)၊ အလယ်တန်း - ရန်နိုင်ဦး၊ ဇော်ဝင်းသိန်း (ရန်ကုန်ယူနိုက်တက်)၊ ကျော်မင်းဦး (PDRM-မလေးရှား)၊ နေမိုးနိုင် (ဟံသာဝတီ)၊ လွင်မိုးအောင် (Rayong-ထိုင်း)၊ ဟိန်းထက်အောင် (နီဂျီရီဆီဘီလန်-မလေးရှား)၊ ရှေ့တန်း-အောင်သူ (အူထိုင်းထာနီ-ထိုင်း)၊ မောင်မောင်လွင် (လမ်ဖွန်ဝါရီယာ-ထိုင်း)၊ အောင်ကောင်းမာန် (နာခွန်ရတ်ချာစီမာ - ထိုင်း)၊ ဥက္ကာနိုင် (ရန်ကုန်ယူနိုက်တက်)တို့ ပါဝင်သည်။

မြန်မာအသင်း သည် မတ် ၂၁ ရက်က ရန်ကုန်မြို့၌ ကစားသည့် ပထမအကျော့ပွဲတွင် တစ်ဂိုးစီ သရေကျခဲ့သဖြင့် အဝေးကွင်းပွဲတွင်လည်း ရမှတ်ရယူနိုင်ရန် ကြိုးပမ်းလျက်ရှိသည်။ ဒုတိယအဆင့်ခြေစစ်ပွဲကို အုပ်စုကိုးခုခွဲ၍ ကျင်းပလျက်ရှိပြီး ပထမအကျော့အပြီးတွင် အုပ်စု (ခ) ၌ ဂျပန်အသင်းက ကိုးမှတ်၊ ဆီးရီးယားအသင်းက လေးမှတ်၊ မြောက်ကိုရီးယား အသင်းက သုံးမှတ်၊ မြန်မာအသင်းက တစ်မှတ်ရရှိထားသည်။

မြန်မာအသင်းသည် ပထမအကျော့ပွဲများတွင် ဂျပန်အသင်းကို အဝေးကွင်း၌ ငါးဂိုး - ဂိုးမရှိ၊ မြောက်ကိုရီးယားအသင်းကို အိမ်ကွင်း၌ ခြောက်ဂိုး-တစ်ဂိုးဖြင့် အရေးနိမ့်ပြီး ဆီးရီးယားအသင်းကို အိမ်ကွင်း၌ တစ်ဂိုးစီသရေကျခဲ့သည်။ ဒုတိယအကျော့ လက်ကျန်နှစ်ပွဲကို ဇွန်လတွင် ဆက်လက်ကျင်းပမည်ဖြစ်သည်။ **ရဲရင့်လွင်**

**ဓာတ်ပုံ - MFF**



မြန်မာ့လက်ရွေးစင်အသင်း လေ့ကျင့်နေစဉ်။

## PDF Game ဆော့ကစားခြင်းကြောင့် ဥပဒေအရအရေးယူခံရနိုင်သည်

အကြမ်းဖက်လုပ်ငန်းများဆောင်ရွက်နေသည့် PDF အဖွဲ့များအား တစ်ဖက်တစ်လမ်းမှ ထောက်ပံ့လှူဒါန်းစေရန်၊ လူငယ်လူရွယ်များ၏ မသိစိတ်များအတွင်း တပ်မတော်အပေါ် အထင်အမြင်လွဲမှားစေရန်နှင့် တော်လှန်လိုစိတ် တိုးပွားလာစေရန် စသည့်ရည်ရွယ်ချက်များဖြင့် NUG,CRPH လက်အောက်ခံ အကြမ်းဖက်အဖွဲ့အစည်းများက PDF Game Application များ တီထွင်ဖန်တီး အသုံးပြုလျက်ရှိကြောင်း စိစစ်တွေ့ရှိရသည့်အတွက် PDF Game ဆော့ကစားခြင်းသည် အကြမ်းဖက်အဖွဲ့အား ထောက်ပံ့ခြင်းဖြစ်၍ ဥပဒေအရ အရေးယူခံရနိုင်ကြောင်း အသိပေးအပ်ပါသည်။

## စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်တွင်းအခွန်များဦးစီးဌာန

## ပြေစာများအပေါ်၌ အခွန်အမှတ်တံဆိပ်ကပ်နှိပ်ခြင်းနှင့်စပ်လျဉ်း၍ လုပ်ငန်းရှင်များနှင့် စားသုံးသူ ပြည်သူများ လိုက်နာဆောင်ရွက်ရန် အသိပေးနှိုးဆော်ခြင်း

၁။ အောက်ဖော်ပြပါလုပ်ငန်းရှင်များသည် တည်ဆဲကုန်သွယ်လုပ်ငန်းခွန်စည်းမျဉ်း ၄၀၊ စည်းမျဉ်း ခွဲ(က)၊ စည်းမျဉ်းခွဲ ငယ်(၃)ပါ ပြဋ္ဌာန်းချက်နှင့်အညီ အခွန်အမှတ်တံဆိပ်ကပ်နှိပ်ထားသည့်ပြေစာဖြင့် ရောင်းရငွေ/ဝန်ဆောင်မှုရငွေနှင့်အတူ ကျသင့်ကုန်သွယ်လုပ်ငန်းခွန်ကို စားသုံးသူပြည်သူများထံမှ တစ်ပါတည်း ကောက်ခံပေးရန် တာဝန်ရှိသကဲ့သို့ ကောက်ခံရရှိသော ထိုကုန်သွယ်လုပ်ငန်းခွန်များကို သက်ဆိုင်ရာအခွန်ရုံးများသို့ ပေးသွင်းရန်တာဝန်ရှိပါသည်-

(က) စားသောက်ဆိုင်လုပ်ငန်းရှင်များ၊
(ခ) ဟိုတယ်နှင့် တည်းခိုခန်းလုပ်ငန်းရှင်များ၊
(ဂ) ရုပ်သံလွှင့်မီဒီယာလုပ်ငန်းရှင်များ၊
(ဃ) ရွှေထည်လက်ဝတ်ရတနာရောင်းချသည့်လုပ်ငန်းရှင်များ၊
(င) လက်ကိုင်ဖုန်း( Handset ) နှင့် ဆက်စပ်ပစ္စည်းများ ရောင်းချ/ဝန်ဆောင်မှုဆောင်ရွက်သည့်လုပ်ငန်းရှင်များ။

၂။ ပြေစာ သို့မဟုတ် ငွေလက်ခံရရှိကြောင်းအထောက်အထားများတွင် သတ်မှတ်ချက်များနှင့်အညီ အခွန်အမှတ် တံဆိပ်ကပ်နှိပ်ရန်ပျက်ကွက်ခြင်းတို့အတွက် သတင်းပေးတင်ပြသူက စာရွက်စာတမ်းအထောက်အထားဖြင့်ဖြစ်စေ၊ အသံဖိုင်အထောက်အထားဖြင့်ဖြစ်စေ တင်ပြလာခြင်းဖြစ်ပါက သတင်းပေးတင်ပြသူအား တပ်ရိုက်သည့် ဒဏ်ကြေးငွေ၏ ၃၀ ရာခိုင်နှုန်းကိုလည်းကောင်း၊ လက်ကိုင် ဖုန်း(Handset)များအပေါ်တွင် သတ်မှတ်ချက်များနှင့်အညီ အခွန်အမှတ်တံဆိပ်ကပ်နှိပ်ရန် ပျက်ကွက်ခြင်းအတွက် သတင်းပေးတင်ပြသူအား ၂၀ ရာခိုင်နှုန်းကိုလည်းကောင်း ဆုကြေးငွေအဖြစ် ချီးမြှင့်မည်ဖြစ်ပါသည်။

၃။ စားသုံးသူပြည်သူများအနေဖြင့် အထက်ပါလုပ်ငန်းရှင်များထံသို့ ကျသင့်ငွေပေးချေချိန်တွင် အခွန်အမှတ်တံဆိပ်ကပ်ထားသောပြေစာကို တောင်းယူခြင်းဖြင့်လည်းကောင်း၊ လုပ်ငန်းရှင်များက လည်း စားသုံးသူက တောင်းခံသည်ဖြစ်စေ၊ မတောင်းခံသည်ဖြစ်စေ၊ အခွန်အမှတ်တံဆိပ်ကပ်နှိပ်ထား သောပြေစာများကိုသာ မဖြစ်မနေထုတ်ပေးခြင်းဖြင့်လည်းကောင်း ပူးပေါင်းပါဝင်လိုက်နာဆောင်ရွက်ကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

ပြည်တွင်းအခွန်များဦးစီးဌာန

### ပတ်စ်ပို့ပျောက်

ပဲခူးမြို့၊ ဟသ်ာကုန်း၊ (၁၉)ရပ်ကွက်နေ (ဘ)ဦးကျော်စိုး၏ သမီး မယဉ်ယဉ်ပြုံး ၇/ပခန(နိုင်)၂၇၁၆၉၀ ၏ နိုင်ငံကူးလက်မှတ်အမှတ် (မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉- ၇၈၂၃၈၄၆၉၆

### ပတ်စ်ပို့ပျောက်

(ဘ)ဦးမောင်အောင်မြင့်၏ သမီး ဒေါ်ခင်မာညို ၁၁/မဥန(နိုင်) ၀၈၁၈၇၅ ၏ နိုင်ငံကူးလက်မှတ်အမှတ် (MB. 481753)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၆၉၄၈၂၃၈၈

### ကန့်ကွက်နိုင်ပါကြောင်း

တောင်ကြီးမြို့၊ ဘုရားဖြူရပ်ကွက်၊ ရေထွက်ဦးလမ်း၊ အကွက်အမှတ်(၈၂)၊ ကွင်း/အကွက်အမှတ်နှင့်အမည် ၁၄၂/ဘုရားဖြူမြောက်ရပ်၊ ဦးပိုင်အမှတ် (၁၀၉-က)၊ ဧရိယာ(၀ဒသမ၁၈၆)ကေရှိ ဦးမောင်မောင်နိုင် ပိုင်ဆိုင်သော ဂရန်အမှုတွဲအမှတ်(၆၃/၂၀၁၂) နှင့်တောင်ကြီးမြို့၊ ဘုရားဖြူရပ်ကွက်၊ ရေထွက်ဦးလမ်း၊ အကွက်အမှတ်(၈၃)၊ ကွင်း/အကွက်အမှတ်နှင့်အမည် ၁၄၂/ဘုရားဖြူမြောက်ရပ်၊ ဦးပိုင်အမှတ်(၁၁၀)၊ ဧရိယာ(၀ဒသမ၁၂၉)ကေရှိ ဦးမောင်မောင်နိုင် ပိုင်ဆိုင်သော ဂရန်အမှုတွဲအမှတ်(၂၉/၂၀၂၄) ရှိ မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့အား ဦးမောင်မောင်နိုင် ၁၃/တကန(နိုင်)၀၅၀၄၇၉ထံမှ ဦးမြတ်သူ ၁၃/တကန(နိုင်) ၁၄၉၀၃၀ က ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

ဦးမြတ်သူ
(ဖုန်း-၀၉-၅၅၃၃၄၄၅)

### ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၀)ရပ်ကွက်၊ ဇေယျာ(၁၅)လမ်း၊ အမှတ်(၄၇၂)ဟုခေါ်တွင်သော(၂)ခန်းတွဲ (၆)ထပ်တိုက် အဆောက်အအုံ၏ တတိယထပ် (၄)လွှာ ခြေရင်းခန်း၊ အကျယ်အဝန်း (၁၉'x၅၅') ပေ အကျယ်ရှိ တိုက်ခန်းအပါအဝင် နေထိုင်ခွင့်၊သုံးစွဲခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ် အားလုံးတို့ကို ပိုင်ဆိုင်သော ဒေါ်ဆက်မွန်အိ ၁၂/စခန(နိုင်)၀၆၀၉၄၀ကို စရန်ငွေတစ်ချို့ကို ပေးချေထားပြီးဖြစ်ရာ ကန့်ကွက်လိုသူများရှိပါက တရားဝင်စာရွက်စာတမ်း အထောက်အထားနှင့်တကွ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ဒေါ်ငုဝါခိုင် ၁၂/ဥကတ(နိုင်) ၁၅၂၇၅၂
အမှတ်(၂၄၀)၊ (၁၂)လမ်း၊ (၃)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊
ဖုန်း-၀၉-၇၄၀၈၁၀၈၀၀

## တာချီလိတ်နှင့် လွိုင်လင်မြို့နယ်တို့၌ မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် မတ် ၂၅**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မတ် ၂၄ ရက် ညနေ ၄ နာရီတွင် တာချီလိတ်မြို့နယ် မိုင်းဟဲ(အောက်)ကျေးရွာအုပ်စု၊ ယန်းခေါင်ကျေးရွာရှိ စက်ဝင်း၏ နေအိမ်ကို ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀၊ ဘိန်းဖြူ သုည ဒသမ ၀၃ ကီလို သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်အရ ညနေ ၅ နာရီတွင် တာချီလိတ်မြို့နယ် လွယ်တော်ခမ်းကျေးရွာအုပ်စု၊ ဂျောပကျေးရွာရှိ လီယောင်(ခ)အလီ၏ နေအိမ်ကို ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၆၆၀၀၀ ကိုလည်းကောင်း၊ ထိုနေ့ မွန်းလွဲ ၂ နာရီခွဲတွင် လွိုင်လင်မြို့နယ် ပန်ဝိုးကျေးရွာအုပ်စု ဟိုတင့်ကျေးရွာအနီးတွင် ခွန်အောင်နိုင် မောင်းနှင်ပြီး ခွန်မောင်ထွန်း လိုက်ပါလာသည့် TOYOTA MARK II အမျိုးအစား မော်တော်ယာဉ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၃၄၀၀ သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။ **ရဲပြန်ကြား**

**အိမ်ပြင်ပ၌ထွန်းသော မီးများကို နေ့အလင်းရောင် ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 7W/98637, Jialing -90 ယာဉ်လက်ဝယ်ရှိသူ ဦးငွေးလှိုင် ၅/စကန(နိုင်)၀၂၉၅၁၅ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ခရိုင်ရုံး
(စစ်ကိုင်း)

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 7I/8540, Isuzu NKR 81E, Light Truck (4x2) ယာဉ်လက်ဝယ်ရှိသူ ဦးဇာနည်မျိုးဝင်း ၁၂/အစန(နိုင်) ၁၈၁၄၆၉က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊တိုင်းဒေသကြီးရုံးခွဲ
(ရွာသာကြီး)ရန်ကုန်မြို့

❖ *ကျောဖုံးမှ*

ထို့ပြင်မူးယစ်ဆေးဝါးသယ်ဆောင်လေ့ရှိသည့် လမ်းကြောင်းများ၌ စစ်ဆေးရှာဖွေဖော်ထုတ် ဖမ်းဆီးမှုများအား တိုးမြှင့်လုပ်ဆောင်မှုများကြောင့် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးလျက်ရှိသည့် သောင်းကျန်းသူအဖွဲ့များနှင့် မူးယစ်ဂိုဏ်းများသည် ရေကြောင်း၏ အားသာချက်ကို အသုံးချကာ ရေလမ်းကြောင်းများမှတစ်ဆင့် သယ်ယူ ပို့ဆောင်လာသည်ကို တွေ့ရှိရသည်။

**ဖမ်းဆီးရမိ**

၂၀၂၄ ခုနှစ် မတ် ၂၁ ရက် ညနေပိုင်းအချိန်တွင် စစ်တွေမြို့နေ AA သောင်းကျန်းသူအဖွဲ့ ထောက်ပံ့ရေးတာဝန်ခံ တရားခံပြေး **သန့်ဇင်ဦး**သည် ဘူးသီးတောင်မြို့နေ AA သောင်းကျန်းသူအဖွဲ့ ထောက်ပံ့ရေးတာဝန်ခံ တရားခံပြေး **မေယုထွန်း**နှင့် ချိတ်ဆက်၍ မူးယစ်ဆေးဝါးများကို ရန်ကုန်မြို့မှတစ်ဆင့် စစ်တွေမြို့နှင့် ဘူးသီးတောင်မြို့များသို့ ပို့ဆောင်နေကြောင်း တာဝန်သိပြည်သူများ၏ သတင်းပေးချက်အရ လုံခြုံရေးတပ်ဖွဲ့ဝင်များသည် တာမွေမြို့နယ် မေတ္တာညွန့်ရပ်ကွက် စက်မှု(၅)လမ်း၊ အိမ်အမှတ် (၃၀၁)သို့ ဝင်ရောက်စစ်ဆေးရှာဖွေခဲ့ရာ မူးယစ်ဆေးဝါးများ သယ်ယူပို့ဆောင်ပေးသည့် တရားခံ **ထွန်းသိန်းအောင်**နှင့် ၎င်း၏ ဇနီးဖြစ်သူ **စုမြတ်ဝေ**တို့နှစ်ဦးကို ဖမ်းဆီးရမိခဲ့သည်။

**စိတ်ကြွရူးသွပ်ဆေးပြား တစ်သန်း**

ဖမ်းဆီးရမိ တရားခံများ၏ ထွက်ဆိုချက်အရ ယင်းနေ့ ညပိုင်းအချိန်တွင် မရမ်းကုန်းမြို့နယ် ဘုရင့်နောင်ဆိပ်ကမ်းရှိ အမှတ်(၂) တံတား၌ ဆိုက်ကပ်ထားသော ရန်ကုန် - စစ်တွေ ပြေးဆွဲသည့် **"အမ်ဗွီ - စိန်ပြည့်မင်း"** ကုန်တင်သင်္ဘောအား ဝင်ရောက်ရှာဖွေစစ်ဆေးခဲ့ရာ ကတ္တူဖာများအတွင်း၌ WY စာတန်းပါ (ပန်းရောင်) စိတ်ကြွရူးသွပ်ဆေးပြား တစ်သန်း၊ ကာလတန်ဖိုးငွေကျပ် တစ်ဘီလီယံခန့်ကို ထပ်မံသိမ်းဆည်းရမိခဲ့သည်။

**ထွက်ဆိုချက်အရ**

ဖမ်းဆီးရမိတရားခံ **စုမြတ်ဝေ**၏ ထွက်ဆိုချက်အရ မတ် ၁၄ ရက်တွင် စစ်တွေမြို့ ဘောက်သီးစု ရပ်ကွက်နေ အစ်မဝမ်းကွဲ၏ ခင်ပွန်းဖြစ်သူ တရားခံပြေး **သန့်ဇင်ဦး**မှ မူးယစ်ဆေးဝါးများအား ရန်ကုန်မြို့မှ စစ်တွေမြို့သို့ ပို့ဆောင်ပေးပါက ငွေကျပ်သိန်း ၂၀၀ ပေးမည်ဟု ပြောကြားသောကြောင့် ခင်ပွန်းဖြစ်သူ **ထွန်းသိန်းအောင်**နှင့် တိုင်ပင်ကာ သဘောတူ လက်ခံခဲ့ကြောင်း၊ မတ် ၂၀ ရက်တွင် တရားခံပြေး **သန့်ဇင်ဦး**၏သား တရားခံပြေး **ကျော်ပိုင်သူ** လာရောက်ပို့ဆောင်ပေးသည့် မူးယစ်ဆေးဝါးများအား "ဂေါ်ဇီလာ" ဆပ်ပြာတောင့်များနှင့်အတူ ရောနှောထုပ်ပိုးပြီး ကတ္တူဖာများအတွင်း ထည့်ကာ ရခိုင်ပြည်နယ် စစ်တွေမြို့သို့ ပို့ဆောင်ရန် မရမ်းကုန်းမြို့နယ် ဘုရင့်နောင်ဆိပ်ကမ်းရှိ အမှတ်(၂) တံတား၌ ဆိုက်ကပ်ထားသော ရန်ကုန်-စစ်တွေ ပြေးဆွဲသည့် **"အမ်ဗွီ-စိန်ပြည့်မင်း"** ကုန်တင်သင်္ဘောပေါ်သို့ တင်ဆောင်ပေးခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်။

**ဖမ်းဆီးရမိမှု ကိုးကြိမ်**

AA သောင်းကျန်းသူအဖွဲ့အနေဖြင့် ၎င်းတို့အဖွဲ့ ရပ်တည်နိုင်ရေးနှင့် လက်နက်/ ခဲယမ်းများ ဝယ်ယူဖြည့်တင်းနိုင်ရေးအတွက် လိုအပ်သော ငွေကြေးများ ရရှိနိုင်ရန် အနာဂတ်မျိုးဆက်သစ်လူငယ်များအပါအဝင် လူသားမျိုးနွယ်တစ်ခုလုံးကို အန္တရာယ်ဖြစ်စေသည့် မူးယစ်ဆေးဝါး သယ်ဆောင်ရောင်းဝယ်မှုများကို ကျယ်ပြန့်စွာ ဆောင်ရွက်လျက်ရှိကြောင်း၊ ၂၀၁၆ ခုနှစ်မှစ၍ ယနေ့အထိ AA သောင်းကျန်းသူအဖွဲ့နှင့် ဆက်စပ်ပတ်သက်သည့် မူးယစ်ဆေးဝါး ဖမ်းဆီးရမိမှုမှာ ကိုးကြိမ်ရှိပြီး သိမ်းဆည်းရမိ မူးယစ်ဆေးဝါး ကာလတန်ဖိုး ၂၉၄ ဒသမ ၈၂ ဘီလီယံကျပ်ဖြစ်ကြောင်း တွေ့ရှိရသည်။

**သတင်းပေးတိုင်ကြားနိုင်**

သို့ဖြစ်၍ တရားခံများအား ဥပဒေအရ ထိရောက်စွာအရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ တရားခံပြေး **သန့်ဇင်ဦး**နှင့် **ကျော်ပိုင်သူ** အပါအဝင် ဆက်စပ်တရားခံများအား ဖော်ထုတ်ဖမ်းဆီးရမိရေး ဆက်လက် ဆောင်ရွက်လျက်ရှိကြောင်းနှင့် မူးယစ်ဆေးဝါး သယ်ဆောင်သည့် သတင်းများရရှိပါက သက်ဆိုင်ရာသို့ လျှို့ဝှက်စွာ သတင်းပေး တိုင်ကြားနိုင်ပါကြောင်း၊ သတင်းပေးသူနှင့် ပူးပေါင်းပါဝင် ဖမ်းဆီးပေးသူများအား ထိုက်တန်စွာလျှို့ဝှက်၍ ဆုငွေများ ချီးမြှင့်ပေးမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိသည့် မရမ်းကုန်းမြို့နယ် ဘုရင့်နောင်ဆိပ်ကမ်းရှိ "အမ်ဗွီ-စိန်ပြည့်မင်း" ကုန်တင်သင်္ဘော။

## ပိုးသတ်ဆေးဖြန့်ဖြူးသူ ပြောင်းလဲခြင်းအတွက် ကြေညာခြင်း

ပြည်ပထုတ်လုပ်သူ Zhejiang Zhongshan Chemical Industry Group Co., Ltd မှ မြန်မာနိုင်ငံပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့တွင် မှတ်ပုံတင်ထားသော အောက်ဖော်ပြပါဆေးပစ္စည်းကို ပြည်တွင်းမူလဖြန့်ဖြူးသည့် Zhongshan Myanmar Co., Ltd မှ Gold & Super Co., Ltd သို့ ဖြန့်ဖြူးသူ ပြောင်းလဲ၍ တင်သွင်းဖြန့်ဖြူးရောင်းချမည် ဖြစ်ပါသည်။

| စဉ် | မူလဖြန့်ဖြူးသူ အမည် | ကုန်သွယ်မှု အမည် | အဆိပ်ရှိပစ္စည်း အမျိုးအစား | မှတ်ပုံတင် အမျိုးအစား | မှတ်ပုံတင် အမှတ် | ပြောင်းလဲလိုသည့် ဖြန့်ဖြူးသူအမည် |
|---|---|---|---|---|---|---|
| ၁။ | Zhongshan Myanmar Co., Ltd | Leto 700 SL | 2,4-D Dimethylamine salt 70% SL | Provisional | P2023-6249 | Gold & Super Co., Ltd |

သို့ဖြစ်ပါ၍ အဆိုပါဖြန့်ဖြူးသူပြောင်းလဲခြင်းကို ကန့်ကွက်လိုပါက တွဲဖက်အတွင်းရေးမှူး မြန်မာနိုင်ငံ ပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့ သီးနှံကာကွယ်ရေးဌာနခွဲ၊ အနောက်ကြို့ကုန်း၊ အင်းစိန်မြို့နယ်သို့ ဤကြော်ငြာပါသည့်ရက်မှစ၍ နှစ်ပတ်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**Gold & Super Co., Ltd (လိပ်စာ-၄၃လမ်းနှင့် ၅၇လမ်းထောင့်၊ ရဲမွန်တောင်ရပ်ကွက်၊ အမှတ် မ-၁၄/၁ ၊ မဟာအောင်မြေမြို့နယ် မန္တလေးမြို့။**
**ဖုန်း-၀၉-၄၀၃၇၂၃၈၅၄**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 69W/47383, Honda Wave 110 ယာဉ်လက်ဝယ်ရှိသူ Yin Min San Co.,Ltdက (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(မိတ္ထီလာမြို့)**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
## ဗိုလ်တထောင်ခရိုင်တရားရုံးတော်၌
## ၂၀၂၃ ခုနှစ်၊ တရားမကြီးမှုအမှတ်-၁၄၀

ဦးတင်မြင့် နှင့် ၁။ ဒေါ်ခင်ခင်
၂။ ဦးနေဝင်း
၃။ ဦးအောင်ဆန်းလွင်
၄။ ဒေါ်အေးအေးမာ
၅။ ဒေါ်ပရဝင်း
၆။ ဦးနေဝင်း

(တရားလို) (တရားပြိုင်များ)

ရန်ကုန်တိုင်းဒေသကြီး၊ ဒလမြို့နယ်၊ ကမာကသွယ်ရပ်ကွက်၊ ရာဇသင်္ကြန်(၁၁)လမ်း၊ အမှတ်၁၃၅ (ဒုတိယမြောက်အခန်း)နေ (၁)တရားပြိုင် ဒေါ်ခင်ခင်နှင့် ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ဗိုလ်မင်းရောင်လမ်း၊ ၃-လွှာ၊ အမှတ် (၁၂၉) နေ (၆) တရားပြိုင် ဦးနေဝင်း Asia Win Construction (ယခုနေရပ်လိပ်စာမသိသူ) တို့ သိစေရမည်

သင့်အပေါ်၌ တရားလိုက "အမွေပုံစီမံခန့်ခွဲပေးစေလိုမှု" ရလိုမှု လျှောက်ထားစွဲဆို ချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၄ ခုနှစ်၊ ဧပြီလ(၂၄)ရက်၊ (၁၃၈၆ ခုနှစ်၊ တန်ခူးလဆုတ် ၁ ရက်)နေ့မွန်းမတည့်မီ (၁၀:၀၀)နာရီတွင် အထက်အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကိုထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်က ဆိုခဲ့သည့်နေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် သက်ဆိုင်သည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၄ ခုနှစ်၊ မတ်လ ၂၅ရက်နေ့ ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ခင်ညွန့်ရှင်)**
**ဒုတိယခရိုင်တရားသူကြီး(၂)**
**ဗိုလ်တထောင်ခရိုင်တရားရုံး**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊အင်းစိန်မြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်(၇-D)၊လူနေရပ်ကွက်အမှတ်(နံ့သာကုန်း)၊ မြေကွက်အမှတ်(၁၇/ဗ-၂)ဟုခေါ်တွင်သော မြေအလျား x အနံ ( ၆၅'.၆" / ၇၀' x ၅၀' / ၅၀' ) ရှိ မြေပိုင်မြေကွက်ကြီးနှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ဖြင့် တရားဝင်ဝယ်ယူ ပိုင်ဆိုင်ထားသူ ဦးကျော်သန်း (၁၂/အစန(နိုင်) ၀၂၆၀၃၀)ကွယ်လွန်သဖြင့် မြန်မာ့ဓလေ့ထုံးတမ်းဥပဒေနှင့် အညီ တရားဝင်အမွေဆက်ခံပိုင်ခွင့်ရှိသည့်သားသမီးများဖြစ်သော ဦးကျော်နိုင် (၁၂/အစန(နိုင်) ၀၀၁၄၅၄)၊ ဒေါ်အိအိခင် (၁၂/အစန(နိုင်) ၀၀၂၀၅၅)တို့ထံမှ ကျွန်ုပ်မိတ်ဆွေ ဦးပိုင်စိုးဦး (၁၂/အစန(နိုင်) ၁၈၈၁၀၃) က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့ တိကျခိုင်လုံသော တရားဝင် စာချုပ်စာတမ်းမူရင်းများနှင့်တကွ ယခုကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းနေ့ကျော်လွန်က အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဗိုလ်ဗိုလ်ဇော် LL.B,D.B.L,D.M.L**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၄၆၉၈/၂၀၁၈)**
**အမှတ်(၁၁၃၀)၊ (၁၅)လမ်း၊ (၇)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ဖုန်း-၀၉- ၄၅၀၀၃၅၀၇၀**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၉၁)၊ မြေကွက်အမှတ် (၄၀၈)၊ ဇလွန်မြစ်လမ်း၊ အကျယ်အဝန်း (၄၀ပေ X ၆၀ပေ)ရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား အမည်ပေါက်ပိုင်ဆိုင်သူ ဦးလှဦး(ခ)ဦးကျင်ဟုတ်ထံမှ ရန်ကုန်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် လွှဲအပ်ယူထားသည့် အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်(၁၅၄၂/၂၀၁၈)အရ ဦးမျိုးသိန်းထိုက် ၁၂/အစန(နိုင်)၀၆၂၃၃၅မှ ရောင်းချပိုင်ခွင့်ရှိကြောင်း ကမ်းလှမ်းလာပါသဖြင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူကဝယ်ယူရန် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေခဲ့ပြီးဖြစ်ပါသည်။

ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍(၇)ရက်အတွင်း ခိုင်မာသောစာချုပ်စာတမ်း အထောက်အထား(မူရင်း)များနှင့်တကွ ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းအများ သိစေရန်အသိပေး ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်အေးမြမွန် (LL.B, LL.M) အထက်တန်းရှေ့နေ (စဉ်-၃၄၆၇၉)**
**အမှတ်(၆)၊ ၄လွှာ(ယာ)၊ ၁၂၃-လမ်း၊ သပြေကုန်းရပ်ကွက်၊မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၇၉၅၆၈၃၃၇၈**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

